# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


## မိမိအဖို့ အကျိုးများနိုင်

သူတစ်ပါး၏ အပြစ်အနာအဆာကို မကြည့်ပါနှင့်။ မိမိအဖို့ အရေးကြီးသည်ကား မိမိကောင်းမှုကို လည်းကောင်း၊ မကောင်းမှုကို လည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရာ၏။ သူတစ်ပါးအပြစ်ကို ကြည့်ခြင်းထက် မိမိအပြစ်ကို ကြည့်ခြင်းက သာလျှင် မိမိအဖို့ အကျိုးများနိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ - ၅၀)


၁၃၇၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၀ ရက် ၂၀၁၇ ခုနှစ်၊ မေ ၂၀ ရက်၊ စနေနေ့၊ အတွဲ (၅၆)၊ အမှတ်(၂၂၉)




(၆၉)ကြိမ်မြောက် တိပိဋကဓရတိပိဋကကောဝိဒရွေးချယ်ရေး စာမေးပွဲတွင် အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည် အရှင်သူမြတ်အပါး ၉၀ တို့အား ချီးကျူးပူဇော်ပွဲနှင့် အောင်လက်မှတ် ဆက်ကပ်လှူဒါန်းပွဲအခမ်းအနား ကျင်းပစဉ်

# သာသနာ့အာဇာနည်များအား ချီးကျူးပူဇော်ပွဲနှင့် အောင်လက်မှတ် ဆက်ကပ်လှူဒါန်းပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် မေ ၁၉**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ကြီးမှူးကျင်းပခဲ့သော (၆၉)ကြိမ်မြောက် တိပိဋကဓရတိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲတွင် အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည် အရှင်သူမြတ်အပါး ၉၀ တို့ အား ချီးကျူးပူဇော်ပွဲနှင့် အောင်လက်မှတ် ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မရမ်းကုန်းမြို့နယ်ရှိ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ရှေးဦးစွာ တိပိဋကဓရတိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲသြဝါဒါစရိယအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဟသ်ာတမြို့ မိုးကောင်းကျောင်းတိုက်ပဓာနနာယက အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တ သုဓမ္မာစာရာဘိဝံသထံမှ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေးတို့ အမှူးပြုသော ဧည့်ပရိသတ်တို့က ငါးပါးသီလခံယူဆောက်တည်ကြသည်။

*စာမျက်နှာ ၄ ကော်လံ ၁* ❁

## မိုးဆက်လက် ထစ်ချုန်းရွာမည်

**နေပြည်တော် မေ ၁၉**

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကယားပြည်နယ် တို့တွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။ (မိုး/ဇလ)

## မြန်မာ-ဆားဘီးယား နှစ်နိုင်ငံ ဆက်ဆံရေးနှင့်ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

စာ » ၃



## အထက်တန်းအဆင့်သို့ ကူးပြောင်းချိန်တွင် ကြိုက်နှစ်သက်သည့် ဘာသာတွဲ သင်ယူနိုင်မှု ပြန်လည် လေ့လာဆန်းစစ်မည်

စာ » ၆



## ရေမြောင်းပိတ်ဆို့စေသည့် အမှိုက်များ ရှင်းလင်းရေး သက်ဆိုင်ရာဌာန၊ လွှတ်တော်ကိုယ်စားလှယ်များ ပူးပေါင်း၍ ပြည်သူကို စည်းရုံးဆောင်ရွက်

စာ » ၇









## ဇီကာရောဂါနှင့်သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးနှင့် ကုသရေးစီမံဆောင်ရွက်မှုညှိနှိုင်းစည်းဝေး

**နေပြည်တော် မေ ၁၉**

ဇီကာရောဂါနှင့် သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးနှင့် ကုသရေးစီမံဆောင်ရွက်မှု ညှိနှိုင်းအစည်းအဝေး [Consultative Meeting for Zika(Emerging Disease) and Dengue (NTD) Prevention, Control and Case Management] ကို မေ ၁၈ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပရာ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းဝင်းတက်ရောက် အမှာစကားပြောကြားသည်။

ထို့နောက် ဇီကာရောဂါနှိမ်နင်းရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး ပြင်ဆင်ဆောင်ရွက်ထားမှုကို ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းထွန်းအောင်က ရှင်းလင်းတင်ပြပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ Dr . Badri Thapa က Update on Global, Regional Situation of Zika Infection အကြောင်းတို့ကို တင်ပြသည်။

ယင်းနောက် အထူးကုဆရာဝန်ကြီးများ၊ ပါမောက္ခ/ဌာနမှူးများက ဇီကာရောဂါကုသရေး စီမံခန့်ခွဲမှုများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (သွေးလွန်တုပ်ကွေး/ဆင်ခြေထောက်) ဒေါက်တာဇော်လင်းက သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး အမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်း (၂၀၁၆-၂၀၂၀) ကို ရှင်းလင်းတင်ပြရာ တက်ရောက်လာကြသူများက ဝိုင်းဝန်းဆွေးနွေးကြသည်။

ဇီကာရောဂါနှင့်သွေးလွန်တုပ်ကွေးရောဂါကူးစက်မှုနှင့် ဆေးကုသမှုဆိုင်ရာ အသိပညာများအား မျှဝေပြီး ကာကွယ်နှိမ်နင်းရေးနှင့် ကုသရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ထိထိရောက်ရောက် အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန်၊ ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ကျန်းမာရေးဌာနအားလုံးနှင့် နီးနွယ်ဝန်ကြီးဌာနများ၊ အစိုးရမဟုတ်သောလူမှုရေးအဖွဲ့အစည်းများ ပူးပေါင်းပါဝင်ဆောင်ရွက်မှုကို မြှင့်တင်ရန်နှင့် ရောဂါမဖြစ်ပွားအောင် ကြိုတင်ကာကွယ်သောနည်းလမ်းများအား ပြည်သူလူထုသိရှိနိုင်စေရေးအတွက် ကျန်းမာရေးအသိပညာများ မြှင့်တင်ပေးရန်တို့ကို ရည်ရွယ်၍ ယခုအစည်းအဝေးကို ကျင်းပရခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီပြိုင်ပွဲဝင်လက်ရာများစိစစ်



**ပဲခူး မေ ၁၉**

အကြိမ် (၂၀)မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ ပြိုင်ပွဲဝင်လက်ရာများ စိစစ်ရွေးချယ်ပွဲအခမ်းအနားကို မေ ၁၇ ရက်က ပဲခူးမြို့ လိပ်ပြာကန်ရပ်ကွက်ရှိ ရဲရိပ်သာ၌ ကျင်းပသည်။

အခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီး ဒုတိုင်းတပ်ဖွဲ့မှူး ရဲမှူးကြီး ခင်ကျော်၊ မူးယစ်တပ်ဖွဲ့စု(၃၆)ပဲခူးမှ ဒုရဲမှူး မြင့်လွင်နှင့် ပြိုင်ပွဲဝင်လက်ရာများ ရွေးချယ်စိစစ်ရေးအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပြီး ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား ရွေးချယ်ခဲ့ကြောင်း သိရသည်။

**သန့်စင် (ပဲခူး)**

### ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

၁၉-၅-၂၀၁၇

**ခင်ရတနာ-စုစည်းသည်။**

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၇၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၅၄၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၇၅၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၆၇၅/၆၉၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၆၈၅/၇၀၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၂၅/၇၄၀ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၆၉၅/၇၁၅ ကျပ် | (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၇ ．၀ |
| ဥရောပ | တစ်ယူရို | ၁၅၂၆ ．၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၈၂ ．၃၂ |
| ထိုင်းဘတ် | တစ်ဘတ် | ၃၉ ．၆၂ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ ．၃၁ |
| တရုတ် | တစ်ယွမ် | ၁၉၈ ．၆၄ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၅ ．၈၉ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်းမှူး | - | မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - | မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ခင်ရတနာ၊သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

မြန်မာ့အလင်း

# ပြည်သူ့အကျိုးကိုရည်မျှော် လူသာစုခေါ်၊ နတ်သာစုခေါ်

ဈေးကွက်ထောက်လှမ်းရေးဟူသော အစီအစဉ်တစ်ရပ်ကို မကြာသေးမီရက်ပိုင်းအတွင်းက နေပြည်တော်နှင့် ရန်ကုန်မြို့တို့၌ ပြုလုပ်ခဲ့သည်။ ဈေးကွက်အတွင်းရောင်းချနေသည့် စားသောက်ကုန်များနှင့် လူသုံးကုန်၊ အလှကုန်များကို ဝယ်ယူစားသုံးနေကြရသည့် စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းစွာ ဝယ်ယူစားသုံးနိုင်ရေးအတွက် ရည်ရွယ်ပြုလုပ်ခြင်းဖြစ်သည်။ အဆိုပါ အစီအစဉ်ကို အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနနှင့် သက်ဆိုင်ရာဌာနများ ပူးပေါင်း၍ဆောင်ရွက်ခြင်းဖြစ်သည်။

ကနဦးစစ်ဆေးမှုများအတွင်း မြန်မာ့ရိုးရာစားစရာများဟုဆိုရမည့် ကွမ်းသီး၊ လက်ဖက်၊ မှျစ်၊ မှျစ်ချဉ်၊ မုန့်ဖတ်၊ ခေါက်ဆွဲ၊ ငါးပိ စသည်တို့တွင် ချွတ်ဆေး၊ တာရှည်ခံဆေး၊ အရောင်ဆိုးဆေး စသည့် စားသုံးသူကို ဘေးအန္တရာယ်ဖြစ်ပွားစေနိုင်သည့် ဓာတုပစ္စည်းများ သုံးစွဲထားသည်ကို တွေ့ရှိရကြောင်း သတင်းများကြားသိရသည်။ ထို့အပြင် သားငါး၊ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများတွင်လည်း မပုပ်မသိုးစေသည့်ဆေး၊ ပိုးသတ်ဆေး၊ ပဋိဇီဝဆေးများ အသုံးပြုမှုရှိ မရှိ၊ အလှကုန်များတွင် ခဲဓာတ်နှင့် ပြဒါးဓာတ်များ သုံးစွဲထားခြင်းရှိ မရှိ၊ ဆေးဝါးများတွင်လည်း အရည်အသွေးမပြည့်ဝသည့် ဆေးများ၊ ဆေးဝါးအတုများ၊ စံနှုန်းမကိုက်ညီသည့်ဆေးဝါးများ ရောင်းချနေခြင်းရှိ မရှိတို့ကိုလည်း ရှောင်တခင်ကွင်းဆင်းစစ်ဆေးမှုများ စဉ်ဆက်မပြတ် ပြုလုပ်သွားမည်ဖြစ်သည့်အပြင် နိုင်ငံတစ်ဝန်းလုံးရှိ ဈေးများတွင်လည်း ပြုလုပ်သွားမည်ဖြစ်သည်ဟု ဆိုရာ နိုင်ငံတစ်ဝန်းလုံးရှိ စားသုံးသူပြည်သူအားလုံးက နှစ်ထောင်းအားရစွာ ကြိုဆိုကြမည်သာဖြစ်သည်။ စားသုံးသူများအနေဖြင့် မိမိတို့ပေးဝယ်ကြရသည့်တန်ဖိုးနှင့်အညီ အန္တရာယ်ကင်းရှင်း၍ အရည်အသွေးပြည့်ဝသည့် စားသုံးကုန်၊ ဆေးဝါး၊ အလှကုန်တို့ သုံးစွဲခွင့်ရရှိသင့်ပြီး ယင်းသို့ သုံးစွဲခွင့်ရရှိနိုင်ရန် စစ်ဆေးအရေးယူမှုတို့ ဆောင်ရွက်ခြင်းတွင်လည်း ဝိုင်းဝန်းပူးပေါင်းကူညီကြရမည်ဖြစ်သည်။

ဈေးကွက်အတွင်းရောင်းချနေကြသည့် စားသုံးကုန်နှင့် လူသုံးကုန်၊ ဆေးဝါး စသည်တို့မှာ ပြည်တွင်းထုတ်လုပ်သူ၊ ပြည်ပမှတင်သွင်းသူနှင့် ဈေးကွက်အတွင်း ရောင်းချသူတို့မှတစ်ဆင့် စားသုံးသူတို့ထံ ရောက်ရှိလာခြင်းဖြစ်ရာ ထုတ်လုပ်မှုနှင့် တင်သွင်းမှုတို့တွင်လည်း တားမြစ်မှု၊ စစ်ဆေးမှု၊ ထိရောက်စွာအရေးယူမှုတို့ပြုခြင်းအားဖြင့် စားသုံးသူ ဘေးအန္တရာယ်သင့်စေသည့် အစားအစာ၊ စံမညီ၊ အရည်အသွေးမမီသည့် ဆေးဝါး၊ သုံးစွဲရန်မသင့်သည့် အလှကုန်များ စသည်တို့ကို တားမြစ်နိုင်မည်ဖြစ်သည်။

မည်သို့ပင်ဆိုစေ နေပြည်တော်နှင့် ရန်ကုန်ရှိ ဈေးကွက်များအတွင်း ဖြန့်ဖြူးရောက်ရှိနေသော အသားငါး၊ သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်၊ စားသောက်ကုန်၊ ဆေးဝါးတို့ကို ရှောင်တခင်ဝင်ရောက်စစ်ဆေးခြင်းများက စားသုံးသူများ၏ ဝမ်းမြောက်ဝမ်းသာ ကြိုဆိုမှုများနှင့်အတူ ထုတ်လုပ်သူ ၊ တင်သွင်းသူ၊ ရောင်းချသူများအကြားတွင်လည်း လှုပ်လှုပ်ခတ်ခတ် ဖြစ်ခဲ့သည်။ စစ်ဆေးမှုတွင် တာဝန်ရှိသူတို့ထံ ချဉ်းကပ်လိုသည့် အရိပ်အယောင်အချို့ရှိကြောင်းကိုလည်း သိရှိရသည်။ စားသုံးသူပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်မှုသည် ပြည်သူကိုဗဟိုပြုဆောင်ရွက်သည့် လူသာစုခေါ်၊ နတ်သာစုခေါ် ဆောင်ရွက်မှုဖြစ်သည့်အလျောက် ပြည်သူ့အကျိုးကိုသာ မျှော်ကိုးဆောင်ရွက်သွားကြမည်ဟု ယုံကြည်မိပါကြောင်း။ ။

## မျက်စိဝေဒနာရှင်များအား အခမဲ့ကုသ

**မင်းတပ် မေ ၁၉**

မင်းတပ်မြို့သို့ ဒေါက်တာမိမိခင် ဦးဆောင်သော(ကိုရီးယား၊ မြန်မာနိုင်ငံ) မျက်စိအထူးကု ပါရဂူကြီးများအဖွဲ့သည် မေ ၁၉ ရက်က မင်းတပ်မြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြုဗဟိုကျောင်းသို့ ရောက်ရှိပြီး သီတဂူဆေးရုံ၌ မျက်စိပြသနေသည့် ဝေဒနာရှင်များအား စမ်းသပ်စစ်ဆေး ကုသပေးလျက်ရှိသည်။

အဆိုပါ မျက်စိကုသရေးအဖွဲ့သည် မျက်စိဝေဒနာရှင်များအား မေ ၂၃ ရက်အထိ အခမဲ့ကုသပေးသွားမည်ဖြစ်ပြီး ယနေ့ စာရင်းပေးသွင်းသည့် လူနာပေါင်း ၆၀၀ ခန့် ရှိကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အာမေးနီးယားခရစ်ယာန်ဘုန်းတော်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၁၉**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာ၊ စင်ကာပူနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံဆိုင်ရာ အာမေးနီးယားခရစ်ယာန်ဘုန်းတော်ကြီး (Armenian Apostolic Orthodox Church) Very Rev. Fr. Zaven Sargis Yazichyan အား ယနေ့နံနက် ၁၀ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံတွင် လူနည်းစုသာရှိသည့် အာမေးနီးယား အသိုက်အဝန်း နှင့် အာမေးနီးယားဘာသာစကား၊ ယဉ်ကျေးမှုနှင့် အမွေအနှစ်တို့ကို ကြည့်ရှု စောင့်ရှောက်ပေးပါရန် ဆွေးနွေးသည်။

**တွေ့ဆုံအားပေး**

ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် ဘုန်းတော်ကြီးနှင့်အတူ လိုက်ပါလာသော မြန်မာ-အာမေးနီးယားမျိုးနွယ်စု မိသားစုဝင်ဖြစ်သည့် ဦးရစ်ချက်မိုင်းနက်စ်နှင့် ဒေါ်ရေချယ်မိုင်းနက်စ် တို့ကိုလည်း တွေ့ဆုံအားပေးစကားပြောကြားသည်။

**(သတင်းစဉ်)**



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် မြန်မာ၊ စင်ကာပူနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံဆိုင်ရာ အာမေးနီးယားခရစ်ယာန် ဘုန်းတော်ကြီး** (Armenian Apostolic Orthodox Church) Very Rev. Fr. Zaven Sargis Yazichyan **အဖွဲ့နှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်** (သတင်းစဉ်)

# မြန်မာ-ဆားဘီးယားနှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များဆွေးနွေး



**နေပြည်တော် မေ ၁၉**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ဆားဘီးယားနိုင်ငံ ဝန်ကြီးချုပ် H.E.Mr. Aleksander Vucic ၏ အထူးကိုယ်စားလှယ်၊ ဆားဘီးယားနိုင်ငံ ခေတ္တလက်ထောက်နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Goran Aleksic အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြပြီး ခေတ္တလက်ထောက် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Goran Aleksic သည် ဆားဘီးယား နိုင်ငံဝန်ကြီးချုပ် H.E.Mr. Aleksander Vucic ထံမှ စာအား နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ထံ ပေးအပ်ခဲ့သည်။

**(သတင်းစဉ်)**

**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် ဆားဘီးယားနိုင်ငံ ဝန်ကြီးချုပ်** H.E.Mr. Aleksander Vucic **၏ အထူးကိုယ်စားလှယ်၊ ဆားဘီးယားနိုင်ငံ ခေတ္တလက်ထောက် နိုင်ငံခြားရေးဝန်ကြီး** H.E. Mr. Goran Aleksic **တို့ ဆွေးနွေးစဉ်** (သတင်းစဉ်)

# အမျိုးသားပတ်ဝန်းကျင်ရေးရာ မဟာဗျူဟာမူဘောင် အပြီးသတ်သုံးသပ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် မေ ၁၉**

ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကဏ္ဍများတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ပေါင်းစပ်ဆောင်ရွက်နိုင်ရန်အတွက် လမ်းညွှန်မူဝါဒ မူဘောင်တစ်ခုအဖြစ် ဆောင်ရွက်ပေးနိုင်မည့် အမျိုးသားပတ်ဝန်းကျင်ရေးရာ မဟာဗျူဟာမူဘောင် အပြီးသတ် သုံးသပ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ Grand Amara ဟိုတယ်၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက မိမိတို့အနေဖြင့် အပြီးသတ်ရေးဆွဲပြီးဖြစ်သည့် အမျိုးသားပတ်ဝန်းကျင်ရေးရာ မူဝါဒသည် ၁၉၉၄ ခုနှစ် အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ၊ မြန်မာနိုင်ငံ ၂၁ ရာစု အစီအစဉ်၊ ၂၀၀၉ ခုနှစ် အမျိုးသားရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု၊ ၂၀၀၈ နိုင်ငံတော်ဖွဲ့စည်းပုံနှင့် ၂၀၁၂ ခုနှစ် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေများတွင် ပါရှိသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးတာဝန်များကို အခြေခံထားပြီး အမျိုးသား ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းတွင် ပါဝင်သည့် ပတ်ဝန်းကျင်ဆိုင်ရာ အကြောင်းအရာများနှင့် နိုင်ငံတကာ ပတ်ဝန်းကျင်ရေးရာ သဘောတူညီချက်များတွင်ပါဝင်သည့် မြန်မာနိုင်ငံ၏ ကတိကဝတ်များကို ပေါင်းစပ်ထည့်သွင်းထားပါကြောင်း။

ထို့ပြင် သန့်ရှင်းသောပတ်ဝန်းကျင်နှင့် ကျန်းမာသန်စွမ်းပြီးကောင်းစွာလည်ပတ်နေသည့် ဂေဟစနစ်များ၊ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ပတ်ဝန်းကျင် စီမံခန့်ခွဲရေးများကို အဓိကကဏ္ဍအဖြစ် ထည့်သွင်းခြင်းစသည့်ခေါင်းစဉ်များ ပါဝင်သည့် အဓိကအခြေခံမူ ၂၃ ချက်ကို ထည့်သွင်းသတ်မှတ်ထားပါကြောင်း။

အမျိုးသားပတ်ဝန်းကျင်ရေးရာ မူဝါဒ၊ မဟာဗျူဟာမူဘောင်များသည် အမျိုးသားအဆင့်တွင်သာမက တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးနှင့် ကဏ္ဍအသီးသီးတွင် အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရန် အသေးစိတ်အချက်အလက်များပါဝင်သော ပင်မအစီအစဉ်ကိုလည်း ဆက်လက်ရေးဆွဲသွားရမည် ဖြစ်ပါကြောင်း။

ယနေ့ဆွေးနွေးပွဲမှ ရရှိသည့် ဆွေးနွေးအကြံပြုချက်များကို အခြေခံပြီး ပိုမိုကျစ်လျစ်ခိုင်မာသောအမျိုးသားပတ်ဝန်းကျင်ရေးရာ မဟာဗျူဟာမူဘောင် အပြီးသတ် မူကြမ်းကိုရေးဆွဲသွားနိုင်မည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း၊ အဆိုပါ မဟာဗျူဟာမူဘောင်ကို ယခင်ရေးဆွဲထားပြီးဖြစ်သည့် အမျိုးသားပတ်ဝန်းကျင်ရေးရာ မူဝါဒနှင့်အတူ အတည်ပြုထုတ်ပြန်နိုင်ရန် လုပ်ထုံးများနှင့်အညီ နိုင်ငံတော်သို့ ဆက်လက် တင်ပြသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။ **(အောက်ပုံ)**

ထို့နောက် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်မှ Deputy Country Director Ms. Dawn Dal Rio က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ဆက်လက်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းအေးက မြန်မာနိုင်ငံ၏ သဘာဝပတ်ဝန်းကျင် စီမံခန့်ခွဲမှု အခြေအနေနှင့် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်မှ Mr.Martin Cosier နှင့် ဦးရန်မင်းအောင်တို့က အမျိုးသားပတ်ဝန်းကျင်ရေးရာ မဟာဗျူဟာမူဘောင်၏ ရည်ရွယ်ချက်၊ ဖွဲ့စည်းပုံ၊ ဆက်နွှယ်နေသည့် အစီအစဉ်များ၊ အုပ်ချုပ်မှုဆိုင်ရာ အစီအစဉ်များနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် ညှိနှိုင်းဆွေးနွေးပွဲရလဒ်များကို အကျဉ်းချုပ်ရှင်းလင်းတင်ပြသည်။

ထို့နောက် အမျိုးသားပတ်ဝန်းကျင်ရေးရာ မဟာဗျူဟာမူဘောင် အပြီးသတ်မူကြမ်းကို အတည်ပြုနိုင်ရေးကိစ္စရပ်များ၊ ဆက်နွှယ်နေသည့် အစီအစဉ်များ၊ အုပ်ချုပ်မှုဆိုင်ရာဦးစားပေး အစီအစဉ်များနှင့် မဟာဗျူဟာမူဘောင် မူကြမ်းအပြီးသတ်ဆောင်ရွက်နေမှုများကို အုပ်စုဖွဲ့ဆွေးနွေးကြပြီးရရှိလာသည့် အကြံပြုချက်များကို သက်ဆိုင်ရာ အုပ်စုအလိုက် တင်ပြကြသည်။




အဆိုပါ အမျိုးသားပတ်ဝန်းကျင်ရေးရာ မူဝါဒ၊ မဟာဗျူဟာမူဘောင်နှင့် ပင်မအစီအစဉ် ရေးဆွဲခြင်းများကို မျက်မှောက်ကာလတွင် ရင်ဆိုင်ကြုံတွေ့နေသည့် လေထု၊ ရေထုနှင့်မြေထု ညစ်ညမ်းမှုများ၊ ဘေးအန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းများစသည့် ပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းနိုင်ရန် ဖင်လန်နိုင်ငံအစိုးရ၏ ငွေကြေးပံ့ပိုးမှုနှင့် ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ်၏ နည်းပညာအကူအညီများဖြင့် ၂၀၁၅ ခုနှစ် အောက်တိုဘာလက စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

**(သတင်းစဉ်)**



ဒုတိယသမ္မတ ဦးမြင့်ဆွေ တိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်ရ ဆရာတော် အရှင်ဝီရိယာနန္ဒအား ဘွဲ့တံဆိပ်တော် ဆက်ကပ်စဉ်



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ဘွဲ့တံဆိပ်တော်ရ ဆရာတော်တစ်ပါးအား ဘွဲ့တံဆိပ်တော် ဆက်ကပ်စဉ်



ပြည်ထောင်စုဝန်ကြီး သူရ ဦးအောင်ကို ဘွဲ့တံဆိပ်တော်ရ ဆရာတော်တစ်ပါးအား ဘွဲ့တံဆိပ်တော် ဆက်ကပ်စဉ်



ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း ဘွဲ့တံဆိပ်တော်ရ ဆရာတော် တစ်ပါးအား ဘွဲ့တံဆိပ်တော် ဆက်ကပ်စဉ်

❀ *ရှေ့ဖုံးမှ*

### ပရိယတ္တိသာသနာဖြစ်

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ သာရဏီယဩဝါဒကထာကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာ ဘိဝံသက ဖတ်ကြားချီးမြှင့်တော်မူရာတွင် (၆၉) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲကြီးသို့ ဝင်ရောက်ပြန်ဆို ဖြေဆိုအောင်မြင်တော်မူကြသော သာသနာ့အာဇာနည် အရှင်မြတ်တို့သည် ထူးကဲသောဆန္ဒ၊ ပြင်းထန်သော ဝီရိယ၊ ထက်သန်တက်ကြွသော စိတ်ဓာတ်၊ တောက်ပရဲရင့်သောပညာဉာဏ်လေးဖြာသော အဓိပတိတို့ကို ကိုယ်စီကိုယ်င အပြည့်အဝထားရှိကြလျက် ဝင်ရောက်ဖြေဆို အောင်မြင်တော်မူကြသကဲ့သို့ နိုင်ငံတော်အစိုးရနှင့်တကွ တိုင်းသူပြည်သား ဒါယကာ ဒါယိကာမတို့ဘက်ကလည်း ဓမ္မအရာ၌ အဆင့်အတန်းမြင့်မားသော အရှင်မြတ်တို့ကို ပစ္စယာနုဂ္ဂဟဖြင့် အားပေးချီးမြှောက်ကြသဖြင့် ပရိယတ္တိသာသနာတော်ကြီး ယခုကဲ့သို့ စည်ပင်ပြန့်ပွားလျက်ရှိသည်ကို တွေ့မြင်နေကြရပါကြောင်း၊ သာသနာတော် သုံးရပ်သန့်ရှင်းတည်တံ့ ပြန့်ပွားနိုင်ရေးအတွက် အရေးအကြီးဆုံးမှာ ပရိယတ္တိသာသနာ ဖြစ်ပါကြောင်း။

ပရိယတ္တိသာသနာ မခိုင်ခံ့ဘဲ အားနည်းလာသည့်အခါ အဓမ္မဝါဒ၊ မိစ္ဆာဝါဒရောဂါဆိုးများ ဝင်လာတတ်သကဲ့သို့ အဓိကရဏ်းမှုခင်းစသည်များ ဖြေရှင်းဖို့ရန်နှင့် သာသနာတော် တည်တံ့ပြန့်ပွားရန်မှာလည်း စာပေကျမ်းဂန် ပိဋကတ်တော်ဟူသော ပရိယတ်သာလျှင် အဓိကဖြစ်ပါကြောင်း၊ ပရိယတ်ကို အခြေခံ၍ အားလုံးဖြစ်ပေါ်ရသည်ဖြစ်ရာ ပရိယတ်ကို ထိပါးပုတ်ခတ်စော်ကားလာလျှင် သာသနာကွယ်ပျောက်ဖို့အကြောင်းဖြစ်သဖြင့် သာသနာတော် တစ်ရပ်လုံးကို ထိပါးပုတ်ခတ်စော်ကားသည် မည်ပါကြောင်း၊ ပရိယတ်မခိုင်မာ အားပျော့လျော့နည်းသော နေရာများ၌ အဓမ္မဝါဒ၊ မိစ္ဆာဝါဒတို့ အစုလိုက် အပြုံလိုက် ဝင်လာတတ်ရာ ပရိယတ်မပါဘဲ ပဋိပတ်ကိုအားထုတ်သူသည် မျက်စိမပါဘဲ(အကန်း)လမ်းသွားသည်နှင့်တူနေပါကြောင်း၊ ပရိယတ်မရှိပါက ပဋိပတ္တိ၊ ပဋိဝေဓဟူသော သာသနာတော်နှစ်ရပ်လည်း မရှိနိုင်ပါကြောင်း။

### မျှော်လင့်တောင့်တ

မြတ်စွာဘုရားရှင်၏ သာသနာတော်မြတ်ကြီးအတွင်းဝယ် ပရိယတ် ပဋိပတ် သာသနာ့ဝန်ဆောင် ဆရာတော်ကြီးများက ခုရနှစ်ဖြာကို ဦးဆောင်ကြိုးပမ်းဆောင်ရွက်နေကြသော ယနေ့အချိန်အခါတွင် သာသနာတော် ညှိုးမှိန်ကွယ်ပျောက်အောင် နှောင့်ယှက်ဖျက်ဆီးနေကြသည့် သာသနာ့အတွင်းရန် သာသနာ့အန္တရာယ်များလည်း ရှိနေကြပါကြောင်း၊ ထေရဝါဒ ပိဋကတ်စာပေနှင့် ဆန့်ကျင်သော ဟောပြောမှု၊ မိမိ၏အတွေးအခေါ် သက်သက်အယူအဆများ ထည့်သွင်း၍ ဟောပြောမှု ရေးသားထုတ်ဝေဖြန့်ချိနေသည့် မိုးပြာဂိုဏ်းသား အဓမ္မဝါဒများမှာလည်း ပြန်လည်သက်ဝင် လှုပ်ရှားလျက်ရှိနေကြခြင်းများလည်း တွေ့ရှိနေရပါကြောင်း၊ ထိုကဲ့သို့သော သာသနာ့အန္တရာယ်များကို အချိန်မီပူးပေါင်းကာကွယ် ထိန်းသိမ်းနိုင်ရေးအတွက်လည်း ပရိယတ် စာပေကျွမ်းကျင်တော်မူကြသည့် သံဃာတော်များ စဉ်ဆက်မပြတ်ရှိနေရန်လိုအပ်ပါကြောင်း၊ စဉ်ဆက်မပြတ်ရှိနေမှသာ အဓမ္မဝါဒများ မပြန့်ပွားအောင် ထိန်းသိမ်းစောင့်ရှောက်နိုင်မည် ဖြစ်ပါကြောင်း၊ စာအောင်သာသနာ့ အာဇာနည်အရှင်မြတ်များအနေဖြင့်လည်း သာသနာတော် သန့်ရှင်းရေးအတွက် ဆောင်ရွက်နိုင်ကြလိမ့်မည်ဟု မျှော်လင့်တောင့်တပါကြောင်း။

ရှင်မဟာကဿပ မိန့်တော်မူခဲ့သော စကားတော်သည် အလွန်လေးနက်၍ သာသနာ့ဝန်ထမ်း ရဟန်းတော်များ အမြဲမပြတ် လိုက်နာအပ်သော စကားများ ဖြစ်ပါကြောင်း။

### ပြန့်ပွားရေးဆောင်ရွက်

"ငါ့ရှင်တို့ ဓမ္မဝါဒဖြစ်စေ၊ အဓမ္မဝါဒ ဖြစ်စေ အကြောင်းအားလျော်စွာ အားကောင်းလာတတ်ပါတယ်၊ အကယ်၍ အဓမ္မဝါဒတွေသာ အားကောင်းလာမည်ဆိုလျှင် သာသနာတော်တစ်ရပ်လုံး ပျက်စီးဆုံးရှုံးကြလိမ့်မည်၊ ဒါကြောင့် အဓမ္မဝါဒတွေ အားမကောင်းမီဖြိုဖျက်ရန် ငါတို့မှာ တာဝန်ရှိတယ်၊ ဒါကြောင့် သုတ်၊ ဝိနည်း၊ အဘိဓမ္မာတွေကို သင်္ဂါယနာတင်ကြကုန်စို့"ဟု မိန့်ဆိုတော်မူခဲ့သော စကားကို လေးစားသောအားဖြင့် သုတ်၊ ဝိနည်း၊ အဘိဓမ္မာ တရားဓမ္မများ မပျောက်မပျက်ကြလေအောင် အမြဲမပြတ်ထိန်းသိမ်းစောင့်ရှောက်ကြလျက် သာသနာတော်ကြီး သန့်ရှင်းတည်တံ့ ပြန့်ပွားရေးကို ဆောင်ရွက်တော်မူကြပါဟု တိုက်တွန်းသည်။

ယင်းနောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက သာသနာရေးဆိုင်ရာများကို လျှောက်ထားရာတွင် ယခုနှစ် (၆၉)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲကြီး၌ - အဘိဓမ္မပိဋက အဘိဓမ္မာနောက်ပိုင်း နှစ်ကျမ်းရေးဖြေအောင် အဘိဓမ္မကောဝိဒ၊ တိပိဋကကောဝိဒ အရှင်မြတ် တစ်ပါး၊ ပိဋကနှစ်ပုံ ရေးဖြေအောင် ဒီဃနိကာယ ကောဝိဒအရှင်မြတ် တစ်ပါး၊ ပိဋကနှစ်ပုံ အာဂုံဆောင် ဒီဃဘာဏက အရှင်မြတ် ရှစ်ပါး၊ ပိဋကတစ်ပုံရေးဖြေအောင် ဝိနယကောဝိဒ အရှင်မြတ် ငါးပါး၊ ပိဋကတစ်ပုံ အာဂုံဆောင် ဝိနယဓရ အရှင်မြတ် ၁၇ ပါး၊ ဝိနယပိဋက ဝိနည်းရှေ့ပိုင်း နှစ်ကျမ်း ရေးဖြေအောင် ဥဘတောဝိဘင်္ဂကောဝိဒ အရှင်မြတ် ၁၁ ပါး၊ ဝိနယပိဋက ဝိနည်းရှေ့ပိုင်း နှစ်ကျမ်း အာဂုံဆောင် ဥဘတောဝိဘင်္ဂဓရ အရှင်မြတ် ၄၇ ပါး စုစုပေါင်း အာဂုံ ရေးဖြေအောင်မြင်တော်မူကြသော သာသနာ့အာဇာနည် အရှင်မြတ်အပါး ၉၀ ပေါ်ထွန်းခဲ့ပါကြောင်း။

### ထူးထူးခြားခြားပေါ်ထွန်းလာ

(၆၄)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲကြီးတွင် တိပိဋကဓရ တိပိဋကကောဝိဒ တစ်ပါး ပေါ်ထွန်းခဲ့ပြီးနောက် ယခုနှစ် ကျင်းပပြီးစီးခဲ့သော (၆၉)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီး၌ အဘိဓမ္မပိဋက အဘိဓမ္မာနောက်ပိုင်း နှစ်ကျမ်းကို ရေးဖြေ အောင်မြင်တော်မူခဲ့သော အဘိဓမ္မကောဝိဒ၊ တိပိဋကကောဝိဒ ဘွဲ့လက်မှတ်ခံယူမည့် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် စကားဝါလမ်း တိပိဋကနိကာယကျောင်းတိုက်မှ အရှင်ဝီရိယာနန္ဒသည် ငါးနှစ်ကြာမှ **"တိပိဋကကောဝိဒ"** ဘွဲ့တံဆိပ်အောင်ပန်းကို အရလှမ်းယူနိုင်ခဲ့သော သာသနာ့အာဇာနည် တစ်ပါး ထူးထူးခြားခြားပေါ်ထွန်းလာခဲ့ပါကြောင်း။

### ဖော်ထုတ်ရွေးချယ်ပူဇော်

နိုင်ငံတော်အစိုးရနှင့် တိုင်းသူပြည်သား ဒါယကာ ဒါယိကာမများအဖို့ ပြည်တန် ပတ္တမြားရတနာတစ်လုံးကို လက်ဝယ်ရရှိကြသည့်ပမာ အလွန်တရာ ဝမ်းမြောက်မဆုံး ဂုဏ်ယူလို့မဆုံး ဖြစ်ကြရပါကြောင်း၊ သိပ္ပံပညာ ထွန်းကားသော ယနေ့ခေတ်ကာလတွင် ပုံနှိပ်စာအုပ်များကို ကွန်ပျူတာစက်များ အတွင်း ထည့်သွင်းမှတ်သားထားခြင်း၊ ပြန်လည်၍ ကြည့်ရှုနိုင်ခြင်းများ ပြုလုပ်နေကြသော်လည်း ဆရာတော် သံဃာတော်များသည် ရှေးရှေးသော ရဟန္တာမထေရ်မြတ်ကြီးတို့၏ အစဉ်အလာကို မဖျက်ဘဲ တစ်စုံတစ်ရာ နုတ်ပယ်ခြင်း၊ ဖြည့်စွက်ခြင်းအလျဉ်းမရှိ ပိဋက သုံးပုံကို မူရင်းအတိုင်း အတိအကျနှုတ်ငုံဆောင်ကြသည့် အရှင်မြတ်များနှင့် သဘောရေးဖြေ အောင်မြင်တော်မူကြသော အရှင်မြတ်များကို စာမေးပွဲများ ကျင်းပပြီး ဖော်ထုတ်ရွေးချယ်၍ ပူဇော်မှုများ ပြုလုပ်လျက်ရှိပါကြောင်း။

စာချစာသင်ဂဏ္ဍဓုရကို ကြိုးစားအားထုတ်၍ (၆၉)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးသို့ ဝင်ရောက်ပြန်ဆို ရေးဖြေခဲ့ကြသည့် စာအောင်အရှင်မြတ်များသည် **"ပုဂ္ဂလဝိသေသော ဇာနိတဗ္ဗော"** ကျမ်းဟောအရ မမေ့သင့် မမေ့အပ် မမေ့ထိုက်သော ပုဂ္ဂလဝိသေသ သာသနပါလ ဗျတ္တ ပဋိဗလ ပုဂ္ဂလအာဇာနည် အရှင်မြတ်များလည်း ဖြစ်တော်မူကြရာ **"ဒုလ္လဘော လောကသ္မိံ ပုရိသဇညာ"** ပါဠိအရ လောကတွင် ထူးချွန်ကဲမှောက် ဂုဏ်ထူးမြောက်သဖြင့် လွန်စွာရခဲ တွေ့မြင်ဖူး တွေ့ခဲလှစွာသော ဒုလ္လဘ တစ်ပါးအပါအဝင် ချီးကျူးဂုဏ်ပြုထိုက်သော သာသနာ့အာဇာနည် အရှင်မြတ်များ ဖြစ်တော်မူကြပါကြောင်း။

### တည်တံ့နေမည်

ဤကဲ့သို့ သာသနာ့အာဇာနည် အရှင်မြတ်များကို ပူဇော်ခွင့်ရရှိခြင်းမှာလည်း မြန်မာနိုင်ငံ၌ ရတနာသုံးပါးထင်ရှားရှိနေခြင်းကြောင့်ပင် ဖြစ်ပါကြောင်း၊ ပရိယတ္တိစာပေများကို အားသွန်ကြိုးပမ်း သင်အံကျက်မှတ်၍ အာဂုံဆောင်နိုင်သော သာသနာ့အာဇာနည် အရှင်မြတ်တို့ အစဉ်မပြတ်ရှိနေသမျှကာလပတ်လုံး ထေရဝါဒဗုဒ္ဓဘာသာ မြန်မာနိုင်ငံ၌လည်း သုံးဝသာသနာနေပမာသို့ ဝေဖြာရောင်လင်း အမှောင်ခွင်း၍ ထိန်ဝင်းလျက်သာ အရှည်ခံ၍ တည်တံ့နေမည်ဖြစ်ပါကြောင်း။

### ဆန္ဒပြု

**"ကောင်းကံပြုက ကောင်းကျိုးရ"**ဟူသော ဒေသနာတော်နှင့်အညီ (၆၉)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးကို ဝင်ရောက်ပြန်ဆို ဖြေဆိုအောင်မြင်ခဲ့ကြသော သာသနာ့အာဇာနည် အရှင်မြတ်များအား ပစ္စည်းလေးဝ လှူဒါန်းကြရသဖြင့် လူ နတ် နိဗ္ဗာန် သုံးတန်သောချမ်းသာကို သဒ္ဓါကြည်လင် ကုသိုလ်ရှင်တို့ အမှန်ပင်ရရှိကြမည်ဖြစ်ပါကြောင်း၊ ဆရာတော် သံဃာတော် အရှင်မြတ်တို့ကလည်း ပိဋကတ်တော်များကို ထိန်းသိမ်းစောင့်ရှောက်လျက် ဒါယကာ ဒါယိကာမများဘက်ကလည်း ပစ္စည်းလေးဝ လှူဒါန်းကြကာ ညီညာတွဲလျက် လက်ချင်းယှက်၍ မြတ်ဗုဒ္ဓသာသနာကို ရှည်ကြာစွာ တည်တံ့အောင် ထောက်ပံ့နိုင်ကြပါစေသားဟု ဆန္ဒပြုပါကြောင်း လျှောက်ထားသည်။

ထို့နောက် (၆၉)ကြိမ်မြောက် တိပိဋကဓရတိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲအောင်သာသနာ့အာဇာနည် အရှင်သူမြတ်များအား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်များကို ဆက်ကပ်ကြရာ ဒုတိယသမ္မတဦးမြင့်ဆွေက တိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် စကားဝါလမ်း တိပိဋကနိကာယကျောင်းတိုက်မှ အရှင်ဝီရိယာနန္ဒအား တိပိဋကဓရ ဘွဲ့တံဆိပ်တော်၊ တိပိဋကဓရအောင်လက်မှတ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်သည်။

### အောင်လက်မှတ်များ ဆက်ကပ်

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သက်ပုံ၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ပိဋကနှစ်ပုံရေးဖြေအောင် တစ်ပါး၊ ပိဋကနှစ်ပုံ အာဂုံအောင် ရှစ်ပါး၊ ပိဋကတစ်ပုံရေးဖြေအောင် ငါးပါး၊ ပိဋကတစ်ပုံအာဂုံအောင် ၁၇ ပါး၊ ဝိနည်း ပထမပိုင်းရေးဖြေအောင် ၁၁ ပါး၊ ဝိနည်း ပထမပိုင်းအာဂုံအောင် ၄၇ ပါးတို့အား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်များ ဆက်ကပ်ကြသည်။

*စာမျက်နှာ ၅ သို့*

# ပြည်သူနှင့်အတူ

❒ *စာမျက်နှာ ၄ မှ*

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌဆင်မင်း ကျောင်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသြဘာသ ဘိဝံသထံမှ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးနှင့် ဧည့်ပရိသတ်များက အနုမောဒနာတရားနာယူတော်မူကြပြီး လှူဒါန်းမှုအစုစုတို့အတွက်ရေစက်သွန်းချအမျှပေးဝေကြသည်။

အခမ်းအနားအပြီးတွင် တိပိဋကဓရ တိပိဋကကောဝိဒ စာအောင်သံဃာတော်များအား ဒုတိယသမ္မတဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးတို့ အမှူးပြုသော အဖွဲ့ဝင်များနှင့် ဧည့်ပရိသတ်များက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လောင်းလှူကြသည်။

**ကြီးမှူးကျင်းပ**

မြန်မာနိုင်ငံလွတ်လပ်ရေးရရှိတော့မည့် အကြိုကာလကတည်းက နိုင်ငံတော်အနေဖြင့် လွတ်လပ်ရေးရရှိပြီးပါက ဆဋ္ဌသံဂါယနာတင်ရန် အာသီသပြင်းထန်လျက်ရှိရာ ထိုသတင်းစကားကြားသိကြသော ကျန်ထေရဝါဒ နိုင်ငံများက သံဂါယနာတင်ရန်မှာ ပိဋကသုံးပုံ အာဂုံဆောင်ပုဂ္ဂိုလ်များရှိမှသာ သံဂါယနာတင်နိုင်ခွင့်ရှိကြောင်း ဝေဖန်ပြောဆိုချက်ကြောင့် ပိဋကအာဂုံဆောင်ပုဂ္ဂိုလ်များ ပေါ်ထွန်းစေရေး ရည်ရွယ်လျက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးကို နိုင်ငံတော်အစိုးရက ကြီးမှူးကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကို နှစ်စဉ် ဒီဇင်ဘာလ စတုတ္ထပတ်တွင် ကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသံဂါယနာတင် မဟာပါသာဏလိုဏ်ဂူတော်ကြီးတွင် ၃၃ ရက်ကြာ ကျင်းပသည်။

ယခု(၆၉)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် အောင်မြင်တော်မူခဲ့သည့် သက်တော် ၄၇ နှစ်၊ ဝါတော် ၂၇ ဝါရှိ အရှင်ဝီရိယာနန္ဒသည် တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့ကို (၁၄)ပါးမြောက် ခံယူရရှိတော်မူခြင်းဖြစ်သည်။ (၆၄)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် တိပိဋကဓရ တိပိဋက ကောဝိဒတစ်ပါး ပေါ်ထွန်းခဲ့ပြီး နောက်ငါးနှစ်အကြာတွင် တိပိဋက ကောဝိဒသာသနာ့အာဇာနည်တစ်ပါး ထူးထူးခြားခြား ပေါ်ထွန်းလာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့ကို ယနေ့ထိဆရာတော်(၁၄)ပါး ခံယူရရှိတော်မူပြီး တိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်ရဆရာတော် သက်ရှိထင်ရှား ၁၀ ပါးရှိကြောင်း သိရသည်။ **(သတင်းစဉ်)**



တိပိဋကဓရ တိပိဋကကောဝိဒ စာအောင်သံဃာတော်အား ဒုတိယသမ္မတဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးတို့က လှူဖွယ်ပစ္စည်းများ ဆက်ကပ်လောင်းလှူစဉ် (သတင်းစဉ်)

# ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဖိလစ်ပိုင်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့တက်ရောက်

**နေပြည်တော် မေ ၁၉**

ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပသည့် (၁၄)ကြိမ်မြောက် အာဆီယံတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်များ အလွတ်သဘောအစည်းအဝေး ($14^{th}$ ACDFIM)သို့ တက်ရောက် ခဲ့သော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မေ ၁၈ ရက် ဒေသစံတော်ချိန် ည ၇ နာရီတွင် Sofitel Hotel ၌ ဖိလစ်ပိုင်တပ်မတော် ကာကွယ်ရေးဦးစီးချုပ် Gen.Eduardo M. Ano နှင့် ဇနီးတို့က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်သည်။




တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဖိလစ်ပိုင်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် **Gen.Eduardo M. Ano** နှင့် ဇနီးတို့က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်

**ညစာစားပွဲသို့တက်ရောက်**

ညစာစားပွဲတွင် ဖိလစ်ပိုင်တပ်မတော် ဒုတိယကာကွယ်ရေးဦးစီးချုပ် Lt. Gen. SALVADOR MELCHORB MISON JR AFP က နှုတ်ဆက်စကားပြောကြား၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ညစာစားပွဲသို့ တက်ရောက်လာကြသည့် အာဆီယံနိုင်ငံများမှ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်များ၊ ကိုယ်စားလှယ် အဖွဲ့ဝင်များနှင့်အတူ ညစာကိုအတူတကွ သုံးဆောင်ကြသည်။

ညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း ဖိလစ်ပိုင်တပ်မတော်(လေ) တေးဂီတအဖွဲ့က တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အဖွဲ့ဝင်များနှင့်အတူ ယနေ့ ဒေသစံတော်ချိန် ည ၇ နာရီတွင် ဖိလစ်ပိုင်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ စစ်သံ (ကြည်း၊ ရေ၊ လေ)၏ နေအိမ်သို့ သွားရောက်ပြီး သံရုံး၊ စစ်သံရုံးမိသားစုများနှင့် တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# သွေးလွန်တုပ်ကွေးနှင့် ဇီကာရောဂါကြိုတင်ကာကွယ်ရေးဆောင်ရွက်

**သုံးခွ မေ ၁၉**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်အတွင်း မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ရပ်ကွက်နှင့်ကျေးလက်ကျန်းမာရေးဌာန၊ ဌာနခွဲများမှ ကျန်းမာရေးဝန်ထမ်းများသည် မေ ၁၈ ရက်က သွေးလွန်တုပ်ကွေးနှင့် ဇီကာရောဂါ ကြိုတင်ကာကွယ်နိုင်ရေးအတွက် သုံးခွမြို့ အမှတ် (၉) ရပ်ကွက်၌ ရပ်ကွက်သူ/ရပ်ကွက်သားများနှင့် စုပေါင်း၍ ပိုးလောက်လမ်းနှိမ်နင်းရေးအတွက် အဘိတ်ဆေးခတ်ခြင်းနှင့် ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

နိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာ အဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း၊ ရန်ကုန်တိုင်းဒေသကြီး သာသနာနုဂ္ဂဟအသင်းနှင့် အနောက်ပိုင်းခရိုင် ပညာရေးမှူးရုံးတို့ ပူးပေါင်းဖွင့်လှစ်သည့် အခြေခံယဉ်ကျေးလိမ္မာ ဆရာဖြစ်သင်တန်း ဖွင့်ပွဲကို မေ ၁၈ ရက်က အထက (၁) စမ်းချောင်းမြို့နယ်၌ ကျင်းပစဉ်
မီးမီး(လှိုင်)



# အထက်တန်းအဆင့်သို့ ကူးပြောင်းချိန်တွင် ကြိုက်နှစ်သက်သည့် ဘာသာတွဲသင်ယူနိုင်မှု ပြန်လည်လေ့လာဆန်းစစ်မည်

**နေပြည်တော် မေ ၁၉**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပရာ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ သက်တမ်းတိုးမြှင့်ခြင်းအား လွှတ်တော်သို့ အသိပေးတင်ပြခြင်း၊ ဥပဒေကြမ်းကော်မတီ၏ နှစ်ပတ်လည်အစီရင်ခံစာဖတ်ကြားခြင်း၊ မေးခွန်းခြောက်ခု မေးမြန်းဖြေကြားခြင်းနှင့် အဆိုတစ်ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

**အလေးအနက်ထားဆောင်ရွက်**

အစည်းအဝေးတွင် သဃ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးရွှေလှ(ခ)ဦးရွှေလှဝင်း၏ **အခြေခံပညာအထက်တန်းတွင် ဝိဇ္ဇာ (သမိုင်း၊ ပထဝီဝင်) ဘာသာရပ်သင်ယူသူ ကျောင်းသား ကျောင်းသူ နည်းပါးလာခြင်းကြောင့် ပညာရေးဟန်ချက်မညီဖြစ်နေခြင်းအပေါ် မည်သို့ဆောင်ရွက်မည်ကို သိရှိလိုကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက အခြေခံပညာအဆင့်၏ အထက်တန်းအဆင့်တွင် သင်ယူနိုင်သည့် ဘာသာတွဲ ရှစ်မျိုးရှိပါကြောင်း၊ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် မြန်မာတစ်နိုင်ငံလုံးမှ တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ရောက်ဖြေဆိုသူများအနေဖြင့် ဓာတုဗေဒဘာသာ ဖြေဆိုသူ ၆၄၀၀၇၁ ဦး၊ ရူပဗေဒဘာသာဖြေဆိုသူ ၆၃၉၇၂၅ ဦး၊ ဇီဝဗေဒဘာသာဖြေဆိုသူ ၁၇၆၉၆၈ ဦး၊ ပထဝီဝင်ဘာသာဖြေဆိုသူ ၇၃၉၉၁ ဦး၊ သမိုင်းဘာသာဖြေဆိုသူ ၇၁၄၄၁ ဦး၊ ဘောဂဗေဒဘာသာဖြေဆိုသူ ၅၃၅၇၀၇ ဦး၊ စိတ်ကြိုက်မြန်မာစာဘာသာဖြေဆိုသူ တစ်ဦးရှိပါကြောင်း၊ ပထဝီဝင်ဘာသာရပ်နှင့် သမိုင်းဘာသာရပ်ကို တစ်နိုင်ငံလုံးရှိ ကျောင်းသား ကျောင်းသူ စုစုပေါင်း၏ ဆယ်ပုံတစ်ပုံခန့်သာ သင်ယူနေပါကြောင်း၊ ထို့ကြောင့် အခြေခံပညာအလယ်တန်းအဆင့် အောင်မြင်ပြီးသော ကျောင်းသား၊ ကျောင်းသူများ အထက်တန်းအဆင့်သို့ ကူးပြောင်းချိန်တွင် မိမိကြိုက်နှစ်သက်သည့် ဘာသာတွဲကိုသင်ယူနိုင်သည့် သင်ကြားသင်ယူမှုအခွင့်အလမ်း ပေးထားခြင်းကို ပြန်လည်လေ့လာဆန်းစစ်ပြီး ပညာရေးဟန်ချက်မညီမှုဖြစ်နေခြင်းကို အလေးအနက်ထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။



ပြည်ထောင်စုဝန်ကြီး
ဒေါက်တာမျိုးသိမ်းကြီး



ဦးရွှေလှ(ခ)ဦးရွှေလှဝင်း
သဃ်န်းကျွန်းမဲဆန္ဒနယ်

**ခက်ခဲသောဒေသ**

အင်းတော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ပြုး၏ **အင်းတော်မြို့နယ် မော်တိတ်အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အား အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန်နှင့် လိုအပ်လျက်ရှိသော ကျောင်းဆောင်များ ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက အခြေခံပညာ အထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် သတ်မှတ်မှုမှာ အထက်တန်းအဆင့်သင် ကျောင်းသား ကျောင်းသူ ၂၀၀ နှင့်အထက်ရှိရန် (သို့မဟုတ်) လမ်းပန်းဆက်သွယ်ရေး ခက်ခဲသောဒေသများဖြစ်ပါက ပင်မကျောင်း၊ တစ်ဆင့်မြှင့် ကျောင်းနှင့် ခရီးအကွာအဝေး ၁၀ မိုင် အထက်ဝေးရမည်ဖြစ်ပါကြောင်း။

အင်းတော်မြို့နယ် မော်တိတ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း( ခွဲ)တွင် စုစုပေါင်း အထက်တန်းအဆင့်သင် ကျောင်းသား ကျောင်းသူ ၉၇ ဦးရှိပြီး ပင်မကျောင်းနှင့် ၁၀ မိုင်ခန့်ကွာဝေးသည့်အတွက် ကျောင်းအဆင့်တိုးမြှင့်ခြင်း သတ်မှတ်ချက်များနှင့် မကိုက်ညီပါကြောင်း၊ အဆိုပါကျောင်းသည် အထက်တန်းကျောင်း (ခွဲ)ဖြစ်သည့်အတွက် အထက်တန်းပညာကို သင်ယူခွင့်ရရှိနေပြီပါကြောင်း၊ ၂၀၁၇-၂၀၁၈ ပညာသင်နှစ် ကျောင်းအဆင့်တိုးမြှင့်ပေးမည့် စာရင်းတွင်မပါရှိပါကြောင်း ဖြေကြားသည်။

ဖောင်းပြင်မဲဆန္ဒနယ်မှ ဦးထွန်းဝေ၏ **ဖောင်းပြင်မြို့နယ်ရှိ ရောင်ဟီးအခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)အား အခြေခံပညာ အလယ်တန်းကျောင်း အဖြစ်လည်းကောင်း၊ မိုင်းချောင်း အခြေခံပညာအထက်တန်းကျောင်း (ခွဲ)နှင့် ဟဲလော့်အခြေခံပညာအထက်တန်း ကျောင်း(ခွဲ)နှစ်ခုအား အခြေခံပညာအထက်တန်းကျောင်းအဖြစ် လည်းကောင်း ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးနိုင်ခြင်း ရှိမရှိ** မေးခွန်း နှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် ဖောင်းပြင်မြို့နယ် ရောင်ဟီးကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း (ခွဲ)၌ အလယ်တန်းအဆင့်သင် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၇၈ ဦးပါကြောင်း၊ သတ်မှတ်ထားသည့် ကျောင်းသားဦးရေ ၂၄၀ မပြည့်မီသော်လည်း သွားလာမှုခက်ခဲပြီး ပင်မကျောင်းနှင့် ခုနစ်မိုင်ကွာဝေးသဖြင့် ကျောင်းအဆင့်တိုးမြှင့်ပေးနိုင်ရေး စိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

**ကျောင်းအဆင့်တိုးမြှင့်ပေးနိုင်ရေး**

မိုင်းချောင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် အထက်တန်း အဆင့်သင် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၇၁ ဦး သာရှိသော်လည်း ပင်မကျောင်းနှင့် ၃၄ မိုင်ကွာဝေးသည့်အတွက် ကျောင်းအဆင့်တိုးမြှင့်ပေးနိုင်ရေးအတွက် စိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ထို့အတူ ဟဲလော့်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)တွင် စုစုပေါင်းအထက်တန်းအဆင့်သင် ကျောင်းသား ကျောင်းသူ ၁၇၄ ဦးသာရှိသော်လည်း ပင်မကျောင်းနှင့် ၁၄ မိုင် ကွာဝေးသည့်အတွက် ကျောင်းအဆင့်တိုးမြှင့်ပေးနိုင်ရေးအတွက် စိစစ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့ပြင် ကျောက်ကြီးမဲဆန္ဒနယ်မှ ဦးမြင့်ငွေ၊ တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးမင်းသိန်းနှင့် ယင်းမာပင်မဲဆန္ဒနယ်မှ ဦးအောင်စိုးတို့၏ ကျောင်းဆရာ၊ ဆရာမများ အလုံအလောက်ခန့်ထားပေးရေးနှင့် စာသင်ကျောင်းဆောင်များ ဆောက်လုပ်ပေးရေးဆိုင်ရာ မေးခွန်းများကိုလည်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပြန်လည်ဖြေကြားခဲ့သည်။

ယနေ့အစည်းအဝေးတွင် ပြင်ဦးလွင်မဲဆန္ဒနယ်မှ ဒေါက်တာဦးအောင်ခင်က **တောတောင်ထူထပ်သော ဒေသများ၌ သစ်တောပြုန်းတီးမှုများခြင်းကြောင့် ၂၀၁၅၊ ၂၀၁၆ ခုနှစ်များတွင် မြန်မာနိုင်ငံ၌ အပြင်းထန်ဆုံးသော ရာသီဥတုနှင့်ရင်ဆိုင်ခဲ့ကြရပြီး နိုင်ငံတကာရာသီဥတု ဘေးအန္တရာယ်အညွှန်းကိန်းတွင် နိုင်ငံပေါင်း၏ ၁၈၇ နိုင်ငံအနက် မြန်မာနိုင်ငံသည် အဆင့်(၂)တွင်ရှိသည့်အတွက် နိုင်ငံနှင့်အဝန်းသစ်တောစောင့်ရှောက်မှုနှုန်းတိုးမြှင့်ဆောင်ရွက်လျက် နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ ပြင်ဦးလွင်မြို့များတွင် (Green Land) စီမံကိန်းများ အမြန်ဆုံးစနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ပါရန်နှင့် အခြားဒေသများတွင်လည်း နှစ်အလိုက်စီမံကိန်းများ တိုးချဲ့ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုကိုတင်သွင်းရာ လွှတ်တော်က လက်ခံဆွေးနွေးရန်ဆုံးဖြတ်ပြီး အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ အမည်စာရင်းကို တောင်းခံထားသည်။

ထို့နောက် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိအတည်ပြု၍ပေးပို့လာသော မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းလုပ်ကိုင်ခွင့် ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် အစီရင်ခံစာကို ဥပဒေကြမ်း ကော်မတီက တင်သွင်းပြီး ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် ကိုယ်စားလှယ်များအမည်စာရင်း တင်သွင်းကြရန် လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

**ကျော်သူထက် (သတင်းစဉ်)**

---

## စစ်ကိုင်းတိုင်းဒေသကြီးတွင် ဆရာဝန် ၅၂၉ ဦး၊ သူနာပြု ၁၇၀၇ ဦး လိုအပ်ချက်ဖြစ်ပေါ်နေ

**မုံရွာ မေ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီးတွင် ဆရာဝန် ၅၂၉ ဦး၊ သူနာပြု ၁၇၀၇ ဦး လိုအပ်ချက်ဖြစ်ပေါ်နေပြီး လတ်တလောဖြည့်ဆည်းပေးရန် မဖြစ်နိုင်သေး၍ ရေရှည်စီမံချက်များချမှတ်ပြီး ဆောင်ရွက်လျက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာ ဇော်ဝင်းထံမှ သိရသည်။

ဟုမ္မလင်းမြို့ ခုတင် ၁၀၀ ဆံ့ ပြည်သူ့ ဆေးရုံအတွက် ဆရာဝန် ဆရာမများ၏လိုအပ်ချက်နှင့် ဒေသခံပြည်သူများ၏ ကျန်းမာရေး အခက်အခဲကို တိုင်းဒေသကြီး အစိုးအဖွဲ့အနေဖြင့် ပြည်ထောင်စုအစိုးရနှင့် ချိတ်ဆက်၍ မည်သို့ ကူညီဆောင်ရွက်သွားမည်ကို သိရှိလိုကြောင်း ဟုမ္မလင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁ ) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသန်းညွန့်က မေ ၁၉ ရက်က ကျင်းပသော ဒုတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန် အစည်းအဝေး စတုတ္ထနေ့တွင် မေးမြန်းရာ လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်းက ဖြေကြားခဲ့ခြင်းဖြစ်သည်။

"လတ်တလောမှာ ၂၀၁၇ ခုနှစ် မေ ၁၃ ရက် အမိန့်စာအရ ဆေးဖက်ကျွမ်းကျင်-၄ ဓာတ်မှန် တစ်ဦး၊ စိစစ်ရေးမှူး လေးဦး၊ ဆေးမှတ်တမ်းတစ်ဦးနဲ့ ဆေးဘက်ကျွမ်းကျင် လေးဦး(ဆေးစပ်) တို့ကို ခန့်ထားခဲ့ပြီးဖြစ်ပါတယ်။ ဟုမ္မလင်း ဆေးရုံအတွက် လက်ရှိဝန်ထမ်းများနဲ့သာ လတ်တလောကျန်းမာရေးစောင့်ရှောက်မှုပေးနေရမှာဖြစ်ပါတယ်"ဟု ဒေါက်တာဇော်ဝင်းက ပြောသည်။

ဟုမ္မလင်းမြို့ ဆေးရုံတွင် ဆေးပညာ-ကလေး-ခွဲစိတ်-အရိုး-သားဖွားမီးယပ်-မေ့ဆေး-ဓာတ်မှန်-မျက်စိအထူးကုစသည့် ပါရဂူရှစ်မျိုးကို ခန့်ထားပြီး အငယ်တန်းဝန်ထမ်း ဦးရေနည်းပါးနေ၍ နေ့စားဝန်ထမ်း ၁၆ ဦး ခန့်ထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ဟုမ္မလင်းဆေးရုံကြီး၏ ငါးနှစ်စာ ဆေးရုံဆောင်ရွက်မှု နှိုင်းယှဉ်ချက်အရ တစ်နေ့လျှင် ပျမ်းမျှဆေးရုံတက်လူနာ ၅၀ ရာခိုင်နှုန်းပင် မပြည့်သည်ကို စိစစ်တွေ့ရသလို စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ခရိုင် ၁၀ ခု၊ မြို့နယ် ၃၇ ခုတွင် ခုတင် ၁၀၀ နှင့်အထက် ဆေးရုံ ၁၀ ရုံရှိပြီး ခုတင် ၁၀၀ ဆံ့ဆေးရုံအပါအဝင်ဆေးရုံ ၁၀ ရုံ၏ လုပ်ငန်းများကို ခန့်ထားသောဝန်ထမ်းများက ကျန်းမာရေးစောင့်ရှောက်မှုများပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းထွန်း (မုံရွာ )**

## လွှတ်တော်သို့ လာရောက်လေ့လာကြည့်ရှု

**နေပြည်တော် မေ ၁၉**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ဒုတိယမြောက်နေ့တွင် Myanmar Evangelical Christian Alliance အဖွဲ့အစည်းမှ ဥက္ကဋ္ဌ ဦးအေးမင်း ခေါင်းဆောင်သည့် အဖွဲ့ဝင် ၁၅ ဦး၊ UNDPနှင့် ပြည်ထဲရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းမှ Ms. Anki Dellnas ဦးဆောင်သော အမျိုးသမီး ရပ်ကွက်၊ ကျေးရွာ အုပ်စု သင်တန်းသား သင်တန်းသူ ၉၄ ဦး စုစုပေါင်း ၁၀၉ ဦးတို့သည် ယနေ့နံနက်တွင် ကျင်းပသည့် ပြည်သူ့လွှတ်တော် အစည်းအဝေးသို့တက်ရောက်ပြီး လွှတ်တော်အဆောက်အအုံများကို လေ့လာကြည့်ရှုကြသည်။

**(သတင်းစဉ်)**

## တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် မိုးရွာနိုင်မည့်အခြေအနေ

**နေပြည်တော် မေ ၁၉**

တနင်္သာရီတိုင်းဒေသကြီး၊ရန်ကုန်တိုင်းဒေသကြီးနှင့်မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ ပဲခူးတိုင်းဒေသကြီး၊ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်အရှေ့ပိုင်းနှင့်တောင်ပိုင်း၊ ကယားပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်ဖြစ်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**(မိုး/ဇလ)**

---

## လွိုင်လင်ခရိုင် နမ့်စန်မြို့နယ်အတွင်း လမ်းတံတားဖွင့်ပွဲများ ကျင်းပ

**တောင်ကြီး မေ ၁၉**

နယ်စပ်ရေးရာဝန်ကြီးဌာန ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ဆောင်ရွက်ပြီးစီးခဲ့သည့် ရှမ်းပြည်နယ်တောင်ပိုင်း နမ့်စန်မြို့နယ် လွယ်ဆိုင်း-နားရိုင်း ကတ္တရာလမ်း (၃/၀)မိုင် ဖွင့်ပွဲအခမ်းအနားကို မေ ၁၉ နံနက်ပိုင်းက လည်းကောင်း၊ နမ့်စန်မြို့နယ် တုန်ဟုန်း-နားပွဲ ကျောက်ချောလမ်း(၂/၀)မိုင် ဖွင့်ပွဲအခမ်းအနားကို ညနေပိုင်းတွင်လည်းကောင်း အဆိုပါလမ်းများ၌ ကျင်းပသည်။

အခမ်းအနားတွင် နမ့်စန်တပ်နယ်မှူး ဗိုလ်မှူးချုပ်ကျော်မိုးသက် နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ လွိုင်လင်ခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၊ ဒုတိယ ညွှန်ကြားရေးမှူး ဦးစိုးယုလွင်က လမ်းပိုင်းဆိုင်ရာ အချက်အလက်များ ရှင်းလင်းတင်ပြကာ ကျေးရွာပြည်သူလူထု ကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားတွင် ရှမ်းပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး ညွှန်ကြားရေးမှူး ဦးမြင့်စိုး၊ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများသည် ကတ္တရာလမ်းနှင့် ကျောက်ချောလမ်းများကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး ဆောင်ရွက်ပြီးစီးခဲ့သည့် လမ်းများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

နမ့်စန်မြို့နယ် တုန်ဟုန်း-နားပွဲ ကျောက်လမ်း (၂/၀)မိုင် ခင်းခြင်းလုပ်ငန်းအား ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်အစိုးရ ရန်ပုံငွေကျပ်သန်း ၁၅၆ ဒသမ ၈၀ ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေး နှစ်တွင်လည်း တုန်ဟုန်း-နားပွဲ-ဝမ်ဆန် ကျေးရွာထိလမ်း (၂၂/၀)မိုင်အနက် (၅/၀)မိုင် မြေလမ်းဖောက်လုပ်ပြီး ကျန် (၁၇/၀) မိုင်မှ (၁၀/၀)မိုင် မြေလမ်းဖောက်လုပ်ခြင်း၊ ၁၅ ပေ ကွန်ကရစ်တံတား နှစ်စင်း၊ ၁၀ ပေ Box Culvert ငါးစင်း၊ ငါးပေ Box Culvert ၁၀ စင်း ဆောက်လုပ်ခြင်းလုပ်ငန်းများအား ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေလျာထားပြီးဖြစ်ကြောင်း သိရှိရသည်။ အဆိုပါလမ်းအား ဖောက်လုပ်ပေးခြင်းအားဖြင့် ခိုလန် - နမ့်စန် - လွိုင်လင် - ပင်လုံ - လဲချား လမ်းကြောင်းမှာ အကွာအဝေးအားဖြင့် ၉၆ မိုင်ရှိပြီး တုန်ဟုန်း-နားပွဲ-ဝမ်ဆန် လမ်းမှ သွားမည်ဆိုပါက ခရီးမိုင် ၆၀ ခန့် သက်သာမည်ဖြစ်ပြီး အချိန်တိုတိုဖြင့် ခိုလန်မှတစ်ဆင့် လဲချား၊ ဆလိုင်းခုံ၊ ဝမ်ပန်ဒေသများသို့ လွယ်ကူစွာ ဆက်သွယ် သွားလာနိုင်တော့မည် ဖြစ်သည်။

ယနေ့ဖွင့်လှစ်သည့် နမ့်စန်မြို့နယ် လွယ်ဆိုင်း-နားရိုင်း ကတ္တရာလမ်း (၃/၀)မိုင် ပြီးမြောက်ခဲ့သည့်အတွက် နမ့်စန်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု နှစ်အုပ်စု ကျေးရွာ ၁၃ ရွာ၊ အိမ်ထောင်စု ၁၉၈၆ စု လူဦးရေ ၉၆၅၉ ဦးတို့အားလည်းကောင်း၊ နမ့်စန်မြို့နယ် တုန်ဟုန်း-နားပွဲ ကျောက်ချောလမ်း(၂/၀) မိုင်ပြီးမြောက်ခဲ့သည့်အတွက် နမ့်စန်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု သုံးအုပ်စု၊ ကျေးရွာ ၁၈ ရွာ၊ အိမ်ထောင်စု ၆၉၃ စု၊ လူဦးရေ ၃၉၀၆ ဦးတို့၏ လမ်းပန်းဆက်သွယ်ရေး၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများအတွက် ရာသီမရွေး သွားလာနိုင်တော့မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရေမြောင်းပိတ်ဆို့စေသည့် အမှိုက်များရှင်းလင်းရေး သက်ဆိုင်ရာဌာန၊ လွှတ်တော်ကိုယ်စားလှယ်များ ပူးပေါင်း၍ ပြည်သူကိုစည်းရုံးဆောင်ရွက်

**နေပြည်တော် မေ ၁၉**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**အရင်းအနှီးထည့် ဝင်ဆောင်ရွက်**

အစည်းအဝေးတွင် **ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဌေးဦး၏ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်၊ ဆိပ်ကမ်းမြို့နယ်၊ ယုဇနဥယျာဉ်မြို့တော်အတွင်းရှိ တိုက်ခန်းနှင့်လမ်းများကို မည်သည့်အဖွဲ့အစည်းက တာဝန်ယူစီမံခန့်ခွဲနေမှုကို သိရှိလိုခြင်းနှင့် သောက်သုံးရေ မလုံလောက်ခြင်း၊ လမ်းများပေါ်တွင် ရေအိုင်များဖြစ်ပေါ်နေခြင်း၊ အမှိုက်များမရှင်းလင်းခြင်းစသည့် အခြားလိုအပ်ချက်များ အားမည်သည့်အချိန်တွင် ဖြေရှင်းဆောင်ရွက်ပေးမည်ကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် မြေတိုင်းရပ်ကွက် (၉၂)၊ (၉၄)တို့တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ယုဇနဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်တို့ အကျိုးတူပူးပေါင်း၍ "ယုဇနဥယျာဉ်မြို့တော် အိမ်ရာစီမံကိန်း"ကို ၁၉၉၈ ခုနှစ်မှစတင်၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါကြောင်း၊ ၂၀၀၀ ပြည့်နှစ်တွင် ယုဇနဥယျာဉ်မြို့တော် အိမ်ရာစီမံကိန်း၌ မပြီးပြတ်သေးပဲရှိနေသော တန်ဖိုးနည်းအိမ်ရာများ ဆောက်လုပ်ရာတွင် အမြန်ပြီးပြတ်စေရန် နိုင်ငံတော်မှ ပံ့ပိုးကူညီသည့်အနေဖြင့် "ဒဂုံဆိပ်ကမ်းမြို့ ဖွံ့ဖြိုးရေး ကုမ္ပဏီလီမိတက် (DSCDC)" ကို မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုး ရေးဦးစီးဌာန၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီနှင့် ယုဇန ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်တို့ဖြင့် ဖက်စပ်ကုမ္ပဏီ ဖွဲ့စည်းတည်ထောင်၍ အရင်းအနှီးထည့်ဝင်ဆောင်ရွက်ခဲ့ပါကြောင်း။

ယုဇနဥယျာဉ်မြို့တော် အိမ်ရာစီမံကိန်းတွင် ယုဇနဆောက်လုပ်ရေး ကုမ္ပဏီ၏ ရင်းနှီးမြှုပ်နှံမှုဖြင့် တိုက် ၆၀၃ လုံး၊ အိမ်ခန်းပေါင်း ၉၁၉၄ ခန်း ဆောက်လုပ်ပြီးစီးခဲ့ပြီး ဖက်စပ်ကုမ္ပဏီ (DSCSC) အနေဖြင့် တိုက် ၁၄၇ လုံး



ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်



ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဌေးဦး

အိမ်ခန်းပေါင်း ၂၃၄၆ ခန်း ဆောက်လုပ်ပြီးစီးခဲ့ပါကြောင်း၊ အိုးအိမ်ဦးစီးဌာနမှ စီမံကိန်းတစ်ခုလုံးရှိ အိမ်ခန်းများ၏ ၄ ဒသမ ၃၅ ရာခိုင်နှုန်း၊ စည်ပင်သာယာရေးအဖွဲ့မှ စီမံကိန်းတစ်ခုလုံးရှိ အိမ်ခန်းများ၏ ၄ ဒသမ ၃၆ ရာခိုင်နှုန်း၊ ယုဇနကုမ္ပဏီမှ စီမံကိန်းတစ်ခုလုံးရှိ အိမ်ခန်းများ၏ ၉၁ ဒသမ ၂၉ ရာခိုင်နှုန်းတို့ကို စီမံခန့်ခွဲကြပါကြောင်း၊ ၂၀၁၄ ခုနှစ်တွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ၏ ရန်ပုံငွေဖြင့် ငမိုးရိပ်ရေပေးရေးစီမံကိန်း အဆင့် (၂)မှ ၂၀ လက်မ ရေပိုက်လိုင်းဖြင့် ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်၊ ယုဇနဥယျာဉ်မြို့တော်သို့ သွယ်ယူနိုင်ခဲ့ပြီး ဂါလန် သုံးသိန်းဆံ့ ရေလှောင်ကန်တည်ဆောက်၍ ရေတွန်းစက်များဖြင့် ရေကောင်းရေသန့်ပေးဝေခြင်းကို စတင်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ၂၀၁၆ ခုနှစ် ဧပြီလတွင် နောက်ထပ် ဂါလန်သုံးသိန်းဆံ့ ရေလှောင်ကန်သစ်ပြီးစီးခဲ့၍ တစ်နေ့ ရေဂါလန် ခြောက်သိန်း ပေးဝေနိုင်ပြီဖြစ်ပါကြောင်း။

**ပြည်သူကို စည်းရုံး**

တိုက်ခန်းများနှင့်လမ်းများ စီမံခန့်ခွဲမှု၊ သောက်သုံးရေလုံလောက်စွာ ပေးဝေရေးနှင့် လမ်းများပေါ် ရေမလျှံအောင် ရေမြောင်းများ ပိတ်ဆို့စေသည့် အမှိုက်များ ရှင်းလင်းရေးကိစ္စရပ်များသည် နေထိုင်သူ ပြည်သူအားလုံး ပါဝင်ပူးပေါင်းဆောင်ရွက်ရန် လိုအပ်သောကိစ္စရပ်ဖြစ်၍ သက်ဆိုင်ရာ အစိုးရဌာနများနှင့် လွှတ်တော်ကိုယ်စားလှယ်များ ပူးပေါင်း၍ ပြည်သူကို စည်းရုံးဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်းနှင့် ဝန်ကြီးဌာနအနေဖြင့် လိုအပ်သည့် ပံ့ပိုးကူညီမှုများကို ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

**နိုင်လွန်ကတ္တရာလမ်းအဆင့်**

မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဒေါ်နွယ်နွယ်အောင်၏ **မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ကြာအင်းစံပြကျေးရွာ၊ ကျိုက္ခမီ ကားလမ်းမကြီးပေါ်ရှိ ဆောက်လုပ်ရေးဝန် ကြီးဌာန၊ လမ်းဦးစီးဌာန ရုံးဝင်းအတွင်း တည်ရှိသော ကျောက်မှုန့်နှင့် ကတ္တရာချက်လုပ်ခြင်းမှ ထွက်ရှိလာသော အခိုးအငွေ့များနှင့် ကျောက်မှုန့်များကြောင့် သဘာဝပတ်ဝန်းကျင်နှင့် ကျန်းမာရေးကို ထိခိုက်စေသဖြင့် နိုင်လွန်ကတ္တရာချက်လုပ်ခြင်းအား ရပ်တန့်ရန်နှင့် အမြန်ဆုံး ပြောင်းရွှေ့ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က လမ်းဦးစီးဌာန မော်လမြိုင်ခရိုင်မှ တာဝန်ယူ ဆောင်ရွက်လျက်ရှိသော လမ်းများတွင် နိုင်လွန်ကတ္တရာ (Asphalt Concrete) ခင်းခြင်း ဆောင်ရွက်ရန်အတွက် ရွှေ့ပြောင်း နိုင်လွန်ကတ္တရာဖျော်စက် (Mobile Asphalt Concrete Plant) ကို ၂၀၁၅ ခုနှစ် အောက်တိုဘာလမှ စတင် ပြီး မော်လမြိုင်မြို့မှ ၇ မိုင် ၄ ဖာလုံ ကွာဝေးသည့် ကြာအင်းကျေးရွာ၊ ရန်ကုန် - မော်လမြိုင် - ထားဝယ် - မြိတ် လမ်းဘေးရှိသည့် လမ်းဦးစီးဌာနပိုင် မြေဧရိယာ ၂၁ ဒသမ ၂၆ ဧကပေါ်တွင် တည်ဆောက်ထားခြင်းဖြစ်ပါကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ၂၀၃၀ ပြည့်နှစ်တွင် မြန်မာတစ်နိုင်ငံလုံးတွင်ရှိသည့် အဓိကလမ်းမကြီးများကို နိုင်လွန်ကတ္တရာလမ်းအဆင့် ရောက်ရှိရန် ရည်မှန်းချက်ထားကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

**သဘာဝပတ်ဝန်းကျင် ထိခိုက်မှု**

ကတ္တရာဖျော်စက်ကို ချက်ချင်းရပ်ဆိုင်းလိုက်ပါက ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ရန်ပုံငွေဖြင့် ဆက်လက်ဆောင်ရွက်ရန် လျာထားပြီးဖြစ်သည့် လုပ်ငန်းများကို ရပ်တန့်လိုက်ရမည်ဖြစ်သည့်အတွက် ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကိုများစွာ ထိခိုက်နစ်နာစေမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မော်လမြိုင်မြို့ပတ်လမ်း ၃ မိုင် ၂ ဖာလုံကို ၂၄ ပေ အကျယ် နိုင်လွန်ကတ္တရာ ခင်းခြင်းလုပ်ငန်းဆောင်ရွက် ပြီးစီးသည့်အချိန်အထိ နိုင်လွန်ကတ္တရာ ဖျော်စက်ကို ဆက်လက်အသုံးပြုသွားမည်ဖြစ်ပြီး သဘာဝပတ်ဝန်းကျင် ထိခိုက်မှု အနည်းဆုံးဖြစ်အောင် စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ယင်းလုပ်ငန်းပြီးစီးချိန်တွင် ရန်ကုန်-မော်လမြိုင်-ထားဝယ်-မြိတ် လမ်းတွင် နိုင်လွန်ကတ္တရာခင်းခြင်း လုပ်ငန်းများ ဆက်လက် ဆောင်ရွက်နိုင်ရန်အတွက် ဖျော်စက်ကို ပြောင်းရွှေ့တည်ဆောက် ရန် လျာထားပြီးဖြစ်ပါကြောင်း ဖြေကြားသည်။

**ငွေကြေးအထောက်အပံ့ပေးရေး**

ဆက်လက်၍ ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ် (၁၀)မှ ဦးလားလ်မင်းထန်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဝင်းမောင်နှင့် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကျော်ကျော်ဝင်းတို့၏ ကတ္တရာလမ်းတိုးချဲ့ခင်းပေးရန် ကိစ္စရပ်များ၊ အစိုးရဌာနများတွင် တင်ဒါချပေးခြင်းကိစ္စရပ်များနှင့် ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအား ငွေကြေးအထောက်အပံ့ပေးရေး အစီအစဉ်များနှင့်စပ်လျဉ်းသည့် မေးခွန်းတို့အား ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်နှင့် ဒေါက်တာဝင်းမြတ်အေးတို့က ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၄) မှ ဥပဒေကြမ်း ကော်မတီအဖွဲ့ဝင် ဒေါ်အုန်းကြည်က ဖတ်ကြားရှင်းလင်းသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်း ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအားဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားများရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁)မှ ဒေါက်တာစန်းမောင်မောင်က မြန်မာနိုင်ငံတွင် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဥပဒေကို ရေးဆွဲပြဋ္ဌာန်းပြီးသော်လည်း ပြည်သူများ လိုက်နာကျင့်သုံးမှုနှင့် အာဏာပိုင်များဘက်မှ ကြီးကြပ်အရေးယူမှု မရှိသလောက် အားနည်းနေခြင်းအပေါ် ပြည်ထောင်စုအစိုးရမှ ကိုင်တွယ်ဖြေရှင်းပေးပါရန် တိုက်တွန်းကြောင်းအဆိုကို တင်သွင်းသည်။

အဆိုတင်သွင်းရာတွင် ဒေါက်တာစန်းမောင်မောင်က မြန်မာနိုင်ငံတွင် ဆေးလိပ်နှင့် ဆေးရွက်ကြီးသုံးစွဲမှုကြောင့် နှစ်စဉ်လူ ၇၀၀၀၀ ကျော် သေဆုံးပြီး ကင်ဆာရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများ ဖြစ်ပွားကာ ကင်ဆာဖြစ်သူ ၉၀ ရာခိုင်နှုန်းသည် ဆေးလိပ်သောက်ခြင်းနှင့် ဆေးရွက်ကြီးပါသော ကွမ်းစားခြင်းကြောင့် ဖြစ်ပါကြောင်း၊ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သုံးစွဲမှုတိုက်ဖျက်ရေးအတွက် လိုက်နာကျင့်သုံးရန် ပျက်ကွက်ခဲ့ပါက ထောင်ဒဏ်၊ ငွေဒဏ် ချမှတ်ရန် ပုဒ်မများကို ဥပဒေပြဋ္ဌာန်းထားသော်လည်း အရေးယူပိုင်ခွင့်ရှိသူများ၊ တာဝန်ရှိပုဂ္ဂိုလ်များ၊ အာဏာပိုင်များကိုယ်တိုင် အဆိုပါဥပဒေကို ကျင့်သုံးအကောင်အထည်ဖော်မှု မရှိသလောက် ဖြစ်နေသေးပါကြောင်း။

**ကိုင်တွယ် ဖြေရှင်းပေးပါရန်**

ထို့ကြောင့် မြန်မာနိုင်ငံတွင် ဆေးလိပ်နှင့် ဆေးရွက်ကြီး သုံးစွဲမှု ထိန်းချုပ်ရေးဥပဒေကို ပြည်သူများဘက်မှ လိုက်နာကျင့်သုံးမှုနှင့် အာဏာပိုင်များဘက်မှ ကြီးကြပ်အရေးယူမှု မရှိသလောက် အားနည်းနေခြင်းအပေါ် ပြည်ထောင်စုအစိုးရမှ ကိုင်တွယ် ဖြေရှင်းပေးပါရန် တိုက်တွန်းကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ဒေါက်တာစန်းမောင်မောင် တင်သွင်းသည့်အဆိုကို လက်ခံဆွေးနွေးရန် သင့်၊ မသင့် လွှတ်တော်၏ဆန္ဒရယူရာ ထောက်ခံသည့် လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၄၀ နှင့်အထက်ရှိသည့်အတွက် ယင်းအဆိုကို လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူကြောင်းနှင့် ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး တတိယနေ့ကို မေ ၂၂ရက် နံနက် ပိုင်းတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်(သတင်းစဉ်)**

## ငွေကြေးအရင်းအနှီးလိုအပ်သူ၊ စီးပွားရေးလုပ်ကိုင်သူများ မြန်မာ့စီးပွားရေးဘဏ်တွင် ချေးငွေများရယူနိုင်

**နေပြည်တော် မေ ၁၉**

မြန်မာ့စီးပွားရေးဘဏ်သည် ကူးသန်းရောင်းဝယ်ရေးဘဏ်လုပ်ငန်းနှင့် ဖွံ့ဖြိုးရေးဘဏ်လုပ်ငန်းကို လုပ်ကိုင်လျက်ရှိသော နိုင်ငံပိုင်ဘဏ်ဖြစ်သည်နှင့်အညီ နိုင်ငံတော်က ချမှတ်ထားသော စီးပွားရေးမူဝါဒများကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများအပါအဝင် အသေးစားစီးပွားရေးလုပ်ငန်းများ၊ သွင်းကုန်အစားထိုး ကုန်ထုတ်လုပ်ရေး လုပ်ငန်းများနှင့် ပို့ကုန်တိုးမြှင့် ထုတ်လုပ်ရေးလုပ်ငန်းများ၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၊ အခြေခံအဆောက်အအုံများ လျင်မြန်စွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုသည့် ဆောက်လုပ်ရေးနှင့် အခြားလုပ်ငန်းများ၊ ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်သည့် လုပ်ငန်းများတွင် ချေးငွေများကို ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းလုပ်ကိုင်သူများသည် မြန်မာ့စီးပွားရေးဘဏ်တွင် ရွှေ့ပြောင်းနိုင်သောပစ္စည်း (စက်ကိရိယာယန္တရား)၊ မရွှေ့ပြောင်းနိုင်သောပစ္စည်း(မြေနှင့်အဆောက်အအုံ)တို့ကို အာမခံထား၍ မိမိတို့လုပ်ငန်းများအတွက် လိုအပ်သော ငွေကြေးအရင်းအနှီးများကို ရယူနိုင်ကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့် စီးပွားရေးလုပ်ငန်းများအတွက် လှည့်ပတ်ရင်းနှီးငွေ (Working Capital)အဖြစ် နှစ်ချင်းဆပ် ချေးငွေကိုလည်းကောင်း၊ ပုံသေရင်းနှီးငွေ (Fixed Capital) အဖြစ် နှစ်လတ်၊ နှစ်ရှည်ချေးငွေများကိုလည်းကောင်း ရယူနိုင်ကြောင်း မြန်မာ့စီးပွားရေးဘဏ်မှ သတင်းရရှိသည်။

**(သတင်းစဉ်)**

## ရောဝတီမြစ်ရေလမ်းကြောင်း ကောင်းမွန်ရေးစီမံကိန်းကို တိုးမြှင့်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ဆွေးနွေး

**နေပြည်တော် မေ ၁၉**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်သည် နယ်သာလန်နိုင်ငံသံအမတ်ကြီး H.E. Mr. Wouter Jurens အား ယနေ့မွန်းလွဲပိုင်းက ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဧည့်တွေ့ခန်း၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံစဉ် နယ်သာလန်နိုင်ငံသို့ နိုင်ငံတော်ဒုတိယသမ္မတ၏ ချစ်ကြည်ရေးခရီးစဉ်အတွင်း ညှိနှိုင်းဆွေးနွေးခဲ့သည့် ချင်းတွင်းမြစ်ရေလမ်းကြောင်း ကောင်းမွန်ရေးအတွက် ဖြစ်နိုင်ခြေလေ့လာမှု ပြုလုပ်ရန်၊ ပခုက္ကူဆိပ်ကမ်း ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးဆောင်ရွက်နိုင်ရန်၊ မြစ်များတွင် အနည်ကျမှုလျှော့ချနိုင်ရေးနှင့် ကမ်းပြိုကမ်းစားခြင်းများအား ကာကွယ်နိုင်ရေးအတွက် ပိုမိုထိရောက်သည့် အစီအစဉ်များ ရေးဆွဲချမှတ်နိုင်ရန်၊ လက်ရှိဆောင်ရွက်နေသည့် ရောဝတီမြစ်ရေလမ်းကြောင်း ကောင်းမွန်ရေးစီမံကိန်းကို တိုးမြှင့်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်တို့နှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

## လေဘေးသင့် အိမ်ထောင်စုများအား ကယ်ဆယ်ရေးပစ္စည်းများပေးအပ်

**ထီးလင်း မေ ၁၉**

ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ်တွင် မေ ၇ ရက်က အထက်ကျော်၊ ပလိန်ကိုင်း၊ ကျောက်ထု၊ ဒန့်ဒီး၊ ကျင်းကျေးရွာများတွင် လေပြင်းတိုက်ခတ်ပြီး အိမ်မိုးများပျက်စီးခဲ့သဖြင့် အဆိုပါပျက်စီးခဲ့သည့် မိသားစုများထံ ဆန်ဖိုး၊ ရိက္ခာထောက်ပံ့ငွေနှင့် ပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲကို မေ ၁၉ ရက်က ထီးလင်းမြို့ အောင်သပြေခန်းမ၌ ကျင်းပသည်။

ထောက်ပံ့ပွဲတွင် မကွေးတိုင်းဒေသကြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးနှင့် တာဝန်ရှိသူများက ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ထောက်ပံ့သည့် ငွေကျပ် ၅၉၁၂၀၀၊ ရိက္ခာဆန်ဖိုး၊ ပစ္စည်းလေးမျိုးတို့ကို ပေးအပ်ကြသည်။ (၁၀၁)

# NLD နာယက ဦးတင်ဦး၏ ကျန်းမာရေးအခြေအနေတိုးတက်လာ

**ရန်ကုန် မေ ၁၉**

ရန်ကုန်ပြည်သူ့ဆေးရုံကြီး၏ အထူးကြပ်မတ်ကုသဆောင်၌ ဆေးဝါးကုသမှုခံယူလျက်ရှိသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နာယက ဦးတင်ဦး ကျန်းမာရေးအခြေအနေမှာ တိုးတက်မှုရှိလာပြီဖြစ်ကြောင်း အဆိုပါဆေးရုံကြီးမှ သိရသည်။

"ဆေးရုံကြီးကိုစတင်ရောက်တဲ့ အချိန်ကနေ ၃၆ နာရီအတွင်းမှာပဲ မနေ့က မလှုပ်ရှားနိုင်တဲ့ ဘယ်ဘက်လက်က လှုပ်ရှားနိုင်နေပါပြီ၊ စကားတော့ပြောလို့ မရသေးပါဘူး၊ လက်မြှောက်ပြဆို လက်မြှောက်ပြနိုင်နေပါပြီ၊ မနေ့က အခြေအနေကတော့ ကျွန်မတို့ဘာပြောတယ်ဆိုတာ သူနားမလည်ပါဘူး၊ ဒီကနေ့မှာတော့ အများကြီးတိုးတက်လာပါတယ်"ဟု အဆိုပါဆေးရုံကြီးမှ (ဦးနှောက်နှင့် အာရုံကြောဆေးကုဌာန) ပါမောက္ခ ဒေါက်တာဝင်းမင်းသစ်က ပြောကြားသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နာယက ဦးတင်ဦး၏ ကျန်းမာရေးအခြေအနေနှင့်ပတ်သက်၍ ယနေ့ညနေပိုင်းက ရန်ကုန်ပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ဆေးရုံအုပ်ကြီး ဒေါက်တာအေးကိုကို ဦးဆောင်ပြီး သက်ဆိုင်ရာ ကဏ္ဍအလိုက် ပါမောက္ခဆရာဝန်ကြီးများ၊ အထူးကုဆရာဝန်ကြီးများပါဝင်ကာ ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ၎င်းက ယင်းကဲ့သို့ပြောကြားခြင်းဖြစ်သည်။

ဆက်လက်၍"ဆေးရုံကိုရောက်လာတဲ့ အချိန်တုန်းက ညာဘက်တစ်ခြမ်း မလှုပ်နိုင်သလို ဘယ်ဘက်တစ်ခြမ်းကလည်း သိပ်မလှုပ်နိုင်ပါဘူး၊ သတိကလည်း သိပ်မကောင်းပါဘူး၊ ကျွန်မတို့ဆေးပညာအရ လက်လှုပ်ရှားတာတွေ၊ မျက်စိလှုပ်ရှားတာတွေက လူကောင်းတစ်ယောက်မှာ ရှိသင့်တဲ့ပုံစံမျိုး မဟုတ်ပါဘူး၊ ဦးနှောက်ထဲကိုသွားတဲ့ သွေးကြောမကြီး ပိတ်သွားတာကြောင့် သူရဲ့ခန္ဓာကိုယ်ရယ်၊ ဦးနှောက်ရဲ့ လှုပ်ရှားမှုတွေက သာမန်လူလို မလှုပ်ရှားတော့ပါဘူး၊ ဒါကတော့ လေဖြတ်ရောဂါတွေမှာ ဖြစ်လေ့ဖြစ်ထရှိတဲ့ ပုံစံမျိုးပဲဖြစ်ပါတယ်၊ ဦးနှောက်ရဲ့ ဘယ်ဘက်တစ်ခြမ်းမှာ လေဖြတ်သွားတော့ စကားပြောလို့ မရဘူး၊ အစာမျိုလို့မရဘူး၊ ခြေတွေလက်တွေလည်း လှုပ်ရှားလို့ မရဘူး၊ မနေ့ကထက် ဒီကနေ့မှာတော့ ကျန်းမာရေးအခြေအနေ တိုးတက်လာပါတယ်"ဟု ၎င်းက ပြောသည်။

ဦးတင်ဦးသည် မေ ၁၇ ရက် ည ၁၁ နာရီခန့်က ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြား (၁)ရပ်ကွက်ရှိ ၎င်း၏ နေအိမ်ရေချိုးခန်းအတွင်း ချော်လဲရာမှ သတိလစ်သွားသဖြင့် SSC (ပုဂ္ဂလိကဆေးရုံ)သို့ ပို့ဆောင်၍ ဆေးကုသမှုခံယူခဲ့ကာ မေ ၁၈ ရက် နံနက် ၃ နာရီခန့်တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၏ ဦးနှောက်နှင့် အာရုံကြောကုသဌာနသို့ ပြောင်းရွှေ့ဆေးဝါးကုသမှုခံယူခဲ့ပြီး နံနက် ၈ နာရီခွဲခန့်တွင် လိုအပ်ချက်အရ အထူးကြပ်မတ်ကုသဆောင်သို့ပို့အပ်ကာ ဆေးဝါးကုသမှု ဆက်လက်ခံယူခဲ့ကြောင်း သိရသည်။

အသက်(၉၁) နှစ်အရွယ်ရှိ ဦးတင်ဦးသည် မူလက နှလုံးနှင့် သွေးတိုးရောဂါရှိသူတစ်ဦးဖြစ်သည့်အပြင် လေဖြတ်ရောဂါသည် အချိန်အနည်းငယ်အတွင်း ပြန်လည်ကောင်းမွန်သည့်ရောဂါမျိုးမဟုတ်သည့်အတွက် လိုအပ်သည့် အချိန်အတိုင်းအတာတစ်ခုအထိပေးရန် လိုအပ်ကြောင်း၊ နှလုံးခုန်နှုန်း အတက်အကျမမှန်မှုများ ရှိနေသေးသည့်အတွက် ရာနှုန်းအပြည့်အာမခံ၍ မရသေးကြောင်း၊ သွေးခဲမှုကို ခွဲစိတ်ကုသမှုများ ပြုလုပ်ရန် မလိုအပ်သော်လည်း ကျန်းမာရေးအခြေအနေအရ စောင့်ကြည့်ကာလအဖြစ် ရက်သတ္တပတ် တစ်ပတ်အထိ လိုအပ်မည်ဖြစ်ကြောင်း ၊ စောင့်ကြည့်ကာလတွင် အခြေအနေတိုးတက်ကောင်းမွန်လာပါက ရက်သတ္တပတ် နှစ်ပတ်ခန့်ဆေးရုံတွင် ပြန်လည်သန်စွမ်းရေးအတွက် ကုသမှုများပြုလုပ်သွားရန် လိုအပ်မည်ဖြစ်ကြောင်း အဆိုပါရှင်းလင်းပွဲမှ သိရသည်။

**ဇော်ကြီး(ပဏီတ)**

# ၂၀၁၇ ခုနှစ် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေရှင်းလင်းပွဲကျင်းပ

**မုံရွာ မေ ၁၉**

အခွန်ကောက်ခံခြင်းသည် အစိုးရ၏ အသုံးစရိတ်ငွေများရရှိစေရန် သက်သက်မဟုတ်ဘဲ အခွန်ကောက်ခံခြင်းဖြင့် နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေး ရည်မှန်းချက်များ အောင်မြင်မှုရရှိစေရန် အထောက်အကူပြုရေးနှင့် ထိန်းချုပ်ရေးကိရိယာအဖြစ် ဆောင်ရွက်ခြင်းဖြစ်ကြောင်း မေ ၁၉ ရက် နံနက် ၁၀ နာရီက မုံရွာမြို့ မြသလ္လာခန်းမ၌ ကျင်းပသော ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ၂၀၁၇ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေရှင်းလင်းပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးတင်မောင်ဆွေက ပြောကြားသည်။

"အများပြည်သူအကျိုး သုံးစွဲဖို့ လိုအပ်တဲ့အသုံးစရိတ်ငွေတွေ ရရှိဖို့ လူတစ်ဦးချင်းနဲ့ စီးပွားရေးလုပ်ငန်းတွေက အစိုးရကို မပေးမနေရ ပေးဆောင်ရတဲ့ ငွေကို အခွန်လို့ခေါ်ပါတယ်။ နိုင်ငံသားတိုင်း အခွန်ပေးဆောင်ဖို့ တာဝန်ရှိသလို အခွန်ပေးဆောင်ရတဲ့အတွက် ပေးဆောင်ရတဲ့ လူပုဂ္ဂိုလ်တစ်ဦးချင်း တိုက်ရိုက်အကျိုးခံစားခွင့်မရှိဘဲ ပြည်သူတစ်ရပ်လုံးအတွက် ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး စတဲ့အများပြည်သူအကျိုးပြုလုပ်ငန်းတွေကို အစိုးရက ကျခံသုံးစွဲနိုင်ဖို့အတွက် အခွန်ကိုအသုံးစရိတ်ငွေအဖြစ် အသုံးပြုပါတယ်။ အခွန်ကောက်ခံတာဟာ အစိုးရရဲ့ အသုံးစရိတ်ငွေတွေ ရရှိစေဖို့ သက်သက်မဟုတ်ဘဲ အခွန်ကောက်ခံတာနဲ့ နိုင်ငံတော်ရဲ့စီးပွားရေး၊ လူမှုရေးရည်မှန်းချက်တွေ အောင်မြင်မှုရရှိစေဖို့ အထောက်အကူပြုရေးနဲ့ ထိန်းချုပ်ရေးကိရိယာအဖြစ် ဆောင်ရွက်တာဖြစ်ပါတယ်"ဟု ဦးတင်မောင်ဆွေက ပြောကြားသည်။



အခွန်အကောက်ဥပဒေရှင်းလင်းပွဲတွင် မုံရွာမြို့ပေါ်ရှိ အခွန်ထမ်းစီးပွားရေးလုပ်ငန်းရှင်ကြီးများ၊ဖိတ်ကြားထားသူများ တက်ရောက်၍ သိရှိလိုသော အခွန်အကောက်ဆိုင်ရာ အချက်အလက်များကို မေးမြန်းရာ အခွန်ဦးစီးဌာနမှ တာဝန်ရှိသူများက ပြန်လည်ဖြေကြားသည်။ ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန်၊ တံဆိပ်ခေါင်းခွန်၊ အောင်ဘာလေသိန်းဆုခွန်နှင့်အထူးကုန်စည်ခွန်များကို ကောက်ခံလျက်ရှိကြောင်း သိရသည်။

နိုင်ငံသားတိုင်းဥပဒေအရ ပေးဆောင်ရမည့် အခွန်အကောက်များ ပေးဆောင်ရန် တာဝန်ရှိပြီး ပေးဆောင်ရမည့်အခွန်များကို အခွန်ထမ်းပြည်သူများက ထမ်းဆောင်ရာတွင် မျှတမှုရှိစေရန်၊ ရှင်းလင်းလွယ်ကူစေရန် စသည့် ရည်ရွယ်ချက်များဖြင့် ၂၀၁၇ ခုနှစ် ပြည်ထောင်စုအခွန်အကောက်ဥပဒေကို ပြဋ္ဌာန်းပေးခဲ့ရာ ပြဋ္ဌာန်းချက်များသည် ၂၀၁၇ ခုနှစ် ဧပြီ ၁ ရက်က စတင်အကျိုးသက်ရောက်ကြောင်း သိရသည်။ **မျိုးဝင်းထွန်း (မုံရွာ)**

# ၂၀၁၇ ခုနှစ် ဧပြီလအတွင်း ပြည်ပသို့ တရားဝင်အလုပ်သွားရောက်လုပ်ကိုင်သူ ၁၀၀၀၀ ကျော်နှင့် ပြည်တွင်းအလုပ်နေရာ ၁၁၀၀၀ ကျော်အား ခန့်ထားနိုင်ခဲ့

**နေပြည်တော် မေ ၁၉**

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်လုပ်ကိုင်နိုင်သူ တစ်ဦးချင်းဝင်ငွေတိုးပွားစေရေးအတွက် ရည်ရွယ်၍ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရေးအတွက် ပြည်ပသို့ တရားဝင်စေလွှတ်ခြင်းနှင့် ပြည်တွင်းအလုပ်အကိုင်များရှာဖွေပေးခြင်းတို့အား အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

၂၀၁၇ ခုနှစ်အတွင်း ပြည်တွင်းအလုပ်အကိုင်ရရှိရေးကို ဦးစားပေးဆောင်ရွက်ပေးခဲ့ပြီး သင့်တော်ကောင်းမွန်သည့် အလုပ်အကိုင်များရရှိစေရေးနှင့် အလုပ်ရှင်များအတွက်လည်း အလုပ်သမားလုံလောက်စွာ ခန့်အပ်ထားရှိရန် အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများတွင် Labour Exchange Management System ဖြင့် Online မှ ဆောင်ရွက်ပေးခြင်းတို့ကို လုပ်ဆောင်လျက်ရှိရာ ၂၀၁၇ ခုနှစ် ဧပြီလအတွင်း အောက်ဖော်ပြပါအတိုင်း အလုပ်အကိုင်များ ဆောင်ရွက်ပေးခဲ့ကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ သိရသည်။

**(မြန်မာ့အလင်း)**

**၂၀၁၇ခုနှစ် ဧပြီလအတွင်း ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် အလုပ်ရရှိမှုအခြေအနေ**

| စဉ် | ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ပြည်နယ် | အလုပ်ရ | | | မှတ်ချက် |
|---|---|---|---|---|---|
| | | အစိုးရ | ပုဂ္ဂလိက | စုစုပေါင်း | |
| ၁။ | ပြည်ထောင်စုနယ်မြေ | ၁၅၁ | ၃၀ | ၁၈၁ | |
| ၂။ | ရန်ကုန်တိုင်းဒေသကြီး | ၁၆၆ | ၈၁၅၅ | ၈၃၂၁ | |
| ၃။ | ဧရာဝတီတိုင်းဒေသကြီး | ၆၆ | ၁၂၅ | ၁၉၁ | |
| ၄။ | ပဲခူးတိုင်းဒေသကြီး | ၁၀၉ | ၈၇၆ | ၉၈၅ | |
| ၅။ | မန္တလေးတိုင်းဒေသကြီး | ၁၃၂ | ၄၆၆ | ၅၉၈ | |
| ၆။ | စစ်ကိုင်းတိုင်းဒေသကြီး | ၂၀၆ | ၂၄ | ၂၃၀ | |
| ၇။ | မကွေးတိုင်းဒေသကြီး | ၁၀၉ | ၄၆၉ | ၅၇၈ | |
| ၈။ | တနင်္သာရီတိုင်းဒေသကြီး | ၂၇ | ၅၃ | ၈၀ | |
| ၉။ | ကချင်ပြည်နယ် | ၃၁ | ၃၇ | ၆၈ | |
| ၁၀။ | ကယားပြည်နယ် | ၁၂ | | ၁၂ | |
| ၁၁။ | ကရင်ပြည်နယ် | ၂၈ | ၄၈ | ၇၆ | |
| ၁၂။ | ချင်းပြည်နယ် | ၈၂ | | ၈၂ | |
| ၁၃။ | မွန်ပြည်နယ် | ၅၄ | ၄၁ | ၉၅ | |
| ၁၄။ | ရခိုင်ပြည်နယ် | ၃၅ | ၁၀၁ | ၁၃၆ | |
| ၁၅။ | ရှမ်းပြည်နယ် | ၉၆ | ၇၁ | ၁၆၇ | |
| | **စုစုပေါင်း** | **၁၃၀၄** | **၁၀၄၉၆** | **၁၁၈၀၀** | |

**၂၀၁၇ခုနှစ် ဧပြီလအတွင်း နိုင်ငံအလိုက် ပြည်ပအလုပ်အကိုင်ရရှိမှု အခြေအနေ**

| စဉ် | နိုင်ငံ | စေလွှတ်ဦးရေ | မှတ်ချက် |
|---|---|---|---|
| ၁။ | မလေးရှားနိုင်ငံ | ၇၄ ဦး | |
| ၂။ | စင်ကာပူနိုင်ငံ | ၁၈ ဦး | |
| ၃။ | ကိုရီးယားနိုင်ငံ | ၆၆၁ ဦး | |
| ၄။ | ထိုင်းနိုင်ငံ | ၉၄၃၇ ဦး | |
| ၅။ | ဂျပန်နိုင်ငံ | ၂၆၈ ဦး | |
| ၆။ | ယူအေအီး | ၁၄ ဦး | |
| ၇။ | ကာတာနိုင်ငံ | ၁၈ ဦး | |
| ၈။ | မကာအိုနိုင်ငံ | ၁ ဦး | |
| | **စုစုပေါင်း** | **၁၀၄၉၁ ဦး** | |

✳ *ကျော့ဖုံးမှ*

အောင်ဆန်းကွင်း၌ GFA အသင်းနှင့် ဟံသာဝတီ အသင်း၊ မေ ၂၁ ရက်တွင် မော်လမြိုင်ကွင်း၌ Southern အသင်းနှင့် ရန်ကုန်အသင်း၊ သုဝဏ္ဏကွင်း၌ မကွေးအသင်းနှင့် နေပြည်တော်အသင်း၊ တောင်ကြီးကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် ချင်းယူနိုက်တက်အသင်း၊ မေ ၂၂ ရက်တွင် မန္တလာသီရိကွင်း၌ ရတနာပုံအသင်းနှင့် ဧရာဝတီအသင်း၊ အောင်ဆန်းကွင်း၌ ဇွဲကပင်အသင်းနှင့် ရခိုင်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပွဲစဉ် (၁၃)အပြီးတွင် ရန်ကုန်အသင်းက ၃၅ မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်လျက်ရှိပြီး ရှမ်းယူနိုက်တက်အသင်းက ၂၉ မှတ်၊ လက်ရှိချန်ပီယံ ရတနာပုံအသင်းက ၂၈ မှတ်၊ ဧရာဝတီအသင်းက ၂၂ မှတ်၊ ရခိုင်အသင်းက ၁၇ မှတ်၊ Southern ၊ မကွေးနှင့် ဇွဲကပင်အသင်းတို့က ၁၄ မှတ်စီ၊ ဟံသာဝတီအသင်းက ၁၁ မှတ်၊ ချင်းယူနိုက်တက်နှင့် GFA အသင်းတို့က ၁၀ မှတ်စီ၊ နေပြည်တော်အသင်းက ကိုးမှတ်ရရှိထားသည်။

ယခုလအတွင်း ယှဉ်ပြိုင်ရမည့် လေးပွဲတွင် အဝေးကွင်းသုံးပွဲကစားရမည့် ထိပ်ဆုံးမှ ရန်ကုန်အသင်းအတွက် ချန်ပီယံရယူနိုင်ရန် အရေးပါလျက်ရှိပြီး ပထမဆုံးအဝေးကွင်းဖြစ်သည့် ဧရာဝတီနှင့်ပွဲတွင် တစ်ဂိုးစီသရေကျခဲ့သည်။ Southern အသင်းသည် လက်ရှိတွင် ခြေစွမ်းရော ရလဒ်ပိုင်းပါ တိုးတက်လာပြီး အိမ်ကွင်း၌ ကစားရမည်ဖြစ်သောကြောင့် ပိုမိုရုန်းကန်ဖွယ်ရှိနေသည်။ နည်းပြသစ် ဖေဘီယာနို (ဇေယျာရွှေမြေအသင်း နည်းပြဟောင်း)၊ အသစ်ခေါ်ထားသည့် ဘရာဇီးကွင်းလယ်တိုက်စစ်ကစားသမား ဂူစတာဗိုတို့ရောက်ရှိလာပြီးနောက်ပိုင်းတွင် Southern အသင်း ကစားပုံပိုကောင်းလာပြီး ရန်ကုန်အသင်းကို ယှဉ်ကစားနိုင်ကာ အမှတ်ရယူနိုင်ခြင်း ရှိ၊ မရှိ စောင့်ကြည့်ရမည်ဖြစ်သည်။

ထို့အပြင် လက်ရှိချန်ပီယံ ရတနာပုံအသင်းမှာလည်း အိမ်ကွင်း၌ စတုတ္ထနေရာမှ ဧရာဝတီနှင့် ပွဲကျပ်ကစားရမည်ဖြစ်ပြီး ယခုပွဲတွင်သာ အမှတ်ဆုံးရှုံးခဲ့ပါက ချန်ပီယံဆုကာကွယ်နိုင်ရန် အခွင့်အရေးအလွန်နည်းသွားမည်ဖြစ်သည်။ ထို့ကြောင့် ရတနာပုံအသင်းအနေဖြင့် ယခုပွဲအား မဖြစ်မနေ အနိုင်ကစားနိုင်ရန် လိုအပ်နေသည်။ ထိပ်ဆုံးမှ ရန်ကုန်အသင်း၊ တတိယနေရာမှ ရတနာပုံအသင်း ပွဲကျပ်ကစားရမှုကို ဒုတိယနေရာက ရှမ်းယူနိုက်တက်အသင်း အသုံးချနိုင်မည်လားဆိုတာ စိတ်ဝင်စားစရာကောင်းနေပြီး ပြိုင်ဘက်အသင်းမှာ အသင်းကြီးမဟုတ်သော်လည်း တန်းဆင်းဇုန်မှလွတ်ရန် ရုန်းကန်နေသည့် ချင်းယူနိုက်တက်အသင်းဖြစ်သောကြောင့် အားကုန်ထုတ်ကစားရဖွယ်ရှိနေသည်။ ယခုတစ်ပတ်ပွဲများတွင် ထိပ်ပိုင်းမှအသင်းများ အမှတ်ကွာဟမှု ကျဉ်းမြောင်းနိုင်မလား၊ အမှတ်ပိုပြတ်သွားမလား၊ တန်းဆင်းဇုန်အတွက် ရုန်းကန်နေသည့်အသင်းများ ဘယ်အသင်းခြေချော်သွားမလဲဆိုတာ မကြာမီတွေ့မြင်ရတော့မည်ဖြစ်သည်။

● *ကျော့ဖုံးမှ*

ဒေသဆိုင်ရာအစိုးရ၊ လျှပ်စစ်ဓာတ်အားရောင်းသူ/ဝယ်သူကုမ္ပဏီများ အဆင့်ဆင့် စာချုပ်ပြီးသည်နှင့် တစ်ပြိုင်နက် လုပ်ငန်းများစတင်နိုင်မည်ဟု ခန့်မှန်းထားကြောင်း၊ အဆိုပါ ဆိုလာစွမ်းအင်ဓာတ်အားပေးရေးလုပ်ငန်းကို မအူပင်စက်မှုဇုန်အနီး ဖော်ဆောင်သွားရန် လိုအပ်သော မြေဧက ၁၅၀ ကိုလည်း ရရှိထားပြီဖြစ်ကြောင်း၊ လိုအပ်သောစာချုပ်များ လက်မှတ်ရေးထိုးပြီးပါက ၂၀၁၇ ခုနှစ်အတွင်း လုပ်ငန်းပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဆိုလာစွမ်းအင် စီမံကိန်းတစ်ခုလုံးအတွက် အမေရိကန်ဒေါ်လာ သန်း ၉၀ အကုန်အကျခံ တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ လျှပ်စစ်ဓာတ်အား တစ်ယူနစ် ၅ ဒသမ ၅ဘတ်ဖြင့် ရောင်းချရန်အကြမ်းအားဖြင့် လျာထားကြောင်း၊ လောလောဆယ် မအူပင်စက်မှုဇုန်အတွက်သာဖြစ်ကြောင်း သိရသည်။

**ဖြန့်ဖြူးပေးသွားမည်**

မေ ၉ ရက်က စတင်ဖွင့်လှစ်လိုက်သော မအူပင်စက်မှုဇုန်အတွက် အလုပ်အကိုင်အခွင့်အလမ်း ခုနစ်သောင်းကျော် ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း၊ သုံးနှစ်အတွင်း အလုပ်အကိုင်အခွင့်အလမ်း နှစ်သိန်းဖန်တီးပေးရန် မျှော်မှန်းထားကြောင်း၊ လိုအပ်သော လျှပ်စစ်ဓာတ်အားကို ဆိုလာစွမ်းအင်ဖြင့် မဂ္ဂါဝပ် ၃၀ ထုတ်လုပ်ကာ ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မအူပင်စက်မှုဇုန်နှင့် ညောင်တုန်းစက်မှုဇုန်တို့ကို ဧရာဝတီတိုင်းဒေသကြီးအတွက် အဓိကထား၍ စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဧရာဝတီတိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဂျိုးမြတ်မြတ်သူက ပြောသည်။

# လမ်းသစ်အိမ်ရာအသစ်ပြန်လည်တည်ဆောက်မည့်အပေါ် အိမ်ရာနေပြည်သူများမျှော်လင့်

**ရန်ကုန် မေ ၁၉**

လမ်းမတော်မြို့နယ် ကျုံးကြီးမြောင်းဘေးရှိ လမ်းသစ်အိမ်ရာသစ် ပြန်လည်တည်ဆောက်မည်ဖြစ်ရာ နှစ်အနည်းငယ်အတွင်း အဆင့်မြင့် အထပ်မြင့်အိမ်ရာအဖြစ် မြင်တွေ့လာနိုင်ခြင်းအပေါ် အိမ်ရာနေသူများက မျှော်လင့်လျက်ရှိကြောင်း သိရသည်။

လမ်းမတော်မြို့နယ် လမ်းသစ်ရိပ်သာတွင် လေးထပ်တိုက် ၁၁ လုံး၊ တိုက်ခန်းပေါင်း ၂၆၄ ခန်းရှိပြီး တိုက်တစ်တိုက်လျှင် နှစ်ဦးနှုန်း၊ အိမ်ရာအသစ်ပြန်လည်တည်ဆောက်ရာတွင် တိုက်ခန်းနေပြည်သူများ၏ ကိုယ်စား ၂၀၁၇ နှစ်ဆန်းပိုင်းတွင် ရွေးချယ်ထားခြင်းရှိခဲ့သည်ဟု လမ်းသစ်ရိပ်သာနေ ဦးသန်းညွန့်က ပြောသည်။



လမ်းမတော်မြို့နယ် ၁၁ ရပ်ကွက်ရှိလမ်းသစ်အိမ်ရာအား အသစ်ပြန်လည်တည်ဆောက်မည်ဖြစ်ရာ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ဆက်သွယ်တွေ့ဆုံဆွေးနွေးခြင်းပြုလုပ်ရန် အိမ်ရာကော်မတီဝင်များက ငါးဦးရွေးချယ်ခြင်းကို မတ် ၁၆ ရက်က ယင်းရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ပြုလုပ်ခဲ့သည်။

၂၀၁၆ ခုနှစ်အတွင်း ယင်းအိမ်ရာ တည်ဆောက်ရေးလုပ်ငန်းများ တင်ဒါခေါ်ယူခြင်းကို ပြုလုပ်ခဲ့ပြီး ယင်းအိမ်ရာ စီမံကိန်းအား အသစ်ပြန်လည်တည်ဆောက်မည့် ကုမ္ပဏီကို ယခုလအတွင်းအပြီး ရွေးချယ်သွားမည်ဟု မေလဒုတိယပတ်က ပုံနှိပ်မီဒီယာများတွင် ဖော်ပြ၍ အိမ်ရာနေသူများ စိတ်ဝင်စား စုံစမ်းခြင်းများရှိလာသည်ဟု ယင်းအိမ်ရာအတွင်းနေသူ ဦးရွှေစင်က ပြောသည်။

အဆောက်အအုံများအပြင် အိမ်ရာစီမံကိန်းတွင် ပါဝင်သင့်သောယာဉ်ရပ်နားရာနေရာ၊ အပန်းဖြေနေရာ၊ မြေပြင်ကလေးကစားကွင်းစသည်တို့ပါရှိပြီး အထပ်မြင့် အဆောက်အအုံများဖြင့် စိမ်းလန်းစိုပြည်သည့် မြင်ကွင်းများ ပါဝင်ပေးစေလိုသည်ဟု ယင်းအိမ်ရာနေ အငြိမ်းစားပညာရေးဝန်ထမ်းတစ်ဦးက ပြောသည်။

လမ်းမတော်မြို့နယ်အတွင်း ၂၀၁၈ တွင် စတင်တည်ဆောက်မည့် ဒလမြစ်ကူးကြိုးတံတားသည် ယင်းလမ်းသစ်အိမ်ရာဘေး ဘုန်းကြီးလမ်းပေါ်မှ ဖြတ်သန်းသွားမည်ဖြစ်သည်။

၁၉၆၀ ပြည့်နှစ် ဝန်းကျင်မှယနေ့အထိ နှစ်ပေါင်း ၆၀ ဝန်းကျင်သက်တမ်း ရှိလာပြီဖြစ်သောလမ်းမတော်မြို့နယ် ကျုံးကြီးမြောင်းဘေးရှိ လမ်းသစ်အိမ်ရာသည် နှစ်အနည်းငယ်အတွင်း အဆင့်မြင့် အထပ်မြင့် အိမ်ရာအဖြစ် မြင်တွေ့လာနိုင်ခြင်းအပေါ် အိမ်ရာနေသူများက မျှော်လင့်နေကြကြောင်း သိရသည်။

ရန်ကုန်မြို့တွင် အိုးအိမ်နှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ၅၁ လမ်းအိမ်ရာနှင့် လင့်လမ်းအိမ်ရာစီမံကိန်းအသစ်များ တည်ဆောက်အကောင်အထည်ဖော်နေရာမှ လမ်းသစ်အိမ်ရာကို အထပ်မြင့်စီမံကိန်းအဖြစ် ပြန်လည်တည်ဆောက်ရန်ဖြစ်သည်ဟု သိရသည်။ **ခင်ဆိုင်**

## လူမှုရေးပင်စင်ထောက်ပံ့မှု လုပ်ငန်းညှိနှိုင်း

**လွိုင်ကော် မေ ၁၉**

လူမှုရေးပင်စင်ထောက်ပံ့မှုဆိုင်ရာ ပြည်နယ်အဆင့်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၁၇ ရက်က လွိုင်ကော်မူလတန်းကြိုကျောင်းခန်းမ၌ ပြုလုပ်ရာ ကယားပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်ကြည်က အမှာစကားပြောကြားပြီး ဘိုးဘွားစာရင်းများနှင့် ပတ်သက်၍လည်းကောင်း၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနများအတွက် ပထမဆုံး လူမှုရေးပင်စင်ပေးချေမှု လမ်းညွှန်ချက်များအားလည်းကောင်း၊ ရပ်ကွက်/ ကျေးရွာ အုပ်ချုပ်ရေးမှူးများအတွက် ပထမဆုံး လူမှုရေးပင်စင်ပေးချေမှုအတွက် လမ်းညွှန်ချက်များအားလည်းကောင်း၊ နောက်ထပ်တိုး (ဘိုး/ဘွား)စာရင်းပေးပို့ရမည့် အခြေအနေများအားလည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

အသက်(၉၀)နှင့်အထက် အဘိုးအဘွားတစ်ဦးအားတစ်လလျှင် ငွေကျပ်၁၀၀၀၀ နှုန်းဖြင့် သုံးလလျှင် တစ်ကြိမ် ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း၊ ပြည်နယ်အတွင်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပထမဆုံး ဧပြီ၊ မေ၊ ဇွန်သုံးလတွင် ပေးမည့် အသက် (၉၀) နှင့်အထက် အဘိုး ၅၃ ဦး၊ အဘွား ၅၈ ဦး စုစုပေါင်း ၁၁၁ ဦးအား လူမှုရေးပင်စင်ထောက်ပံ့မှု ပေးအပ်သွားမည်ဖြစ်ကြောင်း၊ နောက်သုံးလတစ်ကြိမ် ပေးသွားရန်အတွက် အသက် (၉၀) ပြည့် ဘိုးဘွားစာရင်း ထပ်မံပေးပို့သွားရန်နှင့် လက်ရှိပေးပို့ထားသော စာရင်းတွင် သေဆုံးဘိုးဘွား စာရင်းအား ပယ်ဖျက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

# ရေစီးရေလာကောင်းမွန်ရေးနှင့် မြစ်ကမ်းခြေမြေများပိကျခြင်း ရှိ မရှိ ကွင်းဆင်းစစ်ဆေး

**ကန့်ဘလူ မေ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်အတွင်း ရောဝတီမြစ်ကမ်းဘေးရှိ မလယ်၊ ရွာသာယာနှင့် မုန်သာကျေးရွာများသို့ မေ ၁၇ ရက်က ခရိုင်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌဦးကျော်ဇာနည်လွင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများသည် ရေစီးရေလာကောင်းမွန်ရေးနှင့်မြစ်ကမ်းခြေမြေပြိုကျခြင်း ရှိ၊မရှိ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။



ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မလယ်ကျေးရွာ၌ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရေယာဉ်လုပ်သားများ တွေ့ဆုံ၍ ရေကြောင်းပြောင်းလဲခြင်းများကို သတိထားသွားလာကြရန်၊ ရာသီဥတုမိုးလေဝသအခြေအနေများ ဂရုစိုက်သွားလာကြရန်၊ မိုးလေဝသသတင်းများကိုလည်း သိရှိအောင်လေ့လာထားကြရန်၊သတ်မှတ်ကုန်စည်နှင့် သတ်မှတ်ဦးရေထက် ပိုပြီးမတင်ကြရန်၊ ယာဉ်ကြံ့ခိုင်မှုတို့ကိုစစ်ဆေးကြရန် လိုအပ်ကြောင်း ဆွေးနွေးမှာကြားခဲ့သည်။

ထို့နောက် ရောဝတီမြစ်ကမ်းခြေရှိ ကျေးရွာများတစ်လျှောက် ကမ်းပြိုကျမှု ရှိ၊ မရှိတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

## အခွန်အကောက်ဥပဒေနှင့်အခွန်ဆိုင်ရာများရှင်းလင်း



**စစ်တွေ မေ ၁၉**

၂၀၁၇ ခုနှစ် ပြည်ထောင်စု၏အခွန်အကောက် ဥပဒေနှင့် အခွန်ဆိုင်ရာ ကိစ္စရပ်များ ရှင်းလင်းပွဲကို မေ ၁၈ ရက်က စစ်တွေမြို့ရှိ ရခိုင်ပြည်နယ်အခွန်ဦးစီးဌာနမှူးရုံး၌ ကျင်းပရာ အခွန်ထမ်းပြည်သူများတက်ရောက်ကြကြောင်း သိရသည်။

ရှေးဦးစွာ ပြည်နယ်အခွန်ဦးစီးဌာနမှူး ဦးဝင်းအောင်ညိုက အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးအောင်ဝင်းက ကုန်သွယ်လုပ်ငန်းခွန်၊ အထူးကုန်စည်နှင့် ဝင်ငွေခွန်ကိစ္စရပ်များကိုလည်းကောင်း၊ ဦးစီးအရာရှိ ဒေါ်လှလှအေးက တံဆိပ်ခေါင်းခွန်နှင့် အောင်ဘာလေသိန်းဆုခွန်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြကာ တက်ရောက်လာကြသည့် အခွန်ထမ်းများက သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ရှင်းလင်းဖြေကြားပေးကြသည်။

အဆိုပါရှင်းလင်းပွဲကို အခွန်ထမ်းပြည်သူများ အခွန်ဆိုင်ရာ အသိပညာဗဟုသုတတိုးပွားစေပြီး မိမိတို့ဆန္ဒအလျောက် အခွန်ပေးဆောင်လာစေရန်ရည်ရွယ်၍ ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။ **သတင်း-ကိုကြီးစော၊ဓာတ်ပုံ-ညစော**

# ဖျာပုံမြို့တွင် ပထမဆုံး ခေတ်မီ 3D ရုပ်ရှင်ရုံသစ်ဖွင့်မည်

**ဖျာပုံ မေ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့အမှတ်(၁၂)ရပ်ကွက် ဒုတိယလမ်း ပန်းခြံအနီး PARADISO CINE- MAS Co.,Ltd. ၏ PARADISO အမည်ရှိ အဆင့်မြင့် 3D ရုပ်ရှင်ရုံသစ်ကို မေ ၂၆ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့မြို့က ခရိုင်မြို့ဖြစ်တယ်။ ဒီလိုမြို့မှာ 3D အဆင့်မြင့် ရုပ်ရှင်ရုံရှိတာကောင်းတာပေါ့။ ဒါကမြို့အတွက် ပထမဦးဆုံး အဆင့်မြင့်ရုပ်ရှင်ရုံပဲ။ မြို့ခံတစ်ယောက်အနေနဲ့ ဝမ်းသာဂုဏ်ယူပါတယ်" ဟု ဦးအေးအောင်က ပြောသည်။

အဆိုပါ ရုပ်ရှင်ရုံသစ်တွင် ရုံဝင်ကြေးအဖြစ် ငွေကျပ် ၁၂၀၀၊ ၁၇၀၀၊ ၂၂၀၀ နှင့် နှစ်ယောက်တွဲထိုင်ခုံ တစ်စုံလျှင်ငွေကျပ် ၅၄၀၀ ကောက်ခံမည်ဖြစ်ကြောင်း၊ စနေနေ့နှင့် တနင်္ဂနွေရုံး ပိတ်ရက်များတွင် တစ်နေ့သုံးပွဲနှင့် တနင်္လာနေ့မှ သောကြာနေ့အထိ ရုံးဖွင့်ရက်များတွင် တစ်နေ့နှစ်ပွဲပြသမည်ဖြစ်ကြောင်း သိရသည်။

"ဒီနေ့ မေ ၁၉ ရက်မှာ ဖွင့်ပွဲအကြို အထိမ်းအမှတ်အဖြစ် ဖျာပုံမြို့ရှိ ရုပ်ရှင်ချစ်ပရိသတ်အတွက် မာယာစတိုင် ရုပ်ရှင်ကားကို Free show ပြသလျက် ရှိပါတယ်။ ဖွင့်ပွဲအခမ်းအနားကို လာမယ့် မေ ၂၆ ရက်မှာ နိုင်ငံကျော် အနုပညာရှင်တွေနဲ့အတူ ဖွင့်လှစ်ပေးဖို့ စီစဉ်ဆောင်ရွက်နေပါတယ်" ဟု PARADISO (Pyapon) ရုပ်ရှင်မှ မန်နေဂျာ အောင်ကိုမင်းက ပြောသည်။




ဖျာပုံမြို့တွင် ယခင်ကဖလင်နှင့်ပြသသည့် ရုပ်ရှင်နှစ်ရုံရှိခဲ့သည်။ ယင်းရုပ်ရှင်ရုံများကို ပုဂ္ဂလိကသို့ လွှဲပြောင်းပြီး နောက်ပိုင်း ဆန်းမေတာ(ကမ်းနားရုံ)က ရုပ်ရှင်ဆက်လက်ပြသခဲ့သော်လည်း နာဂစ်မုန်တိုင်းတိုက်ခတ်စဉ်က အဆောက်အအုံနှင့် စက်ပစ္စည်းများ ထိခိုက်မှုများရှိခဲ့သည့်အတွက် ရုပ်ရှင် ပြသမှုရပ်ဆိုင်းခဲ့ရပြီး ယခုအခါ ဆက်လက်ပြနိုင်ရေးအတွက် လိုအပ်သည့် ပြင်ဆင်မှုများ ဆောင်ရွက်နေကြောင်းဆန်းမေတာရုပ်ရှင်ရုံပိုင်ရှင် ဦးအောင်ခိုင်ဝင်းထံမှ သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

## မူခင်းအသိပညာပေးဆောင်ရွက်

**ရန်ကုန် မေ ၁၉**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရဲတပ်ဖွဲ့မှ မှုခင်းကျဆင်းရေးအတွက် အသိပညာပေးပြခန်းယာဉ်ဖြင့် မေ ၁၆ ရက်က ဗဟန်းကြားတောရလမ်းတွင် မှုခင်းအသိပညာပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ခဲ့ရာတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဆွေဝင်းက မှုခင်းအသိပညာပေးခြင်းများကိုလည်းကောင်း၊ ရဲအုပ်သိန်းဌေးက လူကုန်ကူးမှုအသိပညာပေးခြင်းကို လည်းကောင်း၊ ရဲအုပ်ဇော်ဇော်နိုင်က မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးခြင်းတို့ကို လည်းကောင်း၊ ပြခန်းယာဉ်ဖြင့် ပြည်သူများအား ပြသရှင်းလင်းခဲ့ကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**

# အရှေ့တရုတ်ပင်လယ်အနီး အမေရိကန်ထောက်လှမ်းရေးလေယာဉ်တစ်စင်းကို တရုတ်တိုက်လေယာဉ်နှစ်စင်းကြားဖြတ်နှောင့်ယှက်




**ပေကျင်း မေ ၁၉**

မေ ၁၈ ရက်တွင် အရှေ့တရုတ်ပင်လယ်အနီးရှိ အပြည်ပြည်ဆိုင်ရာ လေပိုင်နက်တွင် အမေရိကန် လေယာဉ်တစ်စင်းအား တရုတ်တိုက်လေယာဉ်နှစ်စင်းက ကျင့်ဝတ်သိက္ခာမဲ့ကာ ကြားဖြတ်နှောင့်ယှက်ခဲ့ကြောင်း အမေရိကန်လေတပ်ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက မေ ၁၉ ရက်တွင် ကြေညာခဲ့သည်။

အဆိုပါဖြစ်ရပ်တွင် ဒဗလျူစီ-၁၃၅ လေယာဉ်တစ်စင်းနှင့် တရုတ်လေတပ်မှ ဆူခွိုင်း-၃၀ ဂျက်လေယာဉ်နှစ်စင်း ပါဝင်ကြောင်း သိရသည်။

တရုတ်လေသူရဲများက ထိုသို့ကြားဖြတ်နှောင့်ယှက်ခဲ့ခြင်းသည် ကျင့်ဝတ်နှင့် ညီညွတ်ခြင်းမရှိကြောင်း အဆိုပါပြောရေးဆိုခွင့်ရှိသူက ပြောခဲ့သည်။ အဆိုပါအရေးကို သံတမန်အရေးနှင့် စစ်ရေးဆိုင်ရာများအရ ဝိုင်းဝန်းဖြေရှင်းသွားရမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

လွန်ခဲ့သော ဖေဖော်ဝါရီလကလည်း အမေရိကန်ကင်းလှည့်လေယာဉ်တစ်စင်းနှင့် တရုတ်လေယာဉ်တစ်စင်းတို့ တောင်တရုတ်ပင်လယ်တွင် ထိပ်တိုက်တွေ့လုနီးဖြစ်ခဲ့သည်။ အဆိုပါထိပ်တိုက်တွေ့ဆုံမှုသည် လုံခြုံစိတ်ချရသော အခြေအနေတွင်မရှိကြောင်း အမေရိကန်ကဖော်ပြခဲ့ပြီး မကြာခဏထိုသို့ဖြစ်ပေါ်တတ်သော အခြေအနေများကို ကြိုတင်ကာကွယ်ထားရန် တရုတ်အား တိုက်တွန်းပြောကြားခဲ့ကြောင်းသိရသည်။

အဆိုပါလေယာဉ်နှင့် အမျိုးအစားတူ ဒဗလျူစီ-၁၃၅ လေယာဉ်တစ်စင်းအား အမေရိကန်ပြည်ထောင်စုက ဂျပန်အိုကီနာဝါလေတပ် အခြေစိုက်စခန်းသို့ လွန်ခဲ့သောလက ပေးပို့ခဲ့ကြောင်း သိရသည်။

**(အင်န်အိတ်ချ်ကေ)**

# ဂျပန်ကေရာဇ် ထီးနန်းစွန့်မည့် ဥပဒေကြမ်း အစိုးရအဖွဲ့အတည်ပြု

**တိုကျို မေ ၁၉**

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးအစိုးရအဖွဲ့က ဂျပန်နိုင်ငံ ဘုရင်မင်းမြတ် အာကီဟီတိုအား ထီးနန်းစွန့်ခြင်းနှင့် တော်ဝင်လုပ်ငန်း တာဝန်များအား အိမ်ရှေ့မင်းသား နာရူဟိတိုထံ လွှဲပြောင်းပေးရေးမူကြမ်းကို မေ ၁၉ ရက်က အတည်ပြုပေးလိုက်ကြောင်း သိရသည်။ ထိုသို့ ထီးနန်းစွန့်ခြင်းသည် နှစ်ပေါင်း ၂၀၀ အတွင်း ဂျပန်ကေရာဇ်တစ်ဦး၏ ပထမဆုံးအကြိမ် ထီးနန်းစွန့်မှုလည်း ဖြစ်ကြောင်း သိရသည်။



နှလုံးခွဲစိတ်မှုနှင့် ပရော့စတိတ်ကုသမှုခံယူနေသော အသက် ၈၃ နှစ်ရှိပြီဖြစ်သော ဘုရင်ကေရာဇ် အာကီဟီတိုက သူ့အနေဖြင့် အသက်ကြီးလာပြီး ကျန်းမာရေးယိုယွင်းလာကာ အိုမင်းမစွမ်းဖြစ်လာသောကြောင့် တိုင်းပြည်တာဝန်များကို မထမ်းဆောင်နိုင်တော့မည်ကိုစိုးရိမ်ကြောင်း လွန်ခဲ့သောနှစ်ဩဂုတ်လက ရှားပါးသောရုပ်သံမိန့်ခွန်းတစ်ရပ်တွင် လူထုအားပြောခဲ့သည်။

အဆိုပါဥပဒေကြမ်းကို လွှတ်တော်သို့ ပေးပို့မည်ဖြစ်ပြီး လက်ရှိကျင်းပနေသော လွှတ်တော် နောက်လမပြီးခင်အချိန်အတွင်း ယင်းဥပဒေကြမ်းကို အတည်ပြုရန် ကြိုးစားလုပ်ဆောင်မည်ဖြစ်ကြောင်းသိရသည်။

အစိုးရအနေဖြင့် အဆိုပါလုပ်ငန်းစဉ်ချောချောမွေ့မွေ့ပြီးဆုံးသွားရန် မျှော်လင့်ထားကြောင်း အစိုးရအဖွဲ့အတွင်းရေးမှူး ယိုရှီဒါဆူဂါက ပြောခဲ့သည်။

ယခုကဲ့သို့ ထီးနန်းစွန့်ခြင်း မူကြမ်းကို လက်ရှိ ဘုရင်ကေရာဇ်က ၎င်း၏ဆန္ဒအလျောက်တင်သွင်းခြင်းဖြစ်ကြောင်း သိရပြီး အစိုးရအဖွဲ့အနေဖြင့် ထိုသို့ထီးနန်းစွန့်ခြင်းကို မလိုလားကြောင်း သိရသည်။ အဆိုပါမူကြမ်းအား မေ ၁၉ ရက် ညနေပိုင်း ပုံမှန်လွှတ်တော်အစည်းအဝေး၌ တင်သွင်းခဲ့ခြင်းဖြစ်ပြီး ဇွန်လလယ်တွင် ပြုလုပ်မည့် အစိုးရအဖွဲ့ပုံမှန်အစည်းအဝေးအပြီး၌ အကျိုးသက်ရောက်မှုရှိမည်ဖြစ်ကြောင်း သိရသည်။

ထီးနန်းစွန့်မည့်ကာလအား ၂၀၁၈ ခုနှစ် နှောင်းပိုင်းကာလကို သတ်မှတ်ရန် အစိုးရအဖွဲ့က စဉ်းစားထားကြောင်း သိရသည်။ **(ရိုက်တာ၊ ဆင်ဟွာ)**

# ဖိလစ်ပိုင်တောင်ပိုင်းတွင် လုံခြုံရေးတပ်ဖွဲ့များနှင့် ဓားပြအဖွဲ့များထိပ်တိုက်တွေ့၊ ဓားပြ ၁၀ဦး သေဆုံး

**မနီလာ မေ ၁၉**

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းတွင် လုံခြုံရေးတပ်ဖွဲ့နှင့် ဓားပြအဖွဲ့တို့ မေ ၁၉ ရက်က တိုက်ပွဲများဖြစ်ပွားခဲ့ရာ ဓားပြ ၁၀ ဦး သေဆုံးခဲ့ပြီး အခြားရှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း တပ်မှူးတစ်ဦးက ပြောခဲ့သည်။ လုံခြုံရေးတပ်ဖွဲ့များနှင့် ဓားပြအဖွဲ့တို့သည် ဖိလစ်ပိုင်တောင်ပိုင်း မင်ဒါနာအိုကျွန်းပြည်နယ်ရှိ ဆော်တန်ကူဒါရက်တ်ခရိုင် ဘူအာရွာတွင် ဒေသစံတော်ချိန် နံနက် ၆ နာရီခွဲက တိုက်ပွဲများဖြစ်ပွားခဲ့ကြောင်း ခြေမြန်တပ်ရင်းမှ တပ်မှူးဖြစ်သူ ဒုတိယဗိုလ်မှူးကြီး ဟာရိုလ်ကာဘူနော့က ပြောခဲ့သည်။

တိုက်ပွဲတွင် တပ်ကြပ်ကြီးတစ်ဦးလည်း အနည်းငယ်ဒဏ်ရာရရှိခဲ့ကြောင်းသိရသည်။ လုံခြုံရေးတပ်ဖွဲ့များနှင့် ဒေသတွင်း ရဲတပ်ဖွဲ့တို့သည် ဝရမ်းပြေးများကို ရှာဖွေနေစဉ် တစ်ဖက်နှင့်တစ်ဖက် လက်နက်ကြီးများဖြင့် အပြန်အလှန်ပစ်ခတ်ခဲ့ကြောင်း သိရသည်။ လုံခြုံရေးတပ်ဖွဲ့များနှင့် ဒေသတွင်းရဲတပ်ဖွဲ့သည် ဓားပြတစ်ဦးနှင့် ရိုင်ဖယ်တစ်လက်ကို သိမ်းဆည်းရမိခဲ့သည်။ အဆိုပါဒေသတွင် ခိုးဆိုးဓားပြရန်များမှ ကာကွယ်ရန်အတွက် ဥပဒေစိုးမိုးမှုရှိအောင် လုပ်ဆောင်ပေးရန် ဒေသခံများက တောင်းဆိုထားကြောင်း ဟာရိုလ်ကာဘူနော့ကပြောခဲ့သည်။ **(ဆင်ဟွာ)**

# တရုတ်နိုင်ငံတွင် စွန့်ပစ်ပစ္စည်းများရှင်းလင်းစဉ် လူရှစ်ဦးသေဆုံး

**ပေကျင်း မေ ၁၉**

တရုတ်နိုင်ငံ အရှေ့မြောက်ဘက် လောင်နင်ပြည်နယ်ရှိ ဒါလင်ရွာ၌ မေ ၁၉ ရက်က စွန့်ပစ်ပစ္စည်းများရှင်းလင်းစဉ် လူရှစ်ဦးသေဆုံးခဲ့ပြီး နှစ်ဦးမှာ အပြင်းအထန်ဖျားနာခဲ့ကြောင်း ဒေသတွင်းအာဏာပိုင်များကပြောခဲ့သည်။

ရွာသားများနှင့် အလုပ်သမားများမှာ ထွက်ပေါက်ပိတ်ဆို့နေသည့်အတွက် ရှင်းလင်းမှုပြုရန် ပင်လယ်ရေမော်စက်ရုံ စွန့်ပစ်ကန်တစ်ခုထဲသို့ ဝင်ရောက်စဉ် သတိလစ်မေ့မြောသွားခဲ့ကြောင်း သိရသည်။ အခြားရွာသားများမှာ ၎င်းတို့အားကယ်တင်ရန်ကြိုးစားစဉ် အဆိပ်ဓာတ်ငွေ့ ရှူရှိုက်မိ၍ အဆိုပါကန်ထဲသို့ ပြုတ်ကျသွားခဲ့ကြောင်း သိရသည်။ **(ဆင်ဟွာ)**

# အီရန်သမ္မတရွေးကောက်ပွဲတွင် ပြိုင်ဘက်များ ယုံကြည်မှုအပြည့်ဖြင့် ယှဉ်ပြိုင်

**တီဟီရန် မေ ၁၉**

အီရန်သမ္မတရွေးကောက်ပွဲကို မေ ၁၉ ရက် ဒေသစံတော်ချိန် နံနက် ၈ နာရီတွင် စတင်ခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။ အဆိုပါ ရွေးကောက်ပွဲတွင် နိုင်ငံ၏ထိပ်တန်းခေါင်းဆောင် အယာတိုလာ အလီခါမေနီက မဲပေး၍ စတင်လိုက်ကြောင်း သိရသည်။

**မဲပေး**

သမ္မတရွေးကောက်ပွဲတွင် မဲပေးရန် အရေးကြီးကြောင်းနှင့် ပြည်သူများအနေဖြင့် အဆိုပါအချက်ကို သတိထားပြီး မိမိတို့၏နိုင်ငံသားအခွင့်အရေး မဆုံးရှုံးရန် မဲပေးကြရန်လိုအပ်ကြောင်း အီရန်ထိပ်တန်းခေါင်းဆောင် အလီခါမေနီက ရုပ်သံထုတ်လွှင့်မှုတစ်ခုတွင် ပြောကြားခဲ့သည်။

အီရန်နိုင်ငံသား သန်းပေါင်းများစွာသည် မေ ၁၉ ရက်တွင် သမ္မတရွေးကောက်ပွဲအတွက် မဲပေးရန် စီတန်းစောင့်ဆိုင်းနေကြောင်းသိရပြီး အဆိုပါ သမ္မတရွေးကောက်ပွဲသည် နိုင်ငံတကာအလယ်တွင် သီးခြားရပ်တည်မှုပုံစံမျိုးဖြင့် တည်ရှိသော အခြေတည်စ အီရန်နိုင်ငံ၏ အနာဂတ်အတွက် အရေးပါလှသည်။

**မေးမိုန်အောင်လုပ်ဆောင်**

လက်ရှိသမ္မတ ရူဟာနီသည် အနောက်အင်အားစုများနှင့် ဆက်ဆံရေးပုံမှန်အခြေအနေ ရောက်ရှိချင်သော်လည်း ၎င်းအား ဆန့်ကျင်သူများက ရူဟာနီသည် အီရန်အစ္စလာမ္မစ်နိုင်ငံ၏ ပုံရိပ်များကို မေးမှိန်အောင်လုပ်ဆောင်နေသကဲ့သို့ ရန်သူများကို နိုင်ငံ၏တန်ဖိုးအား ရောင်းချနေကြောင်း ပြောခဲ့သည်။

ကမ္ဘာ့အင်အားကြီးနိုင်ငံများနှင့် လွန်ခဲ့သောနှစ်နှစ်ကျော်ကာလက အီရန်နျူကလီးယားအစီအစဉ်ကို စွန့်လွှတ်ရေးစာချုပ်ချုပ်ဆိုခဲ့သော ရူဟာနီက ကမ္ဘာ့အလယ်နှင့် ဒေသတွင်း၌ သမ္မတရွေးကောက်ပွဲသည် အီရန်အနာဂတ်အတွက် အရေးကြီးကြောင်း ပြောခဲ့သည်။

သမ္မတရွေးကောက်ပွဲတွင် မည်သူပဲ အနိုင်ရရှိစေကာမူ အရေးကြီးသောတာဝန်များထမ်းဆောင်နိုင်စေရန် ဝိုင်းဝန်းပံ့ပိုးပေးမည်ဖြစ်ကြောင်း ရူဟာနီက မဲပေးပြီးနောက်ပြောကြားခဲ့သည်။

အသက် ၆၈ နှစ်ရှိပြီဖြစ်သော ရူဟာနီသည် လွန်ခဲ့သောလေးနှစ်ကတည်းက အီရန်နိုင်ငံကို အုပ်ချုပ်ခဲ့ကာ ၎င်းအနေဖြင့် အီရန်ပြည်သူများအား ပိုမိုလွတ်လပ်ပြီး ကမ္ဘာနှင့်အဆီလိုက်နိုင်စေရန် လမ်းဖွင့်ပေးသွားမည်ဟု ကတိပေးခဲ့သည်။



**ယုံကြည်**

ရိုင်စီက ရူဟာနီသည် ကမ္ဘာ့ဒေသအချို့သို့ သွားရောက်ခဲ့၍ အလုပ်အကိုင်အခွင့်အလမ်းများ အကူအညီတောင်းဆိုခဲ့ပြီး စီးပွားရေးတွင် မှားယွင်းစီမံခန့်ခွဲမှုပြုလုပ်ခဲ့သည်ဟုဆိုကာ ပြစ်တင်ဝေဖန်လိုက်သည်။ ထွက်ပေါ်လာမည့် မဲရလဒ်များကို မိမိအနေဖြင့် အပြည့်အဝ ယုံကြည်ကြောင်း ရိုင်စီကပြောခဲ့သည်။ **(ရိုက်တာ)**

# သမဝါယမဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း အသေးစား အရင်းအနှီးချေးငွေပေါင်းဘီလီယံ ၁၀၀၀ ကျော်ထုတ်ချေးပေးနိုင်

**နေပြည်တော် မေ ၁၉**

သမဝါယမကဏ္ဍလုပ်ငန်းညှိနှိုင်း အစည်းအဝေးကို မေ ၁၉ ရက်က စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရုံး အမှတ် (၁၆) ၌ ပြုလုပ်သည်။

အဆိုပါ အခမ်းအနားတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ အောင်သူက သမဝါယမ အသင်းအမှုဆောင် ဒါရိုက်တာများ အနေဖြင့် အသင်းသားပြည်သူများ အား သမဝါယမသဘောတရားများ၊ သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေ များကို သိရှိနားလည် သဘောပေါက်ရန် လက်တွေ့ကျကျဆောင်ရွက်ပေးကြရမည်ဖြစ်သကဲ့သို့ အမှုဆောင်နှင့် အသင်းသားများ စည်းလုံးညီညွတ်မှု အားကောင်းရန် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ တာဝန်ရှိသူအဆင့်ဆင့်တို့အနေဖြင့်လည်း မိမိတို့လုပ်ငန်း နယ်ပယ်များအလိုက် သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများကို ကျွမ်းကျွမ်းကျင်ကျင်နားလည်ပြီး စည်းမျဉ်းစည်းကမ်းများနှင့်အညီ ထိန်းကျောင်းတည့်မတ်ပေးခြင်းဖြင့် ဒေသအာဏာပိုင်များအား အနီးကပ်ပူးပေါင်းဆောင်ရွက်ပေးကြသည့် အထောက်အပံ့ကောင်းများအဖြစ် ရိုးသားဖြောင့်မတ်စွာကြိုးပမ်းအားထုတ်ကြစေလိုကြောင်းပြောကြားသည်။

ဆက်လက်၍ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဖြူက ဒုတိယကာလတိုင်းနှစ် လယ်ယာကဏ္ဍမူဝါဒနှင့် လုပ်ငန်းစဉ်များအပေါ် သမဝါယမကဏ္ဍ၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများအား ရှင်းလင်းတင်ပြပြီး အမြဲတမ်းအတွင်းဝန် ဦးကျော်ငွေက ဖြည့်စွက်ဆွေးနွေးတင်ပြသည်။

ဒုတိယကာလတိုင်းနှစ် လယ်ယာကဏ္ဍမူဝါဒနှင့် လုပ်ငန်းစဉ်များတွင် သမဝါယမကဏ္ဍမှ မူဝါဒ(၆)ရပ်၊ လုပ်ငန်းစဉ်(၁၀)ရပ်တို့ကို ချမှတ်ခဲ့ပြီး အဆိုပါမူဝါဒနှင့် လုပ်ငန်းစဉ်များအောင်မြင်ရန်အတွက် သမဝါယမဦးစီးဌာနမှ Action Plan ရှစ်ရပ်ကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း သမဝါယမဦးစီးဌာန၏ အဓိကလုပ်ငန်းဖြစ်သည့် အသေးစားအရင်းအနှီးချေးငွေထုတ်ချေးခြင်းအတွက် စုစုပေါင်းချေးငွေ ၁၀၂၈ ဒသမ ၅၀၁ ဘီလီယံထုတ်ချေးပေးနိုင်ခဲ့ပြီး အရစ်ကျငွေချေစနစ်ဖြင့် လယ်ယာသုံးစက်ကိရိယာ ၃၄၈၈ စီး၊ တန်ဖိုး ၂၅ ဒသမ ၄၆ ဘီလီယံကျော်ဖိုးကို အသင်းသား တောင်သူလယ်သမားများ စိတ်ကြိုက် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။ စနစ်ကျစက်မှုလယ်ယာမြေဖော်ထုတ်ရန် ဧကတစ်သောင်း ရည်မှန်းဆောင်ရွက်ခဲ့သော်လည်း ၃၅၇၂၈ ဒသမ ၇၇ ဧကဖော်ထုတ်နိုင်ရန်အတွက် ချေးငွေ ၁၁၀၃၂ ဒသမ ၀၇၉သန်း ထုတ်ချေးဆောင်ရွက်ပေးနိုင်ခဲ့ပြီး လယ်ယာမြေများ စနစ်တကျ အဆင့်မြှင့်ပြုပြင်ခြင်းလုပ်ငန်းများကို ဆက်စပ်ဌာနများဖြစ်သည့် စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ လယ်ယာစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနတို့နှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။



**သိမ့်သိမ့်မိုး(မြန်မာ့အလင်း)**

# မန္တလေးမြို့တွင် People Health Assembly အခမ်းအနားကျင်းပ

**မန္တလေး မေ ၁၉**

အမျိုးသားကျန်းမာရေးစီမံကိန်း (၂၀၁၇-၂၀၂၁)၏ အဓိက ရည်ရွယ်ချက်ဖြစ်သည့် လူတိုင်းလက်လှမ်းမီ ကျန်းမာရေး စောင့်ရှောက်မှုပေးစွမ်းနိုင်ရန်အတွက် ပြည်သူတို့၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအပေါ် တောင်းဆိုမှုများကို ကူညီဖော်ထုတ်ရန် တိုင်းဒေသကြီးအဆင့် People Health Assembly အခမ်းအနားကို ကျင်းပခြင်း ဖြစ်ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီမြို့တော်ခန်းမ၌ မေ ၁၇ ရက်ကကျင်းပသော People Health Assembly အခမ်းအနားတွင် တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးမှူးဒေါက်တာဝင်းနိုင်က ပြောကြားသည်။

အဆိုပါ စီမံကိန်းအရ People Health Assembly အခမ်းအနားများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များ အလိုက်ကျင်းပလျက်ရှိပြီး ပြည်သူလူထု၏ ကျန်းမာရေးနယ်ပယ်တွင် လတ်တလောကြုံတွေ့နေရသည့် အခက်အခဲများ၊ ဝေးလံခေါင်ပါးသော ဒေသများရှိ တိုင်းရင်းသားလူမျိုးစုများ၊ အမျိုးသမီးများ၊ ကလေးငယ်များ၏ ကျန်းမာရေး စောင့်ရှောက်မှုများ တိုးတက်စေရေးအတွက် အထူးစီမံချက်များရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် ကျန်းမာရေးလုပ်ငန်းများ ပိုမိုအားကောင်းလာစေမည်ဖြစ်ကြောင်း သိရသည်။

"ကျန်းမာရေးစနစ် တိုးတက်ကောင်းမွန်စေရေးအတွက် အုပ်ချုပ်ရေးကိစ္စတွေ၊ ကျန်းမာရေးဝန်ထမ်းတွေနဲ့ ပြည်သူလူထုအကြား အုပ်ချုပ်ရေးကိစ္စတွေ၊ စီမံခန့်ခွဲမှုကိစ္စတွေ၊ နည်းပညာဆိုင်ရာ ပြုပြင်ပြောင်းလဲမှုတွေကို အကောင်အထည်ဖော်ဆောင်ရွက်ဖို့ ဖြစ်ပါတယ်"ဟု ၎င်းက ပြောသည်။

မြင်းခြံမြို့နယ် သဗ္ဗသုခလူမှုကူညီရေးအသင်းမှအခမ်းအနားသို့ တက်ရောက်လာသူ ဦးအောင်မောင်းကလည်း "ကျွန်တော်တို့ မြင်းခြံခရိုင် ပြည်သူ့ဆေးရုံကြီးရဲ့ မြေပြင်အခြေအနေမှာ ဖြစ်ပေါ်နေတဲ့ အခက်အခဲတွေကို လာရောက်ဆွေးနွေးတာပါ။ ဆေးရုံရဲ့ ကျန်းမာရေးစောင့်ရှောက်မှု အားနည်းနေတဲ့အပြင် ဆေးရုံနဲ့မတူဘဲ လူနာနားနေဆောင်ပုံစံဖြစ်နေတယ်။ ဆေးရုံဆိုတဲ့အတိုင်း ဆေးသိုလှောင်ရုံအဖြစ်မြင်ချင်ပါတယ်။ အခုဖြစ်နေတာက လိုအပ်တဲ့ဆေးဝါးတွေက ဆေးရုံမှာမပြည့်စုံဘူး။ အပြင်ကပဲဝယ်နေရတာ များတယ်" ဟု ပြောသည်။

အဆိုပါ အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ၂၈ မြို့နယ်မှ တစ်မြို့နယ်လျှင် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးနှင့် ဒေသခံပြည်သူ နှစ်ဦး၊ အရပ်ဘက်ဆိုင်ရာ လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်တစ်ဦး၊ NGO အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ကျန်းမာရေး ဝန်ထမ်းများ စုစုပေါင်း ၂၅၅ ဦး တက်ရောက်ခဲ့ကြပြီး အဖွဲ့ငယ်များဖွဲ့၍ ဆွေးနွေးတင်ပြခဲ့ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# နှစ် ၆၀ နီးပါးအတွင်းပြုပြင်တူးဖော်ပြီးစီးခဲ့သည့်လှေလှော်ကန်အပ်နှံပွဲပြုလုပ်

**သထုံ မေ ၁၉**

ပြည်သူများတစ်နှစ်ပတ်လုံး သောက်သုံးရေအဖြစ် အသုံးပြုနိုင်ရန်နှင့် မီးလောင်မှုဖြစ်ပါက ရေကိုအလွယ်တကူရယူနိုင်ရန်အတွက် မွန်ပြည်နယ် သထုံမြို့နန်းခဲရပ်ကွက်ရှိ လှေလှော်ကန်အား နှစ်ပေါင်း ၆၀ နီးပါးခန့်အတွင်း ပထမဆုံးအကြိမ်အဖြစ် ဆယ်ယူပြုပြင်တူးဖော်ပြီးစီးခဲ့ပြီဖြစ်သောကြောင့်ကန်အပ်နှံပွဲ အခမ်းအနားကို မေ ၁၈ ရက်က သထုံမြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဝင်းနိုင်ဦးကအမှာစကားပြောကြားပြီး သထုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ခေတ္တအမှုဆောင်အရာရှိ ဦးတင်ထွန်းက လှေလှော်ကန်တူးဖော်ခဲ့မှုနှင့် ကန်ဝန်းကျင်သာယာလှပရေးဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းပြောကြားကာ ကန်တူးဖော်ခဲ့မှုနှင့်ပတ်သက်သည့် မှတ်တမ်းများကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဝင်းက မြို့နယ်စည်ပင်ခေတ္တအမှုဆောင်အရာရှိထံသို့ ပေးအပ်ခဲ့သည်။



အဆိုပါလှေလှော်ကန်မှာ ယခင်က ရေဂါလန်ပေါင်း ၈ ဒသမ ၃၈ သန်းခန့် သိုလှောင်နိုင်ပြီး နှစ်ကာလကြာမြင့်စွာ တူးဖော်ဆယ်ယူခြင်းမပြုနိုင်သောကြောင့် အပြည့်အဝအသုံးပြုနိုင်ခြင်းမရှိခဲ့ရာမှ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေဖြင့် ယခုနှစ်မတ်လအတွင်းမှ စတင်ကာစက်ယန္တရားကြီးများအသုံးပြု၍ တူးဖော်ခဲ့ရာ ယခုအခါရေဂါလန်ပေါင်း ၁၁ ဒသမ ၅၂သန်းကို သိုလှောင်နိုင်ပြီဖြစ်ကြောင်း ထပ်မံ၍လည်းကန်ဝန်းကျင်သာယာလှပပြီး အများပြည်သူအပန်းဖြေနိုင်ရေး အတွက် ကွန်ကရစ်လမ်းများ၊ မြေယာရှုခင်းများ၊ လမ်းမီးများ၊ ထိုင်ခုံများ၊ ကျန်းမာရေး အထောက်အကူပြု အားကစားပစ္စည်းများထားရှိရန်လည်း စီစဉ်ထားကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ သိရသည်။

**သက်ဦး(သထုံ)**

# ဂုတ်တွင်းကားလမ်းပိုင်း၌ မကြာမီ လေးလမ်းသွားတံတားတစ်စင်းတည်ဆောက်တော့မည်

**နောင်ချို မေ ၁၉**

နောင်ချိုမြို့နယ်နှင့်ကျောက်မဲမြို့နယ် မန္တလေး-လားရှိုး ပြည်ထောင်စုကားလမ်းမကြီး ဂုတ်တွင်းကားလမ်းပိုင်းသည် ယခုရက်ပိုင်းအတွင်း မကြာခဏကားလမ်းကျပ်တည်းမှု၊ ကားလမ်းပိုင်းပိတ်ဆို့မှုကြောင့် မော်တော်ယာဉ်မျိုးစုံနှင့်ခရီးသွားပြည်သူများ အခက်အခဲကြုံတွေ့ရပြီးမကြာမီလေးလမ်းသွားတံတားတစ်စင်းတည်ဆောက်ရေးအတွက် သက်ဆိုင်ရာအဖွဲ့က စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ လေးလမ်းသွားတံတားတည်ဆောက်ရေးကိုဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူတို့ကမျှော်လင့် နေကြောင်းသိရသည်။

**စိုးဝင်း(နောင်ချို)**

# ပေါင်းလောင်းအားကစားကွင်းအတွင်း၌ အလေးမနှင့်ကာယ အားကစားရုံသစ်ကြီး ဆောက်လုပ်

**နေပြည်တော် မေ ၁၉**

နေပြည်တော် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ပျဉ်းမနားမြို့နယ် ပြည်သူ့ပေါင်းလောင်းအားကစားကွင်း၌ အလေးမနှင့် ကာယကြံ့ခိုင်မှု လေ့ကျင့်ရန် အားကစားရုံဆောက်လုပ်မှုအတွက် မြေနေရာကို ပျဉ်းမနားမြို့နယ်အလေးမနှင့် ကာယကြံ့ခိုင်မှုကော်မတီထံသို့ ပေးအပ်ခဲ့သည်။ ယင်းမြေနေရာတွင် အလျားပေ ၁၂၀ ၊ အနံပေ ၃၀ အကျယ်အဝန်းရှိသော အားကစားရုံအား ဆောက်လုပ်လျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ကော်မတီရန်ပုံငွေနဲ့ ပြည်သူ့ပေါင်းလောင်း အားကစားကွင်းထဲမှာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ချထားပေးတဲ့ မြေနေရာလွတ်မှာ အလေးမနဲ့ ကာယကြံ့ခိုင်မှုအားကစားရုံကို မေ ၁၀ ရက်က စတင်ဆောက်လုပ်နေပါပြီ။ အားကစားရုံကြီးပြီးစီးပြီဆိုရင် အလေးမနဲ့ ကာယကြံ့ခိုင်မှု လေ့ကျင့်ဆောင်ရွက်လိုသူတွေ လာရောက်စာရင်းပေးသွင်းပြီး လေ့ကျင့်နိုင်တော့မှာဖြစ်ပါတယ်။ ပြိုင်ပွဲတွေကိုလည်း ယခင်နှစ်တွေကလိုပဲ ဆက်ပြီးတော့ကျင်းပသွားမှာဖြစ်ပါတယ်"ဟု မြို့နယ်အလေးမနှင့် ကာယကြံ့ခိုင်မှုကော်မတီ နာယက ဦးတိုက်စိုးက ပြောသည်။

**ရဲရဲ(ပျဉ်းမနား)**



# မြန်မာ့အလင်းငွေစုငွေချေးနှင့် သမဝါယမအသင်းလီမိတက်နှစ်ပတ်လည်စည်းဝေး

**ရန်ကုန် မေ ၁၉**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် မြန်မာ့အလင်းသတင်းစာတိုက် ငွေစုငွေချေးနှင့် အထွေထွေဝန်ဆောင်မှု သမဝါယမအသင်းလီမိတက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို မေ ၁၈ ရက်ကသတင်းစာတိုက် အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ဗဟန်းမြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြမြဝင်းက အစုရှယ်ယာဝင်ခြင်းအပြင် ငွေစုငွေချေးနှင့်ပတ်သက်သည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး အသင်းသားများအား နှစ်ပတ်လည်အမြတ်စုငွေများ ခွဲဝေပေးနိုင်မှုများကို မြန်မာ့အလင်းသတင်းစာတိုက်မှ ငွေစုငွေချေးနှင့် အထွေထွေဝန်ဆောင်မှု သမဝါယမအသင်းလီမိတက်စာရင်းစစ် ဦးစိုးထူးက ရှင်းပြသည်။

အစည်းအဝေးသို့ မြန်မာ့အလင်းသတင်းစာတိုက် ငွေစုငွေချေးနှင့် အထွေထွေဝန်ဆောင်မှုသမဝါယမအသင်းလီမိတက်ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်း (မြန်မာ့အလင်း မန်နေဂျာ)နှင့် ဝန်ထမ်းများတက်ရောက်ခဲ့ကြကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**

# ကျောက်စီရေထိန်းနံရံတည်ဆောက်

**သနပ်ပင် မေ ၁၉**

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ်အတွင်းရှိ ပဲခူး-စစ်တောင်းတူးမြောင်းတွင် မိုးရာသီကာလတွင် ရေတိုက်စားမှုကြောင့် မြေထိန်းတာပေါင် ပြိုကျမှုများ မဖြစ်ပေါ်စေရန်အတွက် တိုင်းဒေသကြီး ရန်ပုံငွေဖြင့် မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက လက်ရှိရေတိုက်စားခြင်းခံနေရသော ရေကျော်ကျေးရွာအနီးတွင် အရှည်ပေ ၆၅၀ ကျောက်စီမြေထိန်းနံရံတည်ဆောက်လျက်ရှိသည်။

အဆိုပါနေရာအပြင် ရေတိုက်စားမှုဖြစ်ပေါ်နိုင်သည့် နေရာများကိုလည်းဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆည်မြောင်းဦးစီးဌာနမှ SAE ဦးအောင်ကျော်ထင်၏ ပြောပြချက်အရ သိရသည်။

**လှမိုး(ပြန်/ဆက်)**

# KIAလက်နက်ကိုင်အဖွဲ့များက မြစ်မန္တလာထွန်းခရီးသည်တင်ယာဉ်အား ဖျက်ဆီးပြီး ဆက်ကြေးကောက်ခံသည့် ခြိမ်းခြောက်စာပေး

**နေပြည်တော် မေ ၁၉**

ရှမ်းပြည်နယ် အရှေ့မြောက်ဒေသအတွင်း မူဆယ်မှ မန္တလေးဘက်သို့ မောင်းနှင်လာသည့် မြစ်မန္တလာထွန်းခရီးသည်တင်ယာဉ်အား KIA လက်နက်ကိုင်အဖွဲ့အင်အား ၁၀ ဦးခန့်က ယနေ့မွန်းလွဲ ၃ နာရီ မိနစ် ၂၀ ခန့်တွင် မူဆယ်မြို့ ခိုမုန်းကျေးရွာအနီး မန္တလေး-လားရှိုး-မူဆယ် ပြည်ထောင်စု ကားလမ်းမကြီး မိုင်တိုင်အမှတ် ၂၅၇ နေရာ၌ ယာဉ်အား ဓာတ်ဆီများဖြင့် ဖျန်း၍ မီးရှို့ဖျက်ဆီးကာ **(ယာပုံ)** ယာဉ်မောင်းသူထံသို့ ဆက်ကြေးကောက်ခံသည့် ခြိမ်းခြောက်စာတစ်စောင်ပေးပြီး အရှေ့ဘက်သို့ ဆုတ်ခွာသွားကြောင်း သိရသည်။



ဖြစ်စဉ်တွင် လူထိခိုက်ဒဏ်ရာရရှိမှု မရှိသော်လည်း အပြစ်မဲ့ခရီးသွားပြည်သူများ၏ ခရီးဆောင်အိတ်များနှင့် လူ့အသုံးအဆောင်ပစ္စည်းများ မီးလောင်ပျက်စီးဆုံးရှုံးခဲ့သည်။

ယာဉ်မောင်းထံသို့ ပေးခဲ့သော ဆက်ကြေးကောက်ခံသည့် ခြိမ်းခြောက်စာတွင် "သက်ဆိုင်ရာ ကားကြီးကွင်းများ (မူဆယ်၊ ကွတ်ခိုင် ပြည်ထောင်စုလမ်းမကြီး)မိမိ KIO ကွတ်ခိုင်ခရိုင် အမှတ်(၉) တပ်ရင်းတွင် နှစ်စဉ်နှစ်တိုင်း ထမ်းဆောင်လျက်ရှိသော အခွန်များကို ထမ်းဆောင်ခြင်းမပြုသေးပါက မေ ၁၈ ရက်မှစ၍ အရေးယူသွားမည်ဖြစ်ကြောင်း သတိပေးလိုက်သည်"ဟု ခြိမ်းခြောက်ရေးသားကာ ဆက်ကြေးကောက်ခံ တောင်းဆိုထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**ဓာတ်ပုံ-အယ်လ်စိုး(မူဆယ်)**

# ကျပ်သိန်း ၂၃၀၀ ကျော်ဖိုးရှိ မူးယစ်ဆေးဝါးများဖမ်းမိ

**အင်းတော် မေ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘို-မြစ်ကြီးနား ကားလမ်းအင်းတော်မြို့နယ် နဘားလမ်းဆုံ၌ ငွေကျပ်သိန်း ၂၅၀၀ ကျော် တန်ဖိုးရှိ မူးယစ်ဆေးဝါးများကို မေ ၁၉ ရက်က နဘားရဲကင်းမှူး ရဲအုပ်ခင်ဇော်ထိုက်နှင့် ပူးပေါင်းအဖွဲ့က ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၁၉ ရက် နံနက် ၁၁ နာရီက အင်းတော်မြို့နယ် နဘားရဲကင်းမှူး ရဲအုပ်ခင်ဇော်ထိုက်၊ ရဲတပ်သားဖြိုးရာဇာ၊ ရဲတပ်သား ရဲဇော်တို့သည် ရွှေဘို-မြစ်ကြီးနား ကားလမ်း အင်းတော်မြို့နယ် နဘားလမ်းဆုံ၌ သတင်းအရ စောင့်ဆိုင်းနေစဉ် ရွှေဘိုဘက်မှ မြစ်ကြီးနားဘက်သို့ မောင်းနှင်လာသော ကရောင်းအမျိုးအစား မော်တော်ယာဉ်တစ်စီးကို စစ်ဆေးခဲ့ရာ ကားကို ဂျောင်ကွေ့ရှောက်က မောင်းနှင်ပြီး လီမင်ကွေးနှင့် ရန်းဖာတို့ လိုက်ပါလာသည့် ယာဉ်သည် လိုင်စင်မဲ့ယာဉ်ဖြစ်နေပြီး မသင်္ကာဖွယ်အနေအထားကို စစ်ဆေးတွေ့ရှိရသဖြင့် ဆက်လက်ရှာဖွေရာ မော်တော်ယာဉ်ထိုင်ခုံအောက်ခြေကြမ်းခင်းအတွင်း ဝှက်ထားသော ဘိန်းဖြူ ၁၁ ဂရမ်ပါ ဆပ်ပြာခွက် ၁၅၄ ခွက်၊ စိတ်ကြွရူးသွပ်ဆေးပြား စုစုပေါင်း ၁၇၀၁၀ နှင့် ဘိန်းမည်း ၄၀ ကျပ်သား ကာလတန်ဖိုးငွေကျပ်သိန်း ၂၃၆၉၀၀၀၀ တန်ဖိုးရှိ မူးယစ်ဆေးဝါးများကို ဖမ်းဆီးရမိခဲ့သည်။

ထို့ကြောင့် မူးယစ်ဆေးဝါးများ သယ်ဆောင်လာသူ ဂျောင်ကွေ့ရှောက် (၂၂ နှစ်)၊ လီမင်ကွေး (၂၄ နှစ်)၊ ရန်းဖာ(၃၂ နှစ်) ရှမ်းပြည်နယ်မြောက်ပိုင်း တာမိုးညဲမြို့နယ်နေသူတို့ သုံးဦးကို အင်းတော်မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ကိုမင်း(အင်းတော်)**

# မိုးညှင်းမြို့ အောင်သပြေရပ်ကွက်တွင် မိုင်းတစ်လုံးတွေ့ရှိ၍ အချိန်မီရှင်းလင်းနိုင်

**မိုးညှင်း မေ ၁၉**

ကချင်ပြည်နယ် မိုးညှင်းမြို့ အောင်သပြေရပ်ကွက်ရှိ ဒေါ်နန်းတောင် ပိုင်ဆိုင်သော ဥယျာဉ်ခြံနံဘေး ချုံပုတ်အတွင်းမှ ဓာတ်ခဲခြောက်နှင့်တွဲထားသော မိုင်းတစ်လုံးတွေ့ရှိသဖြင့် တပ်မတော်သားများက ဘေးအန္တရာယ်ကင်းစွာ ရှင်းလင်းနိုင်ခဲ့ကြသည်။



ဖြစ်စဉ်မှာ မေ ၁၇ ရက် နံနက် ၉ နာရီက မိုးညှင်းမြို့ အောင်သပြေ(၁) ရပ်ကွက်နေ ဦးခင်မောင်သည် မိမိပိုင်သောခြံသို့ သွားရောက်၍ ပေါင်းမြက်များ ရှင်းလင်းခဲ့ပြီး မွန်းလွဲ ၁ နာရီခန့်တွင် ပြန်လာစဉ် မြို့ရှောင်လမ်း မိုင်တိုင်အမှတ် ၂/၅ နှင့် ၂/၆ ကြား အရှေ့ဘက်တစ်မိုင်ခန့်အကွာ ဒေါ်နန်းတောင်၏ ခြံနံဘေးတွင် မိုင်းဟု ယူဆရသော အရာဝတ္ထုအား တွေ့ရှိခဲ့သဖြင့် အောင်သပြေရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးနော်လာထံသို့ သတင်းပေးအကြောင်းကြားခဲ့ကြောင်း၊ ဦးနော်လာမှတစ်ဆင့် မိုးညှင်းမြို့မရဲစခန်းသို့ အကြောင်းကြားခဲ့သဖြင့် စခန်းမှူး ဒုတိယရဲမှူး ကျော်ဆန်းနှင့် တပ်ဖွဲ့ဝင်များ၊ အောင်သပြေရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးနော်လာနှင့် အဖွဲ့ဝင်များ၊ ဒေသအရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပြည်သူ့စစ်များက အခင်းဖြစ်အရပ်သို့ သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ရာ မိုင်းဟုယူဆရသော အရာတစ်ခုတွင် နှစ်ပေခန့်ရှိ အဝါ/အနီ ဝိုင်ယာကြိုးတွဲလျက် အခြားတစ်ဖက်တွင် အလျား သုံးလက်မ၊ အနံ နှစ်လက်မခွဲခန့်ရှိ ဓာတ်ခဲခြောက်တွဲဆက်လျက် ကြွပ်ကြွပ်အိတ်အမည်းနှင့်ထည့်ထားသည်ကို တွေ့ရှိရသဖြင့် အဆိုပါမိုင်းအား နယ်မြေခံတပ်မှ ဗိုလ်ကြီး စိုးမိုးဝင်းထံ အကြောင်းကြားပြီး ပြည်သူများ ထိခိုက်မှုမရှိစေရန် ဆောင်ရွက်ခဲ့မှုကြောင့် မေ ၁၈ ရက် နံနက် ၉ နာရီခွဲတွင် အဆိုပါမိုင်းကို ရှင်းလင်းနိုင်ခဲ့ကြောင်း သိရသည်။ (ဝဲပုံ) (ဝ၆၇)

# အမျိုးသားတစ်ဦး ကုန်စိမ်းများ ရောင်းချရန်သွားစဉ် တောစပ်၌ မိုင်းပေါက်ကွဲ၊ ဒဏ်ရာရရှိ

**ဗန်းမော် မေ ၁၉**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မန်စီမြို့နယ်တွင် အမျိုးသားတစ်ဦး ဆိုင်ကယ်ဖြင့် ကုန်စိမ်းများ ရောင်းချရန် သွားရောက်စဉ် ကျေးရွာအနီး တောစပ်၌ လက်လုပ်မိုင်းတစ်လုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

မေ ၁၉ ရက် နံနက် ၆ နာရီခန့်က သိန်းဝင်းကို(၃၁ နှစ်) (မဲဟင်းကျေးရွာ ထီးချိုင့်မြို့နယ်) မင်းလှရပ်ကွက် ဗန်းမော်မြို့ ခေတ္တနေသူသည် ဆိုင်ကယ်ဖြင့် မန်စီမြို့နယ် မိုင်းခေါင်ကျေးရွာမှ ကုန်စိမ်းများရောင်းချရန်သွားနေစဉ် မဂျီဘွန်ကမ္ဘာကျေးရွာ တောစပ်အနီး သုံးဖာလုံခန့်အကွာသို့အရောက် နံနက် ၈ နာရီခန့်က ဒေသန္တရ လက်လုပ်မိုင်းတစ်လုံး ပေါက်ကွဲခဲ့ရာမှ မိုင်းပေါက်ကွဲမှုကြောင့် သိန်းဝင်းကို၏ ဝဲဘက်လက်မောင်းတွင် မိုင်းစထိမှန်ပေါက်ပြဲ ဒဏ်ရာများ(မစိုးရိမ်ရ)ရရှိခဲ့သဖြင့် ဗန်းမော်ပြည်သူ့ဆေးရုံကြီး၌ ဆေးကုသမှုခံယူလျက်ရှိရာ ဗန်းမော်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံး ခေတ္တမြို့နယ်ရဲမှူး ဒုရဲမှူး လေးမြင့်၊ ဗန်းမော်မြို့မရဲစခန်းမှူး ဒုရဲမှူး သိန်းဝေမြင့်နှင့် အဖွဲ့တို့က သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**


Y.E.S. Since 1994 ကျောင်းခွဲမရှိပါ။
ဆရာဦးမြင့်အောင် B.A.(Hons.)(English), M.A.(ESL)(Hawaii, USA) ဦးစီးသော
International English Language Centre
တက္ကသိုလ်ဝင်တန်း ဖြေဆိုထားသူများ၊အောင်မြင်ပြီးသူများ နှင့် ဘွဲ့ကြို၊ ဘွဲ့ရများအတွက်

**Basic Spoken English**
Sat & Sun - 12:30 -3:30pm 20 May
Mon to Thurs -7:30-9:30am 22 May
Mon to Thurs - 1:00-3:00pm 22 May
Mon to Thurs - 5:30-7:00pm 22 May
Mon to Thurs -7:30-9:30 am 29 May
Mon to Thurs -10:00-12:00am 29 May
**Pre-Intermediate English**
Mon to Thurs-10:30-12:30 am 8 May
Mon to Thurs-1:00-3:00pm 15 May
Mon to Thurs - 5:30-7:00pm 29 May
**Intermediate English Proficiency**
Mon to Thurs-1:00-3:00pm 15 May
**Grammar Foundation Course**
Mon to Thurs-1:00-2:30pm 22 May
**Structure & Written Expression**
Mon to Thurs - 1:00-3:00pm 15 May
Sat & Sun - 9:00-12:00am 20 May
Sat & Sun - 3:30-6:30 pm 27 May
**Academic Preparation For IELTS (API)**
Mon to Thurs - 10:30 - 12:30am 15 May
**IELTS**(Foundation) Mon to Thurs 5 :30 to 7pm 15 May
**IELTS**(Test Practice) Sat&Sun 10:30 to12:30am 13 May
**IELTS(Speaking)** Sat&Sun 1:00to3:30pm 13 May
**Academic Writing Course**
Sat & Sun - 5:00 - 7:00 pm 13 May
No.190, 2nd Flr.,28th St:(Upper), Pabedan Tsp. Ph: 01-243950, 246910



ပေလီခြံမြေရောင်းရန်ရှိသည်။
ပေလီမြို့ ဇီးဖြူကုန်းရပ်ကွက်၊ မဇင်လမ်း လမ်းမတန်း(ဟိုတယ်ဖက်)တွင်ရှိသော ဇီးဖြူကုန်း-သံတွဲမြေနေရာ (၂)ဧကခန့်မြေ ရောင်းရန်ရှိသည်။
ဆုံစမ်းရန်။ ။ ၀၉-၄၂၁၁၄၉၉၀၂။ ၀၉ ၈၅၁၀၅၈၉



PHILLIP'S SCHOOL
IGCSE (Edexcel/CIE)
English, Mathematics, Physics, Chemistry တို့ကို Course Books+Old Questions တို့ဖြင့် လေ့ကျင့်သင်ကြားပေးသည်။
English Language
Four Skills English(Intermediate)
Grammar & Essay-Letter Writing (၁၀တန်း/၁၀တန်းအောင်)
Teachers' Training
အမှတ်(၂၉၃/ဘီ)၊ (၅)လွှာ၊ လမ်း(၄၀)အထက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
Ph- 09 430 433 49, 09 790 955 676



မန္တလေးတိုင်းဒေသကြီး
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**
၁။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ရန်ပုံငွေဖြင့် မန္တလေးတိုင်းဒေသကြီးအတွင်း မြေသားလမ်း(၄၁)လမ်း လုပ်ငန်းများအား ဆောင်ရွက်သွားမည်ဖြစ်ပါ၍ ဆောင်ရွက်လိုသူ တိုင်းရင်းသားလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ တင်ဒါလျှောက်လွှာပုံစံ စည်းကမ်းချက်နှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ရုံးချိန်အတွင်း မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။
**တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** - (၂၉-၅-၂၀၁၇)ရက်မှ (၂၉-၆-၂၀၁၇)ရက်အထိ
**တင်ဒါလျှောက်လွှာနောက်ဆုံးတင်သွင်းမည့်ရက်/အချိန်** - (၃၀-၆-၂၀၁၇)ရက် ၁၆:၃၀နာရီ
**တင်ဒါလျှောက်လွှာတင်သွင်းမည့်နေရာ** - မန္တလေးတိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အကွက်အမှတ် (၀၀-၁၁/၁)၊ ၆၈လမ်း၊နတ်ရေကန်အုတ်စု၊ အမရပူရမြို့နယ် (ခရိုင်ကညနရုံး မြောက်ဘက်) ဖုန်း-၀၂-၅၁၅၅၁၄၈(စီမံဌာန) ၀၂-၅၁၅၅၁၄၉ (အင်ဂျင်နီယာဌာန)
**တင်ဒါကော်မတီ**



**ဝန်ထမ်းအလိုရှိသည်**
- မော်တာစက်ချုပ် မ (၄) ဦး
- King စက် မ (၂) ဦး
- Cuttingဖြတ် မ (၂) ဦး
- Marketing မ (၅) ဦး
- ရုံးအကူ မ (၂) ဦး
သက်ဆိုင်ရာ Position တိုင်းအတွက်
လိုအပ်သောစာရွက်စာတမ်းနှင့်အတူ လူကိုယ်တိုင် အမြန်ဆုံးလာရောက်လျှောက်ထားနိုင်ပါသည်။
**ဆက်သွယ်ရန်လိပ်စာ-**
**အမှတ်(၁၁၆/၁၁၈)၊ 4လွှာ(A)၊ ဘိုကလေးဈေးလမ်း၊ ဗိုလ်တထောင်မြို့နယ်**
**ဖုန်း-၀၉-၉၇၆၃၃၅၈၉၇**



**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**
ယာဉ်အမှတ် 3H/4828 Toyota Rav 4 ZCA 26 Station Wagon (4× 2) ယာဉ်လက်ဝယ်ရှိသူ ဦးမိုးဝင်းကျော် ၉/မရတ(နိုင်)၀၄၅၁၇၄က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**



**ကန့်ကွက်နိုင်ပါကြောင်း**
မြောင်းမြမြို့၊ (၇)ရပ်ကွက်၊ ရွှေဂုံတိုင်(၂)လမ်း၊ ကွင်းအမှတ်(၇-ခ)၊ သရက်ကုန်း အရှေ့ကွင်း၊ ဦးပိုင်အမှတ်(၅၄)၊ ဧရိယာ(သုည ဒသမ ၀၅၅)ဧကရှိ မြေပေါ်၌ ကျွန်မ ဒေါ်မာမာထွန်းမှ လူနေထိုင်ရန် မြေပေးမိန့်လျှောက်ခြင်းအတွက် ပတ်ဝန်းကျင်နေထိုင်သူများမှ ကန့်ကွက်ရန်ရှိပါက ကြော်ငြာသည့်ရက်မှ (၁၄)ရက်အတွင်း ဤရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ခြင်းမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြောင်းမြမြို့**



**အမြန်ရောင်းမည်**
အလုံမြို့နယ်၊ ဌာနာလမ်း၊ ပေ(၁၂ ၁/၂× ၅၀)၊ မြေညီ (HK)၊ (၂)လွှာ၊ သိန်း ၁၃၀၀ ပိုင်ဆိုင်ခွင့်ပါ။ အလျှော့အတင်းရှိ
**ဖုန်း-၀၉-၇၈၈၂၂၈၄၄၀**



**ဖောင်းကြွပျောက် လျှောက်ထားခြင်း**
ယာဉ်အမှတ် 8D/8533 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**



**ဖောင်းကြွပျောက် လျှောက်ထားခြင်း**
ယာဉ်အမှတ် 8H/9038၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**



**ဖောင်းကြွပျောက် လျှောက်ထားခြင်း**
ယာဉ်အမှတ် 6C/9164၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန ရွာသာကြီး**

# ပညာပြည့်ဝ နှလုံးလှသည့် မြန်မာ့ရင်သွေးယဉ်ကျေးလိမ္မာ မျိုးဆက်သစ်ကမ္ဘာ

ဒေါက်တာထွန်းထွန်းဦး(သဒ္ဓမ္မဇောတိကဓဇ)

**"ပန်းကလေးများ
ပွင့်တော့မည်
ဖူးတံဝင့်လို့ချီ၊
နေခြည်မှာ ရွှေရည်လောင်း၊
ငါတို့စာသင်ကျောင်း"**

စာသင်ကျောင်းနံရံမှာ ချိတ်ဆွဲထားတဲ့ ဆိုင်းဘုတ်ကို မြင်လိုက်သည်နှင့် အနာဂတ်ကာလမှာ ဝေဝေဆာဆာအောင်မြင်စွာ ဖူးပွင့်လာတော့မည့် မိမိတို့ ရင်သွေးများ၏ ဘဝအောင်မြင်မှုကို မီးမောင်းထိုးပြထားသကဲ့သို့ ရှိနေပေရာ မိဘများ၏ ရင်တွင်းခံစားချက်ကား ပီတိလန်းဖြာ ကြည်နူးချမ်းမြေ့ဖွယ်သာဖြစ်ရပါလေသည်။

မကြာမီကာလအတွင်းမှာ အစိုးရစာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ကြတော့မည်ဖြစ်သည်။ ယခုအခါ နွေရာသီ ကျောင်းပိတ်ရက် သုံးလအတွင်း မိဘများသည် အချိန်ရသလောက် မိမိတို့၏ ရင်သွေးငယ် သားသမီးများဘဝရှေ့ရေး အကျိုးရှိစေရန် အတွက် သင်တန်းများစွာကို မနေမနား တက်ရောက်သင်ကြားပေးလျက်ရှိကြသည်။ ထိုမအားလပ်သည့် သင်တန်းများကြားမှ ဘဝအောင်မြင်မှုအတွက် အဓိကအကျဆုံးဖြစ်သည့် ဘဝလမ်းကြောင်းမှန်ကို တည့်မတ်စေမည့် ဘာသာရေး၊ ကိုယ့်ကျင့်တရား၊ အသိဉာဏ်ပညာများ တိုးပွားလာနိုင်မည့် ယဉ်ကျေးလိမ္မာသင်တန်းများကို ကလေးများ အပြေးအလွှား တက်ရောက်နေကြသည်ကို မြင်တွေ့ကြရပါသည်။ ဘယ်မိဘမဆို မိမိတို့၏ သားသမီးများကို လိမ္မာယဉ်ကျေးပြီး အောင်မြင်သောဘဝနှင့် ဆင်စီးမြင်းရံဘဝမျိုးကို မြင်တွေ့လိုကြပါသည်။ တိုင်းပြည်အတွက် ထူးချွန်ထက်မြက်သော အနာဂတ်သားကောင်း သမီးကောင်းရတနာများအဖြစ် ပေါ်ထွက်စေချင်ကြသည်။ ဤသည်မှာ မိဘများ၏ တုနှိုင်းမမီသော အနန္တမေတ္တာပင်ဖြစ်ပေသည်။ မိမိတို့၏ ရင်သွေးများဖြစ်သော သားသမီးငယ်တို့၏ အနာဂတ်ကို မိဘဆရာသမားများအနေဖြင့် အကောင်းဆုံးပုံဖော်ဖန်တီးတည်ဆောက်ပေးရမည်ဖြစ်ပါသည်။ အမှန်တကယ် ကလေးများ၏ ပင်ကိုမူလစိတ်ဓာတ်သည် ရိုးသားဖြူစင်သန့်ရှင်းလှပါ၏။ "ယနေ့လူငယ် နောင်ဝယ်လူကြီး" ဖြစ်ပြီး "ကလေးကောင်းမှ လူကြီးကောင်းမည် လူကြီးကောင်းမှ နိုင်ငံကောင်းမည်" ဖြစ်သဖြင့် ယနေ့ကစပြီး မိမိတို့ရင်သွေးငယ်များ၏ စိတ်ဓာတ်ကို မွန်မြတ်သန့်စင်အောင် ကြိုတင်ပြုပြင်ပေးထားရန် လိုပါသည်။

ဤကဲ့သို့ လူသားအရင်းအမြစ်အတွက် အကျိုးရှိသော ယဉ်ကျေးလိမ္မာသင်တန်းများကို ဖွင့်လှစ်နိုင်အောင် စီစဉ်ပေးကြသည့် တာဝန်သိလူကြီးများ၊ ဆရာတော်၊ သံဃာတော်များနှင့် မိဘဆရာများအားလုံးတို့ကို အထူးပင် ကျေးဇူးတင်ထိုက်ပါသည်။ ယခုကဲ့သို့ နိုင်ငံ့ခေါင်းဆောင်များက နိုင်ငံတော်ကို ဒီမိုကရေစီစနစ်ဖြင့် တိုင်းပြည်အတွက် နေ့မအား ညမနား ကြိုးစားဆောင်ရွက်နေကြသည့် ကာလတွင် စာရေးသူတို့ အပါအဝင် မိမိတို့ကိုယ်တိုင်လည်း အမျိုးကောင်းသား အမျိုးကောင်းသမီးများ ပေါ်ပေါက်လာစေရေးအတွက် ပါဝင်ကူညီကြခြင်းသည် တိုင်းပြည်အတွက် စွမ်းနိုင်သည့်ဘက်မှ တစ်တပ်တစ်အားကြိုးစားပြီး ပါဝင်ဆောင်ရွက်ခြင်းဖြစ်ပါသည်။

တစ်ခါတစ်ရံ မိဘများ၏ အလိုလိုက် အချစ်ပိုမှုကြောင့် အတ္တဆန်၍ ဆိုးချင်သော ကလေးများသည်ပင်လျှင် ယဉ်ကျေးလိမ္မာသင်တန်းများတက်ပြီးသည့်အခါတွင် မိဘ၊ ဆရာသမားများအပါအဝင် ပတ်ဝန်းကျင်နှင့်ဆက်ဆံသည့်အခါ လုံးဝပြောင်းလဲသွားသည်ကို တွေ့မြင်ရသဖြင့် မိဘများ အထူးဝမ်းမြောက်ဂုဏ်ယူ ကြရသည်။ ထို့ကြောင့် တောင်မြို့ မဟာဂန္ဓာရုံဆရာတော်ဘုရားက **အိုးမဖုတ်ခင်၊ အိုးလုပ်စဉ်ဝယ်၊ အိုးတွင်နှိပ်ခတ်၊ တံဆိပ်မှတ်က၊ မပြတ်မစဲ၊ အိုးပင်ကွဲလဲ၊ အမြဲတစေ၊ တည်ရှိနေသို့၊ ထွေထွေသွေးသား၊ ကလေးများ၌ ဘုရားတံဆိပ် ဘာသာစိတ်ကို၊ ခတ်နှိပ်နိုင်မှ သက်ဆုံးကျအောင်၊ ဗုဒ္ဓဒီဒီစွဲ၍ တည်မည်၊ ကိုယ်စီခတ်နှိပ်စေသတည်း။**

လူကြီးများသည် နောက်တစ်ချိန်တွင် ဘာသာသာသနာ၊ တိုင်းပြည်နှင့်လူမျိုး၏တာဝန်များကို ယခုကလေးများ၏လက်သို့ လွှဲပြောင်းပေးခဲ့ရမည် ဖြစ်ပါသည်။ ထို့ကြောင့် ကလေးအရွယ်မှစ၍ စာရိတ္တကောင်းမွန်ပြီး ဖြူစင်သောစိတ်ဓာတ်ရှိရေးသည် အရေးကြီးပါသည်။ တောင်မြို့ မဟာဂန္ဓာရုံဆရာတော်ဘုရားကြီးက **"ကလေးအရွယ်လိမ္မာနှင့်ပါမှ၊ ကြီးရင့်က လိမ္မာမည်။ မလိမ္မာ ပြည်ထောင်စုကြလျှင်ကွယ်၊ ကောင်းမှုမတည်။ ကလေးတို့ နေပြည်၊ တည်စေဖို့စိတ်စော၊ နံနက်မင်္ဂလာနှင့်၊ စင်မကွာညဥ့်ပါ သုံးလို့ရယ် ပြုံးစေကြသော်"**ဟု ကလေးများအတွက် သတိပေးရေးစပ်ခဲ့ပါသည်။

ဒီမိုကရေစီ နိုင်ငံတည်ဆောက်ရာတွင် ခက်မှသုံးဖြာဖြစ်သော ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး စသည်တို့သည် ဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီ နိုင်ငံတော်ကြီး ပေါ်ပေါက်လာရန်အတွက် အရေးကြီးသည့် အဓိကမဏ္ဍိုင်ကြီး သုံးရပ်ဖြစ်ပါသည်။ထိုမဏ္ဍိုင်များ တည့်မတ်နိုင်ရန်အတွက် လူသားတို့၏ ကိုယ်ကျင့်တရား၊ မေတ္တာတရား၊ မှန်ကန်သောစိတ်ဓာတ်နှင့် စာရိတ္တမဏ္ဍိုင် ဖြောင့်မတ်ခိုင်မြဲရေးသည် ပို၍ပင်အရေးကြီးပါသည်။ စာသင်ကျောင်းများတွင် ရေးထိုးထားသည့်"စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ" ဟူသော အဓိက မဏ္ဍိုင်သုံးရပ်သည်လည်း ပို၍အရေးကြီးလှပါသည်။ စိတ်ဓာတ်ကောင်းမွန် မြင့်မြတ်သော နိုင်ငံသားကောင်းတစ်ယောက်သည် ပညာတတ်ပြီး စည်းကမ်းရှိလျှင် မိမိအကျိုးနှင့် တိုင်းပြည်အကျိုး ပရဟိတအများအကျိုးတို့ကို အောင်မြင်စွာ သယ်ပိုးနိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် လူသားတိုင်း စိတ်ဓာတ်ကောင်းမွန်ရေးသည် အရေးအကြီးဆုံးဖြစ်သည်။ တိုင်းပြည်၊ လူမျိုးနှင့်အများအကျိုးကို ဆောင်ရွက်လိုသူများသည် မိမိတို့၏စိတ်ဓာတ်ကို အရင်ဆုံးကောင်းအောင် ပြုပြင်ပြောင်းလဲပေးရမည်ဖြစ်ပါသည်။ လောကတွင် စိတ်ဓာတ်သည် အရေးအကြီးဆုံးဖြစ်သည်။ ထို့ကြောင့် မြတ်ဗုဒ္ဓက **"စိတ္တေန နီယတေ လောကော" စိတ်သည် လောကကြီးကို စိုးမိုးဦးဆောင်သည်** ဟု ဟောကြားတော်မူခဲ့ပါသည်။ ရှေးပညာရှင်များက **"စိတ်သာရှင်စေ ဘုရားဟော" "စိတ်ကိုနိုင်လျှင် သိဒ္ဓိပေါက်သည်"**စသဖြင့် ရေးသားခဲ့ကြပါသည်။ တောင်မြို့မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီးက နှင့် "မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပက္ခာဟုဆိုသည့် ဗြဟ္မာစိုရ်တရားလေးပါး" လမ်းစဉ်ကို အရင်ဆုံး လက်တွေ့လိုက်နာ ကျင့်သုံးရပါမည်။

စိတ်ကူးသည် စကားလုံးအဖြစ် ပေါ်ထွက်လာ၏။ စကားလုံးသည် အပြုအမူဖြင့် အကောင်အထည်ပေါ်လာ၏။ အပြုအမူသည် အလေ့အကျင့်သို့ ဖွံ့ဖြိုးတိုးတက်လာ၏။ အလေ့အကျင့်ကတစ်ဖန် အကျင့်စရိုက်အဖြစ်သို့ မာကြောသွားလေ၏။

ထို့ကြောင့် စိတ်ကူးနှင့် ၎င်း၏ ဦးတည်ချက်ကို သတိမူပါ **"မိမိတို့စိတ်ကူးသည် မေတ္တာမှ ခုန်ထွက်လာပါစေ"** ဟု ပညာရှင်များ မိန့်ဆိုခဲ့ကြပါသည်။ လူသားတို့၏ နိစ္စဓူဝ တွေ့မြင်ပြောဆို ထိတွေ့လုပ်ကိုင်နေကြမှုများသည် မိမိအပါအဝင် မိမိတို့နေထိုင်ရာ ပတ်ဝန်းကျင်တစ်ခုလုံးသို့ လွှမ်းမိုးပြီး ကူးစက်သွားပါသည်။ လူသားတို့၏ စရိုက်လက္ခဏာများသည် ပင်ကိုယ်က ဖြူစင်ကောင်းမွန်သော်လည်း ဘုရားဟောသည့် **"ပါပသ္မိံ ရမတိ မနော" "စိတ်သည် မကောင်းမှု၌ မွေ့လျော်တတ်၏"** ဟူသော သဘောတရားအရ အချိန်ကာလ ကြာလာသည်နှင့်အမျှ ပတ်ဝန်းကျင်၏ စရိုက်ဆိုးများ၊ အရောင်ဆိုးမှုများနှင့် လွှမ်းမိုးမှုများနောက်သို့လိုက်ပါ၍ မကောင်းမှုဒုစရိုက်များဘက်သို့ တဖြည်းဖြည်းကူးပြောင်းပြီး အတုမြင်အတတ်သင်ဖြစ်ကာ အတုယူမှားပြီး အားကျလုပ်ဆောင်ရာမှ လူသားတို့စရိုက်ဆိုးများ ပြန့်ပွားကူးစက်လာခဲ့ကြပါသည်။ ထိုလူသားတို့အကျင့်စရိုက်ဆိုးများကို အချိန်မီ မထိန်းချုပ်နိုင်ပါက ယနေ့နေထိုင်ရာ လူသားတို့၏ ကမ္ဘာသည် ဒုစရိုက်ကမ္ဘာကြီးဖြစ်သွားနိုင်ပါသည်။ ဥပမာ- ပြိုကျမတတ်ဖြစ်နေသော အိမ်အိုကြီးကို အချိန်မီကြားခံ၍ ပြန်လည်ပြုပြင်နိုင်မှ ရေရှည်ပြန်လည် တည်တံ့ခိုင်မြဲနိုင်မည်ဖြစ်ပါသည်။ တစ်ကမ္ဘာလုံးတွင် လူသားတို့၏ ကိုးကွယ်ရာ ဘာသာတရားများ ပေါ်ပေါက်လာကြခြင်းမှာလည်း လူသားတို့၏ စိုးရိမ်ကြောင့်ကျမှုများကို ပယ်ဖျောက်ပြီး မကောင်းသော အကျင့်စရိုက်များကို အကောင်းဘက်သို့ ပြုပြင်ပြောင်းလဲ၍ သာယာလှပပြီး ကြည်နူးစဖွယ်၊ နေချင်ဖွယ်ကောင်းသော ငြိမ်းချမ်းသော ကမ္ဘာကြီးဖြစ်စေရန် ရည်ရွယ်ချက်ကောင်းများဖြင့် ပေါ်ထွက်လာကြခြင်းဖြစ်ပါသည်။ သို့သော်လည်း လူသားတို့သည် မသိမှု အဝိဇ္ဇာဖုံးအုပ်မှုကြောင့် သစ္စာလေးပါး အမှန်တရားကို မသိရှာကြသေးသဖြင့် သံသရာခရီးတွင် မျက်စိလည်လမ်းမှားပြီး လမ်းပေါ်တွင် လမ်းပျောက်နေကြခြင်း ဖြစ်သည်။

ယခုအခါ ရုပ်ဝတ္ထုပိုင်းဆိုင်ရာ တိုးတက်မှုများဘက်သို့ အလွန်အကျွံလိုက်ပါစွဲလန်းမှုများကြောင့် အကျိုးဆက်အနေအားဖြင့် လူသားတို့၏ ယဉ်ကျေးမှုဓလေ့ထုံးစံများ၊ တန်ဖိုးစံနှုန်းများ၊ ကိုယ်ကျင့်တရား၊ အလေးထားမှုများ အားပျော့လျော့နည်းလာပြီး တဖြည်းဖြည်း ယိုယွင်းဆုတ်ယုတ်လာသည်ကို တွေ့ရှိရပါသည်။ ယခုခေတ်သည် နိုင်ငံတကာ၊ တစ်ကမ္ဘာလုံး ပွင့်လင်းမြင်သာပြီး တံခါးဖွင့်ဝါဒဖြင့် လက်ခံကျင့်သုံးနေကြသည့် Globalization ခေတ်ဖြစ်သဖြင့် ၂၀ ရာစုနှစ် ၏ စိန်ခေါ်မှုများနှင့်အပြိုင် တစ်နိုင်ငံနှင့်တစ်နိုင်ငံမတူညီသော ယဉ်ကျေးမှုများသည် ရောထွေးပြီး အကောင်းရောအဆိုးပါ လိုမ့်ဝင်လာနိုင်သည်။ ထို့ကြောင့် **မိမိတို့၏ ရိုးရာယဉ်ကျေးမှုများ မပျောက်ပျက်ရအောင် အရိုးပေါ် အရွက်မဖုံးရအောင် လူတိုင်းသတိထားရှိရန် လိုပါသည်။** "တကောင်း၊ ပင်းယ၊ အင်းဝ၊ ကုန်းဘောင်" စသည့် ခေတ်အဆက်ဆက်မှ ရှေးမြန်မာမင်းများ လက်ထက်တွင် မင်းညီမင်းသားများနှင့် သာမန်လူအားလုံးတို့သည် ငယ်စဉ်အခါမှစ၍ ဘုန်းတော်ကြီးကျောင်းများတွင် ပညာရည်နို့သောက်စို့ခဲ့ကြခြင်းကြောင့် "သင်ပုန်းကြီး မဟာနမက္ကာရ ဘုရားရှိခိုး၊ မင်္ဂလသုတ်၊ သဂိါလောဝါဒသုတ်၊ အပြင်အောင်ခြင်း၊ အတွင်းအောင်ခြင်း၊ လောကနီတိ" စသည်တို့ကို လက်တွေ့သင်ကြားကျင့်သုံးခဲ့ကြသဖြင့် ကျောင်းတိုက်တာ၏ အရေးအကြီးဆုံး စည်းကမ်း ၁၀ ချက်တွင် "စိတ်ကောင်းရှိရန်က ပထမ" ဟု သတ်မှတ်ထားပါသည်။ စိတ်ကောင်းရှိဖို့ ဆိုသည်မှာလည်း အသိဉာဏ်ပညာ ဦးဆောင်သည့် မိကောင်း၊ ဖကောင်း၊ ဆရာကောင်း၊ သမားကောင်း၊ မိတ်ဆွေကောင်း၊ ပတ်ဝန်းကျင်ကောင်းများနှင့် ပေါင်းဖော်ပြီး ကိုယ်တိုင်လည်း အသိဉာဏ်ပညာဗဟုသုတ ဦးဆောင်သည့် ကိုယ်ကျင့်သီလ အလေ့အကျင့်စရိုက်ကောင်းများကို လက်ခံထားရှိဖို့ လိုအပ်ပါသည်။ ထို့ကြောင့် မိမိကိုယ်တိုင်က စပြုပြင်ပြီး မိမိနေထိုင်ရာ မိသားစု၊ ရပ်ကွက်၊ မြို့နယ်၊ ခရိုင်နှင့် တိုင်း၊ နိုင်ငံတို့ကို ပတ်ဝန်းကျင်ကောင်းများဖြစ်အောင် ဝိုင်းဝန်းပြုပြင် ဖန်တီးပေးရန်လိုအပ်ပါသည်။ ထိုသို့ ပြောင်းလဲရာတွင် အဓိကအကျဆုံးသည် မိမိကိုယ်တိုင် မှန်ကန်သောစိတ်ထား ယဉ်ကျေးသိမ်မွေ့သော စိတ်ဓာတ်များ၊ မှန်ကန်သော ခံယူချက်များ၊ မျိုးချစ်စိတ်ဓာတ်များ ရှင်သန်ထက်မြက်ပြီး ကိုယ်ကျင့်တရားများ ကောင်းမွန်ခဲ့ကြပါသည်။ ရိုးရာယဉ်ကျေးမှုအမွေများလည်း ခိုင်မြဲခဲ့ကြပါသည်။

အကျိုးဆက်အနေဖြင့် မိဘ၊ ဆရာသမားတို့ကို ဂါရဝတရား၊ နိဝါတတရားများထား၍ ရိုသေလေးစားခြင်း၊ ရှိခိုးဦးချခြင်း၊ လူအချင်းချင်း မေတ္တာထားနိုင်ကြခြင်း၊ အချင်းချင်း ရိုင်းပင်း၍ သည်းခံခွင့်လွှတ်နိုင်ကြခြင်းတို့ကြောင့် နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးတို့ဘက်တွင် အဆင်ပြေပြီး အေးချမ်းအောင်မြင်ခဲ့ကြပါသည်။ "အမျိုးသားယဉ်ကျေးမှုအစ စာသင်ကျောင်းက" ဟုဆိုထားကြသဖြင့် တိုင်းသူပြည်သားများ စာရိတ္တမဏ္ဍိုင်မြဲခိုင်ရေးအတွက် စာသင်ကျောင်းများသည် အရေးပါ



ပွင့်ဖြူမြို့နယ် ဝဲဒေါင့်ကျေးရွာ၌ ကျောင်းသား၊ ကျောင်းသူများ ယဉ်ကျေးလိမ္မာသင်တန်း သင်ကြားနေစဉ် ဓာတ်ပုံ- ဇူလိုင်မိုး(မြန်မာ့အလင်း)

အရာရောက်သော အဓိကနေရာများ ဖြစ်ကြပါသည်။ ယခုအခါ နွေရာသီကျောင်းပိတ်ရက်များတွင် ယဉ်ကျေးလိမ္မာသင်တန်းများကို မြန်မာတစ်နိုင်ငံလုံး၌ ဖွင့်လှစ်သင်ကြားပေးနေခြင်းကြောင့် လူငယ်များသည် တိုင်းပြည်၏ အနာဂတ်အတွက် ကောင်းမွန်ပြီး သားကောင်း သမီးကောင်းရတနာများ ပေါ်ထွက်လာမည်မှာ သေချာပါသည်။"မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒ ဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာ့နုဂ္ဂဟအသင်း" "ဓမ္မစကူးလ်ဖောင်ဒေးရှင်း" စသည့် အခြားခြားသော ယဉ်ကျေးလိမ္မာ သင်တန်းများကို မြန်မာနိုင်ငံအတွက် တာဝန်သိသူများက ဦးဆောင်၍ ကြိုးစားပြီး သင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။

မြန်မာနိုင်ငံရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ နွေရာသီကျောင်းပိတ်ရက်များအတွင်း ယဉ်ကျေးလိမ္မာသင်တန်းများ ဖွင့်လှစ်သင်ကြားပေးနိုင်ရန် မိဘဆရာများအနေဖြင့် တက်တက်ကြွကြွ ပါဝင်ကူညီနေကြသည်ကို တွေ့မြင်ရပါသည်။ ထို့ကြောင့် ၂၁.၇.၂၀၁၆ ရက်နေ့က နေပြည်တော်၌ ကျင်းပသည့် ပညာရေးဝန်ကြီးဌာန အခမ်းအနားတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မိန့်ခွန်းတွင် **"မိဘဆိုတာ ကိုယ့်သားသမီးတွေကို အကောင်းဆုံးဖြစ်စေချင်ကြတယ်၊ ကိုယ့်ထက်ပိုပြီးတော့ တတ်တဲ့သူတွေ၊ ကိုယ့်ထက်ပိုပြီး ကျွမ်းကျင်တဲ့သူတွေ လက်ထဲထည့်ပြီးတော့ ကိုယ့်သားသမီးတွေကို ပြုစုပျိုးထောင်စေချင်တဲ့စိတ်ဓာတ်နဲ့ ကျောင်းကို ပို့လွှတ်တာပါ"ဟု ပြောကြားခဲ့သည်။**

သားသမီးများ ယဉ်ကျေးလိမ္မာပြီး အမျိုးဘာသာ သာသနာကို စောင့်ရှောက်နိုင်သည့် နိုင်ငံ့သားကောင်းရတနာများ ဖြစ်လာကြစေရန်သည် မိဘတိုင်း၏ တာဝန်ဖြစ်ပါသည်။ ဓမ္မစကူးလ်သင်တန်းကျောင်းများတွင် စာရိတ္တပညာရေးကို သင်ကြားရာ၌ ကလေးများစိတ်ဝင်စားပြီး လွယ်ကူစွာသဘောပေါက်နားလည်အောင်၊ စိတ်ဝင်စားအောင် သင်ရိုးညွှန်းတမ်းများကို ကျောင်းသားကိုင် ဆရာကိုင်များ ရေးဆွဲပြီး သင်ထောက်ကူပစ္စည်းများဖြင့် ပံ့ပိုးထားသဖြင့်လည်း ပို၍ခေတ်မီသော ပညာရေးစနစ်ဖြစ်ပါသည်။ ထို့အပြင် To Know အချက်အလက်မှတ်မိရန်၊ To Comprehend အကြောင်းအကျိုးဆက်စပ်၍ နားလည်သဘောပေါက်စေရန်၊ To Apply လက်တွေ့ဘဝတွင် အသုံးချရန်အတွက် ထည့်သွင်းစီစဉ်ထားသည်ကိုလည်း တွေ့မြင်ရသည်။ ဤကဲ့သို့ခေတ်မီသော ဗုဒ္ဓဘာသာ စာရိတ္တပညာရေးစနစ်ဖြင့် ရတနာသုံးပါး၊ ဗုဒ္ဓဖြစ်စဉ်၊ ဗုဒ္ဓဝင်နှင့် မင်္ဂလာတရားတော်များ၊ ဗုဒ္ဓဘာသာဝင်တစ်ဦး၏ နေ့စဉ်ပြုကျင့်ရမည့် လုပ်ငန်းစဉ်များနှင့် လူမှုရေးကျင့်ဝတ်များ၊ မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးစံအစဉ်အလာများ၊ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး ပြုကျင့်လိုက်နာဖွယ်ရာများ၊ ငြိမ်းချမ်းရေးပညာပေးဆိုင်ရာ အယူအဆများကိုပါ ထည့်သွင်းသင်ကြားပေးထားသဖြင့် မိမိတို့၏ သားငယ်သမီးငယ်များသည် ပညာပြည့်ဝနှလုံးလှပြီး ပညာအမွေ၊ စာရိတ္တအမွေ၊ ပရဟိတအမွေများကို ရရှိမည်ဖြစ်ပါသည်။

ထို့ကြောင့် နွေရာသီကျောင်းပိတ်ရက်များတွင် ဖွင့်လှစ်လျက်ရှိသော ယဉ်ကျေးလိမ္မာသင်တန်းများသည် ဗုဒ္ဓဘာသာ စာရိတ္တ ပညာရေးစနစ်ဖြစ်၍ နိုင်ငံ့သားကောင်း ဗုဒ္ဓဘာသာဝင်များအနေဖြင့် မိမိတို့၏ အမျိုးဘာသာ သာသနာတော်နှင့် တိုင်းပြည်ကို အကောင်းဆုံး ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြပြီး လူသားအရင်းအမြစ်ဖြစ်သော သားငယ်၊ သမီးငယ်များကို စာရိတ္တမဏ္ဍိုင် ခိုင်မြဲရေးအတွက် ဝိုင်းဝန်းကူညီ ပညာအမွေပေးကြရန် လိုအပ်ကြောင်း တိုက်တွန်းလိုက်ရပါသည်။

## လူမှုရေးပင်စင်ထောက်ပံ့မှုလုပ်ငန်းညှိနှိုင်း

**ထားဝယ် မေ ၁၉**

တနင်္သာရီတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနမှကြီးမှူး၍ လူမှုရေးပင်စင်ထောက်ပံ့မှုဆိုင်ရာ တိုင်းဒေသကြီးအဆင့်လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို မေ ၁၇ ရက်က ထားဝယ်မြို့တနင်္သာရီတိုင်းဒေသကြီးလူမှုဝန်ထမ်းဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တနင်္သာရီတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နီနီရွှေနှင့်တာဝန်ရှိသူတို့က တိုင်းဒေသကြီးအတွင်း လူမှုရေးပင်စင်ထောက်ပံ့မှုနှင့် ပတ်သက်၍ စာရွက်စာတမ်းများတွင် ရေးသားဖြည့်သွင်းနည်းနှင့် လူမှုရေးပင်စင်စားသုံးမှုဆိုင်ရာအချက်အလက်များကို ရှင်းလင်းဆွေးနွေးကြသည်။

တနင်္သာရီတိုင်းဒေသကြီးအတွင်း လူမှုရေးပင်စင်ထောက်ပံ့ခံဦးရေပေါင်း ၁၁၃၇ ဦးရှိပြီး တစ်ဦးလျှင်တစ်လအတွက်ငွေကျပ် ၁၀၀၀၀နှုန်းဖြင့် ဧပြီ၊ မေနှင့် ဇွန်လသုံးလအတွက် ငွေကျပ် ၃၀၀၀၀ စီကိုဇွန် ၁၅ ရက်မှ စတင်ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဖိုးရွှေသွန်း(ထားဝယ်)**

## သမိုင်းဝင်ဖောင်တော်ဦးဘုရား မြေထိန်းနံရံစိုးရိမ်ဖွယ်အခြေအနေရှိ

**ရေစကြို မေ ၁၉**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့အမှတ် (၄) ရပ်ကွက်၌ အလောင်းစည်သူမင်းကြီး တည်ထားကိုးကွယ်တော်မူခဲ့သော ရှေးဟောင်းသမိုင်းဝင် ဖောင်တော်ဦးဘုရား၏ မြေထိန်းနံရံမှာ ချင်းတွင်းမြစ်ရေတိုက်စားမှုကြောင့် ကမ်းထိန်းနံရံ အခြေကျောက်ထုပ်များ ပြတ်ရွေ့ခြင်း၊ နံရံမြေကျွံအက်ကွဲခြင်းတို့ကြောင့် ဘုရားကြီး ပြိုကျပျက်စီးနိုင်သည့် စိုးရိမ်ဖွယ် အခြေအနေဖြစ်ပေါ်နေကြောင်း သိရသည်။



အဆိုပါ သမိုင်းဝင်ဖောင်တော်ဦး ဘုရားကြီး၏ စိုးရိမ်ဖွယ်ရာမြေထိန်းနံရံ အခြေအနေနှင့် ပတ်သက်၍ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များဖြစ်သော ဦးတင်သောင်း၊ ဦးမင်းဟန်နှင့် တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ လက်ထောက်အင်ဂျင်နီယာ ဦးသက်စိုးထိုက်နှင့် ဘုရားဂေါပကများက မေ ၁၆ ရက်က ကွင်းဆင်း၍ ရေလမ်းကြောင်း အခြေအနေ၊ ရေအတိမ် အနက်တိုင်းတာခြင်းများကို ဆောင်ရွက်ပြီး မြေထိန်းနံရံရေရှည်ခိုင်ခံ့မှုအတွက် ဆက်လက်ဆောင်ရွက်ရန်တို့နှင့် ပတ်သက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့ထံ တင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

**ဖေထွဏ်းဇော်(ရေစကြို)**

## ကရင်ပြည်နယ်အတွင်း ကျေးရွာများ၌ ဆိုလာယူနစ် ၁၁၀၀၀ ကျော် တပ်ဆင်ပေးမည်

**ဘားအံ မေ ၁၉**

ကရင်ပြည်နယ်အတွင်းရှိ ဘားအံ၊ လှိုင်းဘွဲ၊ ကော့ကရိတ်၊ ကြာအင်းဆိပ်ကြီးနှင့် သံတောင်ကြီး မြို့နယ်ငါးခုအတွင်းမှ ကျေးရွာပေါင်း ၁၄၉ ရွာတွင် အမျိုးသားအဆင့် လျှပ်စစ်မီးရရှိရေးစီမံကိန်း (NEP)အရ ဒေသခံပြည်သူအိမ်ထောင်စုများအား ဆိုလာ ၁၁၄၇၂ ယူနစ်နှင့် ကျေးရွာအများပိုင်နေရာများအတွက် အခမဲ့စနစ်ဖြင့် ဆိုလာ ၉၂၄ ယူနစ်ကို ဖြန့်ဝေတပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

တပ်ဆင်ပေးမည့် ဆိုလာယူနစ်များမှာ ယခုအခါ ဘားအံမြို့နယ်အပါအဝင် အခြားမြို့နယ်များသို့ ရောက်ရှိလာပြီး ယခုနှစ်မေလမကုန်ခင်အတွင်း ကျေးရွာများသို့ ဆက်လက်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အမျိုးသားအဆင့် လျှပ်စစ်မီးရရှိရေးစီမံကိန်းဖြင့် ကရင်ပြည်နယ်အတွင်း ကျေးရွာများ လျှပ်စစ်မီးရရှိရေးဆောင်ရွက်ရာတွင် မြို့နယ်အလိုက် ဆောင်ရွက်မှုမှာ ဘားအံမြို့နယ်တွင် ကျေးရွာ ၂၃ ရွာအတွက် ဆိုလာ ၂၀၆၂ ယူနစ်၊ လှိုင်းဘွဲမြို့နယ်တွင် ကျေးရွာ ၁၁ ရွာအတွက် ဆိုလာ ၁၀၆၃ ယူနစ်၊ ကော့ကရိတ်မြို့နယ်တွင် ကျေးရွာ ၇၃ ရွာအတွက် ဆိုလာ ၆၁၉၇ ယူနစ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်တွင် ကျေးရွာ ၂၉ ရွာအတွက် ၁၈၀၄ ယူနစ်နှင့် သံတောင်ကြီးမြို့နယ်တွင် ကျေးရွာခုနစ်ရွာအတွက် ၃၁၆ ယူနစ် စုစုပေါင်း ၁၁၄၇၂ ယူနစ်ဖြစ်ကြောင်း သိရသည်။

အမျိုးသားအဆင့် လျှပ်စစ်မီးရရှိရေးစီမံကိန်းအရ ဆိုလာတစ်ယူနစ်၏ တန်ဖိုးကို နိုင်ငံတော်မှ ၆၀ ရာခိုင်နှုန်း၊ ကမ္ဘာ့ဘဏ်မှ ၃၀ ရာခိုင်နှုန်းနှင့် ဆိုလာအသုံးပြုမည့် ပြည်သူများက ၁၀ ရာခိုင်နှုန်း ပေါင်းစပ်ထည့်ဝင်သည့်စနစ်ဖြင့် ဆောင်ရွက်ခြင်းဖြစ်သည်။

ဆိုလာယူနစ်များ တပ်ဆင်ပေးရာတွင် ပြည်သူများလိုချင်သော ပါဝါအလိုက် ဆိုလာပုံစံသုံးမျိုးဖြင့် ဖြန့်ဝေပေးမည်ဖြစ်ပြီး ပြည်သူများအနေဖြင့် ဆိုလာပစ္စည်းပုံစံ(၁)ကို ရယူလိုပါက ပထမအရစ်တွင် ငွေကျပ် ၉၀၀၀၊ ဒုတိယအရစ်တွင်ငွေကျပ် ၁၀၀၀၀ ဖြင့် စုစုပေါင်းငွေကျပ် ၁၉၀၀၀၊ ပုံစံ(၂)ကို ယူလိုပါက ပထမအရစ်တွင်ငွေကျပ် ၁၅၀၀၀ နှင့် ဒုတိယအရစ်တွင် ငွေကျပ် ၁၅၀၀၀ ဖြင့် စုစုပေါင်းငွေကျပ် ၃၀၀၀၀၊ ဆိုလာ ပုံစံ(၃)ကို ရယူလိုပါက ပထမအရစ်တွင် ငွေကျပ် ၂၁၀၀၀ နှင့် ဒုတိယအရစ်တွင် ငွေကျပ် ၂၄၀၀၀ ဖြင့် စုစုပေါင်းငွေကျပ် ၄၅၀၀၀ ထည့်ဝင်ရကြောင်း သိရသည်။

ကရင်ပြည်နယ်အတွင်း မြို့နယ်ငါးခုရှိ ကျေးရွာများ၌ ဆိုလာများတပ်ဆင်ပေးရန်အတွက် ပြည်သူလူထုမှ ထည့်ဝင်ရမည့် တစ်ယူနစ်တန်ဖိုး၏ ၁၀ ရာခိုင်နှုန်းစီကို ကောက်ခံရရှိထားပြီးဖြစ်၍ ဆက်လက်ဖြန့်ဝေတပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ငါးမြို့နယ်အတွက် အခမဲ့အနေဖြင့် အခြေခံပညာ မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းများအတွက် ၁၅၆ ယူနစ်၊ ကျေးလက်ကျန်းမာရေးဌာနများအတွက် ၃၅ ယူနစ်၊ဘာသာရေးကျောင်းများအတွက် ၁၈ ယူနစ်နှင့် လမ်းမီးတိုင်များအတွက် ၇၁၅ ယူနစ် စုစုပေါင်း ၉၂၄ ယူနစ်ကိုလည်း မေလပိုင်းမကုန်ခင် ဖြန့်ဝေတပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**



## ပထမဆုံးမောင်းသူမဲ့လေယာဉ်သင်တန်းသားများ လက်တွေ့ပျံသန်းလေ့ကျင့်

**မိတ္ထီလာ မေ ၁၉**

မြန်မာနိုင်ငံတွင် ဘဘာဝဘေးအန္တရာယ်ကျရောက်မှု အခက်အခဲလျော့နည်းရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှု ဖွံ့ဖြိုးတိုးတက်စေရန်ကုလသမဂ္ဂစိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာအဖွဲ့၏ နည်းပညာအကူအညီဖြင့် မိတ္ထီလာမြို့မြန်မာနိုင်ငံလေကြောင်းနှင့်အာကာသပညာတက္ကသိုလ်၌ ဖွင့်လှစ်သည့် ပထမဆုံးမောင်းသူမဲ့လေယာဉ် သင်တန်းသားများ၏ လက်တွေ့ပျံသန်းလေ့ကျင့်ခြင်းကို မေ ၁၈ ရက် က အဆိုပါ တက္ကသိုလ်ဘောလုံးကွင်း၌ ပြုလုပ်ကြောင်း သိရသည်။

မောင်းသူမဲ့လေယာဉ်ဖြင့် စိုက်ပျိုးရေးဆိုင်ရာလုပ်ငန်းများအတွက် အထောက်အကူပြုသည့် ကောင်းကင်ဓာတ်ပုံရိုက်ယူပြီး အသုံးချမြေပုံထုတ်လုပ်ခြင်း၊ စိုက်ပျိုးပင်များ၏ ရှင်သန်ကြီးထွားမှုအခြေအနေအား တိကျမှန်ကန်စွာလေ့လာအကဲဖြတ်ခြင်း၊ သဘာဝဘေးအန္တရာယ်ကျရောက်မှု ကြိုတင်ကာကွယ်ရေးလုပ်ငန်းများအတွက် မောင်းသူမဲ့လေယာဉ်ဖြင့် ကောင်းကင်ဓာတ်ပုံရိုက်ကူးနည်းတို့ကို လက်တွေ့လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

အဆိုပါသင်တန်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လက်အောက်ရှိ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ သမဝါယမဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန ၊ငါးလုပ်ငန်းဦးစီးဌာန ၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့မှ အရာထမ်း၊ အမှုထမ်း သင်တန်းသားများတက်ရောက်လျက်ရှိပြီး သင်တန်းကိုမေ ၁၅ ရက်မှ ၁၉ ရက်အထိစာတွေ့၊ လက်တွေ့သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ )**

## စလင်းမြို့၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရန် အထူးကြပ်မတ်ဆောင်ရွက်သွားမည်

**စလင်း မေ ၁၉**

မကွေးတိုင်းဒေသကြီး စလင်းမြို့၌ ယာဉ်မောင်းနှင်ကြသူများအနေဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို လိုက်နာကြရေး အထူးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စလင်းမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးခန်းမ၌ မေ ၁၆ ရက်က ပြုလုပ်သည့် မြို့မိမြို့ဖများနှင့် မြို့နယ်ရဲတပ်ဖွဲ့တို့ တွေ့ဆုံပွဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူးက ပြောကြားသည်။




အဆိုပါ တွေ့ဆုံပွဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူး ငွေတင်က စလင်းမြို့သည် မင်းဘူး-မကွေးကားလမ်းပေါ်တွင် တည်ရှိပြီး ခရီးသွားပြည်သူများနှင့် လမ်းအသုံးပြုသူပြည်သူများ အချိန်မရွေး အန္တရာယ်ကျရောက်နိုင်သဖြင့် ကြိုတင်ကာကွယ်ရန် ရည်ရွယ်ကာ စည်းကမ်းမဲ့ယာဉ်များကို ထိန်းသိမ်းစောင့်ကြည့်သွားမည် ဖြစ်ကြောင်း၊ ရဲတပ်ဖွဲ့ မီးသတ်တပ်ဖွဲ့နှင့် ရပ်/ကျေးတာဝန်ရှိသူများ ပါဝင်သော ပူးပေါင်းအဖွဲ့ကိုဖွဲ့စည်းကာ နေရာအနှံ့စောင့်ကြည့် ထိန်းသိမ်းကြပ်မတ်မည်ဖြစ်ပြီး စည်းကမ်းမလိုက်နာမှုများကို ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ရပ်မိရပ်ဖများက စလင်းမြို့၌ စည်းကမ်းမဲ့ လိုင်းကားများအပြင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း မလိုက်နာသော မော်တော်ဆိုင်ကယ်၊ သုံးဘီး၊ ဘေးတွဲဆိုင်ကယ်နှင့် အခြားယာဉ်များကိုပါ ကြပ်မတ်ထိန်းသိမ်းပေးရန်နှင့် စည်းကမ်းမလိုက်နာသူများအား မော်တော်ယာဉ်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သင့်ကြောင်းဆွေးနွေးကြကာ မြို့နယ်ရဲတပ်ဖွဲ့မှူးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးအတွက် ဆက်လက်လုပ်ဆောင်မည့် အစီအမံများကို ပြန်လည်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

## မူလတန်းအဆင့် ပထမတန်းသင်ရိုးသစ် သင်တန်းပို့ချ

**မုဒုံ မေ ၁၉**

မွန်ပြည်နယ် မုဒုံမြို့နယ် မူလတန်းအဆင့် ပထမတန်းသင်ရိုးသစ်သင်တန်းကို မေ ၁၃ ရက်က မြို့နယ်ပညာရေးမှူးရုံးက ကြီးကြပ်၍ မုဒုံမြို့အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းရှင်အရဟံခန်းမ၌ ဖွင့်လှစ်ပြီး မေ ၂၆ ရက် အထိသင်တန်းပို့ချမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပထမတန်း သင်ရိုးသစ်သင်တန်းသည် ဖွဲ့စည်းပုံနှင့် သင်တန်းအစီအစဉ်များကို နားလည်သဘောပေါက်စေရန် အဓိကသွင်ပြင်လက္ခဏာများ၊ စည်းမျဉ်းများနှင့် စစ်ဆေးအကဲဖြတ်ခြင်းများ သိရှိနားလည်စေရန် ရည်ရွယ်၍ ၂၀၁၇-၂၀၁၈ ခု ပညာသင်နှစ်တွင် စတင်သင်ကြားပေးမည့် အခြေခံပညာမူလတန်းသင်ရိုးသစ်များကို သင်ကြားမည့်သင်ယူမှုများ ပြုလုပ်ကြောင်း သိရသည်။

ယင်းသင်တန်းသို့ မုဒုံမြို့နယ်အတွင်းရှိ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၂၆၂ ဦး၊ သင်တန်းနည်းပြ ၂၈ ဦးဖြင့် နေ့စဉ် နံနက် ၈ နာရီခွဲမှ ညနေ ၄ နာရီအထိ ပို့ချပေးလျက်ရှိပြီး သင်တန်းသား၊ သင်တန်းသူများ စုပေါင်းဆွေးနွေးခန်းများထားရှိကာ ပထမတန်းသင်ရိုးသစ် ဘာသာရပ်များကို ဆွေးနွေးသင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**မုဒုံမောင်မောင်**

## ကင်းထောက်သင်တန်းဖွင့်ပွဲကျင်းပ

**ပန်းတောင်း မေ ၁၉**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် ဥသျှစ်ပင်မြို့အခြေခံပညာအထက်တန်းကျောင်း ရွှေပင်ရတနာခန်းမ၌ ၂၀၁၇-၂၀၁၈ ပညာသင်နှစ် ကင်းထောက်သင်တန်းဖွင့်ပွဲအခမ်းအနားကို မေ ၁၇ ရက်က ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံကင်းထောက်ကော်မတီအဖွဲ့ဝင် အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူး(ငြိမ်း) ကင်းထောက်ကြီး ဦးမြင့်ဆွေကကင်းထောက်အဖွဲ့ကြီး စတင်ဖြစ်ပေါ်လာရသည့် အကြောင်းနှင့် မြန်မာနိုင်ငံသည် ကမ္ဘာ့ကင်းထောက်အဖွဲ့ကြီး၏ အသိအမှတ်ပြုနိုင်ငံဖြစ်ကြောင်း စသည်ဖြင့် အမှာစကားပြောကြားပြီး ပန်းတောင်းမြို့နယ် ပညာရေးမှူးဒေါ်လှလှက သင်တန်းဖွင့်ရခြင်းရည်ရွယ်ချက်များနှင့် သင်တန်းကာလတွင် ထူးချွန်ကင်းထောက် မောင်မယ်များဖြစ်ကြရန် ကြိုးစားသင်ယူကြစေလိုကြောင်း ပြောကြားသွားသည်။ အဆိုပါသင်တန်းကို မေ ၁၇ ရက်မှ ၂၃ ရက်အထိ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**(ဝ၆၁)**

# WannaCry Ransomware နှင့် ပတ်သက်၍ ကွန်ပျူတာပညာရှင်အသင်းက သတိပေးအကြံပြုချက် ထုတ်ပြန်

**ရန်ကုန် မေ ၁၉**

ကွန်ပျူတာများအတွင်း ဖောက်ထွင်းဝင်ရောက်ကာ အတွင်းမှဖိုင်များကို ကြည့်ရှု၍မရအောင်ပြုလုပ်ပြီး ငွေတောင်းသည့် WannaCry သို့မဟုတ် WannaCrypt အမည်ရ ransomware နှင့် ပတ်သက်၍ သတိပေးအကြံပြုချက်ကို မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းက မေ ၁၇ ရက်က ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ WannaCry သို့မဟုတ် WannaCrypt အမည်ရ ransomware သည် မေ ၁၂ ရက်တွင် စတင်ပေါ်ပေါက်ပြီး ယခုအခါ တစ်ကမ္ဘာလုံး အနှံ့ ပျံ့နှံ့လျက်ရှိကာ Windows စနစ်သုံး ကွန်ပျူတာများကို ဖောက်ထွင်းခြင်းဖြစ်သည်။ ထို ransomware သည် ဖောက်ထွင်းခံရသော Windows သုံး ကွန်ပျူတာများထဲမှ ဖိုင်များကို သာမန်အားဖြင့် ကြည့်ရှုသုံးစွဲခြင်းမပြုနိုင်တော့ရန် encrypt လုပ်ကာ သိမ်းဆည်းလိုက်ပြီး ဖိုင်များကို ပြန်လည်ရယူလိုသော ပိုင်ရှင်များအနေဖြင့် သတ်မှတ်ထားသည့် လိပ်စာတစ်ခုသို့ ငွေပေးသွင်း၍ ပြန်လည်ရွေးယူရန် အကျပ်ကိုင်တောင်းဆိုခြင်းဖြစ်သည်။ ကွန်ပျူတာအတွင်းမှဖိုင်များကို ပြန်ရနိုင်ရန်အတွက် bitcoin များသုံးပြီး ငွေပေးသွင်း၍ ပြန်လည် ရွေးယူရမည်ဟု အကျပ်ကိုင်တောင်းဆိုသည့်စာကို မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းက ထုတ်ပြန်သည့် သတိပေးအကြံပြုချက်တွင် ဖော်ပြထားသည်။




အဆိုပါ WannaCry ransomware သည် မိုက်ခရိုဆော့ဖ် ဝင်းဒိုးစနစ်များ၏ SMB vulnerability ကုဒ်အမှတ် MS17-010 ကို ချနင်းပြီး Exploit အဖြစ် အသုံးပြုထားခြင်းဖြစ်၍ Microsoft Windows OS များဖြစ်သည့် Windows XP မှစ၍ Windows 10 အထိ SMB Service များ run ထားသည့် ဖိုင်များ၊ ဖိုလ်ဒါများကို အဓိကထား တိုက်ခိုက်မှုဖြစ်ကြောင်း၊ WannaCry သည် အခြားကွန်ပျူတာများထံသို့ ကွန်ရက်အတွင်းမှဖြစ်စေ၊ email attachment များမှဖြစ်စေ ပျံ့နှံ့နိုင်ကြောင်းလည်း ကွန်ပျူတာပညာရှင်အသင်းက သတိပေးအကြံပြုထားသည်။

ဝင်းဒိုးစနစ်သုံး ကွန်ပျူတာများအပေါ် ထိခိုက်ပျက်စီးမှုအများဆုံးဟု ယုံကြည်ရသော WannaCry ransomware တိုက်ခိုက်မှု၏အန္တရာယ်မှ ကာကွယ်ရန်အတွက် မိုက်ခရိုဆော့ဖ်သည် ထို ransomware ရန်မှ ကာကွယ်ပေးမည့် update တစ်ခုကို ထုတ်လွှင့်ပေးထားပြီးဖြစ်သည်။ ထိုUpdate သည် လက်ရှိ ဝင်းဒိုးစနစ်များအပြင် သက်တမ်းကုန်နေ၍ မိုက်ခရိုဆော့ဖ်မှ ထောက်ပံ့ပေးခြင်းမရှိတော့သည့် ဝင်းဒိုးစနစ်ဟောင်းများဖြစ်သော Windows XP, Vista, Windows 8, Server 2003 နှင့် 2008 Editions စသည့် ဝင်းဒိုးစနစ်များအားလုံးအတွက် အရေးပေါ်(emergency security patch update)အနေဖြင့် ထုတ်လွှင့်ပေးထားခြင်းဖြစ်ကြောင်း သိရသည်။

ထို့အပြင် ကွန်ပျူတာပညာရှင်အသင်း၏ အကြံပြုချက်တွင် ကွန်ပျူတာသုံးစွဲသူ တစ်ဦးခြင်းအနေဖြင့် အမြဲလိုက်နာသင့်သည့်အချက်များကိုလည်း ဖော်ပြထားသည်။ ကွန်ပျူတာအသုံးပြုသူများအနေဖြင့် လုံခြုံရေးဆိုင်ရာ Security Patch များနှင့် ကွန်ပျူတာ OS များကို အစဉ်အမြဲ update ပြုလုပ်ရန်၊ မိမိတို့၏ ကွန်ပျူတာထဲမှ ဖိုင်များကို အခြားလုံခြုံစိတ်ချရသောတစ်နေရာတွင် အရန်အဖြစ် သိမ်းဆည်းရန်၊ မိမိတို့အသုံးပြုနေသည့် အင်တီဗိုင်းရပ်စ်ဆော့ဖ်ဝဲများကို အမြဲ update လုပ်နေရန်၊ မည်သူမှန်းမသိသူက ပို့လာသောဖိုင်များ သို့မဟုတ် သိကျွမ်းသူမှပို့ခြင်းဖြစ်သော်လည်း ပုံမှန်မဟုတ်သည့်ဖိုင်များ ပေးပို့လာခြင်းတို့ကို နှိပ်ဖွင့်ကြည့်ခြင်းမှ ရှောင်ကြဉ်ရန် စသည့်အချက်များကို အကြံပြုဖော်ပြထားသည်။

**WannaCry ဆိုသည်မှာ**

WannaCry သို့မဟုတ် WannaCrypt ဆိုသည့် ransomware သည် မေ ၁၂ ရက်တွင် စတင်ပေါ်ပေါက်ပြီး ကမ္ဘာတစ်ဝန်းရှိ ဝင်းဒိုးကွန်ပျူတာစနစ်များကို ပစ်မှတ်ထားသော ကြီးမားသည့် ဆိုက်ဘာတိုက်ခိုက်မှုတစ်ခုဖြစ်သည်။ အမျိုးအစားမှာ Ransomware အမျိုးအစားဖြစ်ပြီး အီးမေးလ်များမှတစ်ဆင့် Phishing မေးလ်များပို့၍ ကွန်ပျူတာအတွင်း ဝင်ရောက်နိုင်သလို ကွန်ရက်ချိတ်ထားသော ကွန်ပျူတာများမှလည်း ဝင်ရောက်နိုင်သည်။ နိုင်ငံတကာ နည်းပညာသတင်းများအရ မေ ၁၂ ရက်မှ မေ ၁၇ ရက်အထိအတွင်း နိုင်ငံပေါင်း ၁၅၀ မှ ကွန်ပျူတာအလုံးပေါင်း ၂၃၀၀၀၀ ကျော်သည် ထို ransomware ၏ တိုက်ခိုက်မှုကို ခံခဲ့ရပြီးဖြစ်ကြောင်း သိရသည်။

**ကွန်ပျူတာသို့ WannaCry ဝင်ရောက်လျှင်**

ကွန်ပျူတာသို့ WannaCry ransomware ဝင်ရောက်တိုက်ခိုက်ခြင်းကို ခံရပါက ထို ransomware က ကွန်ပျူတာစနစ်တစ်ခုလုံးကို ထိန်းချုပ်ကာ Encrypt ပြုလုပ်လိုက်မည်ဖြစ်၍ ငွေတောင်းသည့်စာတစ်ခုတည်းကိုသာ မြင်နေရပြီး အခြားမည်သည့်အချက်ကိုမှ အသုံးပြုနိုင်တော့မည်မဟုတ်ကြောင်း သိရသည်။ ငွေတောင်းသည့်စာတွင်လည်း ငွေပေးရန် သတ်မှတ် ထားသည့်အချိန်နှင့် သတ်မှတ်ချိန်ကျော်ပါက တောင်းဆိုသည့်ငွေကို ထပ်တိုးမည်ဖြစ်ကာ ငွေမပေးပါက ထိန်းချုပ်ထားသောဖိုင်များကို ဖျက်ဆီးပစ်မည့် နောက်ဆုံးအချိန်တို့ကို ဖော်ပြထားသည်။ ransomware က ကွန်ပျူတာစနစ်နှင့် ဖိုင်များကို Encrypt လုပ် ထိန်းချုပ်လိုက်၍ ပြန်လည်အသုံးပြုနိုင်ရန် Decrypt လုပ်ရမည်ဖြစ်ရာ တောင်းဆိုသည့်ငွေကို မပေးလိုပါက ကွန်ပျူကျွမ်းကျင်သူ ပညာရှင်များ၏ အကူအညီကို ရယူရတော့မည်ဖြစ်သည်။

**WannaCry ကို ကာကွယ်ရန်**

ကွန်ပျူတာအတွင်းသို့ WannaCry ဝင်ရောက်မှုမှ ကာကွယ်ရန်အတွက် အဓိကအချက်မှာ ဝင်ရောက်လာနိုင်သည့် အပြုအမူများကို ရှောင်ကြဉ်ရန်ဖြစ်သည်။ အဓိကအားဖြင့် အီးမေးလ် attachment များမှ ဝင်ရောက်တတ်၍ အသေအချာမသိသော အီးမေးလ်များတွင် ပါဝင်လာသည့် Link များ အပါအဝင် အင်တာနက်ပေါ်မှ အသေအချာမသိသော ဒေါင်းလုပ်Link များကို လုံးဝနှိပ်ဖွင့်ခြင်းမပြုဘဲ ရှောင်ရမည်ဖြစ်သည်။

ယခုအခါ မိုက်ခရိုဆော့ဖ်မှလည်း Update ကို ထုတ်ပေးထားပြီဖြစ်ရာ လိုင်စင်ဝင်းဒိုးများအနေဖြင့် ထို Update ကို ထည့်သွင်းခြင်းဖြင့် စိတ်ချရသော်လည်း လိုင်စင်ဝင်းဒိုးအသုံးနည်းသည့် မြန်မာနိုင်ငံမှ ကွန်ပျူတာများမှာမူ စိတ်မချရသေးဘဲ ရှိနေသည်။ ထို့ကြောင့် အသုံးပြုနေသော အင်တီဗိုင်းရပ်စ်ဆော့ဖ်ဝဲများ၏ နောက်ဆုံးထွက် Update များကို ထည့်သွင်းထားကြရန် လိုအပ်မည်ဖြစ်သည်။

နောက်ဆုံးအနေဖြင့် ကာကွယ်ရန်မှာ ransomware ဝင်ရောက်လာသည့်တိုင် ကွန်ပျူတာများထဲရှိ အရေးကြီးသောဖိုင်များကို ဆုံးရှုံးခြင်းမရှိစေရန်အတွက် စိတ်ချရသော အခြားနေရာများတွင် အရန်အနေဖြင့် သိမ်းဆည်းထားရန် လိုအပ်မည်ဖြစ်သည်။ ။

**သတင်းဆောင်းပါး - သူရဖြိုး**

**ဓာတ်ပုံ - ကွန်ပျူတာပညာရှင်အသင်း**

## စီးပွားရေးလုပ်ငန်းများစတင်ရန် Startup ပြိုင်ပွဲကျင်းပ

**ရန်ကုန် မေ ၁၉**

မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော နည်းပညာ Startup Accelerator တစ်ခုဖြစ်သည့် Phandeeyar Accelerator က ဦးစီး၍ မိတ်ဖက်အဖွဲ့အစည်းများဖြစ်ကြသော USAID၊ Uber၊ Wave Money၊ Telenor Digital၊ Proximity Designs တို့နှင့်ပူးပေါင်းပြီး နည်းပညာအခြေပြု စီးပွားရေးလုပ်ငန်းများစတင်ရန် Startup ပြိုင်ပွဲကို မေ ၂၀ ရက်မှ ၂၈ ရက်အထိ ကိုးရက်တိုင် ရန်ကုန်မြို့ရှိ Phandeeyar Innovation Lab ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ Startup ပြိုင်ပွဲသည် စွန့်ဦးတီထွင်လုပ်ငန်း စတင်လိုသူတို့အတွက် ဆုကြေးငွေ ဒေါ်လာ ၂၅၀၀၀ ကျော်နှင့်အတူ နည်းပညာအခြေပြုစီးပွားရေးလုပ်ငန်းများ စတင်လုပ်ကိုင်ရန် အထောက်အကူများရရှိနိုင်မည့် ပြိုင်ပွဲဖြစ်ပြီး ပြိုင်ပွဲတွင် စွန့်ဦးတည်ထွင်သူများက အဖွဲ့ဖွဲ့၍ အလားအလာအကောင်းဆုံး နည်းပညာဆိုင်ရာ စီးပွားရေးလုပ်ငန်းများ ဖြစ်ပေါ်လာစေရန် ကြိုးစားယှဉ်ပြိုင်ကြရမည်ဖြစ်သည်။ အနိုင်ရရှိသော အသင်းများသည် ဆုကြေးငွေ ဒေါ်လာ ၂၅၀၀၀ ကျော်နှင့်အတူ Phandeeyar Accelerator ၏ Pre-Accelerator အစီအစဉ်ကိုလည်း ဝင်ရောက်ခွင့်ရရှိမည်ဖြစ်သည်။ ထို Pre-Accelerator အစီအစဉ်တွင် အောင်မြင်သော နည်းပညာအခြေပြု စီးပွားရေးလုပ်ငန်းများ ဖြစ်လာစေရန် ထိရောက်သော လမ်းညွှန်ပြသမှု၊ Phandeeyar ၏ Mentor ကွန်ရက်နှင့် ချိတ်ဆက်နိုင်မှုတို့နှင့်အတူ ရုံးခန်းနေရာ အခမဲ့အသုံးပြုနိုင်ခြင်းစသည့် ထောက်ပံ့မှုများ ရရှိမည်ဖြစ်သည်။

ယခုနှစ် Startup ပြိုင်ပွဲတွင် မြန်မာနိုင်ငံရှိ အကြီးဆုံးအခွင့်အလမ်းများကို ကိုယ်စားပြုသည့် နည်းပညာဆိုင်ရာ စီပွားရေးကဏ္ဍလေးခုကို အဓိကထား ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲဝင် အသင်းများသည် (၁) ဘဏ္ဍာရေးဆိုင်ရာ နည်းပညာ၊ (၂) စိုက်ပျိုးရေး နည်းပညာ၊ (၃) အင်တာနက်ချိတ်ဆက်ပစ္စည်းများ၊ (၄) လူတိုင်းအတွက် နည်းပညာ စသည့်ကဏ္ဍများကို ယှဉ်ပြိုင်ကြရမည်ဖြစ်ကြောင်း သိရသည်။

Startup ပြိုင်ပွဲ ဖွင့်ပွဲကို မေ ၂၀ ရက် နံနက်တွင် စတင်ကျင်းပပြီး ပြိုင်ပွဲအခမ်းအနားတွင် Phandeeyar: Myanmar Innovation Lab တည်ထောင်သူ David Madden၊ Phandeeyar Accelerator မှ ဒါရိုက်တာ Jes Kaliebe Petersen နှင့် USAID မှ တာဝန်ရှိသူ Dan Swift တို့က အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သူရဖြိုး**

## mySamsung အစီအစဉ်ကို မြန်မာနိုင်ငံတွင် စတင်အသုံးပြုနိုင်

**ရန်ကုန် မေ ၁၉**

မြန်မာနိုင်ငံအတွင်းရှိ ဆမ်ဆောင်းထုတ်ကုန်များ သုံးစွဲသူများအတွက် ဝယ်ယူပြီးနောက်ပိုင်း ဆမ်ဆောင်းမှဝန်ဆောင်မှုများ အပါအဝင် အကျိုးခံစားခွင့်များကို ပိုမိုရရှိစေနိုင်မည့် mySamsung အစီအစဉ်ကို မေလ ပထမပတ်အတွင်းမှစ၍ အသုံးပြုနိုင်ရန် ဆောင်ရွက်ပေးထားပြီဖြစ်ကြောင်း သိရသည်။

mySamsung အစီအစဉ်သည် ဆမ်ဆောင်းထုတ်ကုန်များသုံးစွဲနေသူများအတွက် ဆမ်ဆောင်း၏ မူပိုင်အစီအစဉ်ဖြစ်ပြီး စင်ကာပူ၊ မလေးရှား၊ ဖိလစ်ပိုင်၊ တိုင်ဝမ်၊ ယိုးဒယား၊ ဗီယက်နမ်၊ ဩစတြေးလျနှင့် နယူးဇီလန်တို့တွင် အသုံးပြုနေပြီဖြစ်ကာ သုံးစွဲသူ ကိုးသန်းကျော်အထိ ရှိနေပြီး မြန်မာနိုင်ငံတွင် မေ ၅ ရက်က စတင်မိတ်ဆက်ခဲ့ခြင်းဖြစ်သည်။

ထိုအစီအစဉ်အရ ဆမ်ဆောင်းထုတ်ကုန်များကို လက်ရှိသုံးစွဲနေသူများနှင့် သုံးစွဲသူအသစ်များသည် mySamsung မိုဘိုင်းအပလီကေးရှင်းမှတစ်ဆင့် သို့မဟုတ် အင်တာနက် စာမျက်နှာ mysamsung.com မှတစ်ဆင့် ဝင်ရောက်သုံးစွဲနိုင်မည်ဖြစ်ပြီး အပလီကေးရှင်း သို့မဟုတ် ဝက်ဘ်ဆိုက်မှတစ်ဆင့် ဆမ်ဆောင်းထုတ်ကုန်များနှင့် အာမခံများကို စီမံခန့်ခွဲနိုင်ခြင်း၊ ဆမ်ဆောင်း၏ Customer support နှင့် တိုက်ရိုက်ဆက်သွယ်ကာ သိလိုသည်များကို မေးမြန်းနိုင်ခြင်း၊ ထုတ်ကုန်များနှင့် ပတ်သက်သော အကြံပြုချက်များပေးနိုင်ခြင်း၊ ထုတ်ကုန်များ၏ လုပ်ဆောင်ချက်များကို ဝေမျှခြင်း စသည်တို့ကို လုပ်ဆောင်နိုင်မည်ဖြစ်သည်။

mySamsung ကို အသုံးပြုရာတွင် မြန်မာဘာသာဖြင့် ဇော်ဂျီဖောင့်နှင့် ယူနီကုတ် နှစ်မျိုးလုံးဖြင့် အသုံးပြုနိုင်မည်ဖြစ်သည်။ mySamsung မှတစ်ဆင့် ဆမ်ဆောင်းထုတ်ကုန် စတင်သုံးစွဲသူများ သို့မဟုတ် သုံးစွဲနေရာမှ အဆင့်မြှင့်တင်လိုသူများအတွက် လိုအပ်သောလမ်းညွှန်ချက်များ ရရှိမည်ဖြစ်သလို mySamsung Live chat မှတစ်ဆင့်သိရှိလိုသည်များအား မေးမြန်းနိုင်ခြင်းဖြင့် မြန်ဆန်ပြီးလွယ်ကူသည့် customer support ကိုလည်း ရရှိနိုင်မည်ဖြစ်သည်။ ထို့အပြင် ဒေသတွင်းရှိ ဝန်ဆောင်မှုစင်တာစာရင်းအပြည့်အစုံကိုလည်း ကြည့်ရှုသုံးစွဲခွင့်ရမည်ဖြစ်ပြီး ပြုပြင်ရန်ပေးအပ်ထားသည့် ထုတ်ကုန်များ၏အခြေအနေကိုလည်း ကြည့်ရှုသိရှိနိုင်မည်ဖြစ်သည်။

ဆမ်ဆောင်းထုတ်ကုန်များ၏ အသုံးဝင်သည့်အချက်များနှင့် ထူးခြားသောလုပ်ဆောင်ချက်အသစ်များ(tips and tricks)ကိုလည်း mySamsung မှ တစ်ဆင့် လေ့လာကြည့်ရှုနိုင်မည်ဖြစ်ပြီး mySamsung သုံးစွဲသူများအနေဖြင့် ဆမ်ဆောင်း၏ အခမ်းအနားများသို့ ဖိတ်ကြားခံရခြင်းနှင့် ပရိုမိုးရှင်းအစီအစဉ်ကဲ့သို့သော ဒေသတွင်း အစီအစဉ်များတွင် ပါဝင်အကျိုးခံစားခွင့်များလည်း ရရှိမည်ဖြစ်ကြောင်း သိရသည်။

**သူရဖြိုး**

## ပေါင်းကူးဒေတာလက်ဆောင်အစီအစဉ်ကို အူရီဒူးမှ စတင်မိတ်ဆက်

**ရန်ကုန် မေ ၁၉**

အူရီဒူးသုံးစွဲသူများအနေဖြင့် အခြား အူရီဒူးသုံးစွဲသူများထံသို့ လစဉ်အသုံးပြုနိုင်သည့်ဒေတာကို လက်ဆောင်အဖြစ်ပေးအပ်နိုင်သော ပေါင်းကူးဒေတာလက်ဆောင်အစီအစဉ်ကို အူရီဒူးမြန်မာက မေ ၁၇ ရက်မှ စတင်ဝန်ဆောင်မှုပေးထားပြီဖြစ်ကြောင်း အူရီဒူးမြန်မာမှ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အူရီဒူးမြန်မာမှ လက်ရှိဝန်ဆောင်မှုပေးထားသော ပေါင်းကူးဒေတာအစီအစဉ်သည် သုံးစွဲသူများ အကြိုက်တွေ့သည့်အစီအစဉ်ဖြစ်ပြီး သုံးစွဲသူများ၏ တောင်းဆိုချက်အရ ပေါင်းကူးဒေတာလက်ဆောင် အစီအစဉ်ကို ထပ်မံမိတ်ဆက်ပေးခြင်းဖြစ်ကြောင်း၊ ပေါင်းကူးဒေတာအစီအစဉ်ဝယ်ယူပြီး ရက် ၃၀ အတွင်း အသုံးမပြုလိုက်ရသည့် ဒေတာများ ဆုံးရှုံးသွားခြင်းမရှိရန် နောက်ထပ် ပေါင်းကူးဒေတာအစီအစဉ်ကို ဝယ်ယူရသည့်အစား ယခုမိတ်ဆက်သည့် လက်ဆောင်အစီအစဉ်အရ ပေါင်းကူးဒေတာလက်ဆောင်ကို အခြားသူများထံမှ ရယူခြင်းဖြင့် ဝယ်ယူထားသည့် လက်ကျန်ဒေတာများကို နောက်လတွင် ဆက်သုံးနိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပေါင်းကူးဒေတာလက်ဆောင်အစီအစဉ်တွင် အနည်းဆုံး 800 MB အတွက် ၉၉၉ ကျပ်မှ ဒေတာအသုံးပြုမည့်အပေါ် မူတည်၍ 130 GB အထိ အမျိုးအစားရှစ်မျိုး ဝယ်ယူနိုင်မည်ဖြစ်ပြီး ပေါင်းကူးဒေတာလက်ဆောင်အစီအစဉ်ကို အခြားသူများထံ လက်ဆောင်ပေးလိုလျှင် *442# သို့ ဖုန်းခေါ်ဆို၍ဖြစ်စေ၊ My Ooredoo App မှတစ်ဆင့်ဖြစ်စေ လက်ဆောင်ပေးပို့နိုင်ကြောင်း သိရသည်။ **သူရဖြိုး**



# ဆေးစက်ကျရာ အရုပ်ထင်အောင် ကြိုးပမ်းနေတဲ့ မိန်းကလေးအသွင်နဲ့ ဇေရဲထက်

ကိုလင်း

**ရန်ကုန် မေ ၁၉**

ဒါရိုက်တာ ဟိန်းဝေယံ ရိုက်ကူးနေတဲ့ 'မာယာကကြိုး' ရုပ်ရှင်ဇာတ်ကားကြီးမှာ မိန်းကလေးအသွင်နဲ့ မြင်တွေ့ရမှာဖြစ်တဲ့ သရုပ်ဆောင် ဇေရဲထက်က အနုပညာနဲ့ပတ်သက်ပြီး ဝေဖန်အကြံပြုလာရင် အချိန်မရွေး လက်ခံနိုင်ပေမယ့် ကိုယ်ရေးကိုယ်တာနဲ့ပတ်သက်ပြီး ပြောလာခဲ့ရင် အချိန်အတိုင်းအတာ တစ်ခုရှိနေသေးတယ်လို့ ဆိုလိုက်ပါတယ်။

ဇေရဲထက်က ဟိန်းဝေယံကိုယ်တိုင်ရေးပြီး ကိုယ်တိုင်ဒါရိုက်တာအဖြစ် ရိုက်ကူးတဲ့ မာယာကကြိုး ရုပ်ရှင်ဇာတ်ကားကြီးမှာ မိန်းကလေးအသွင်ပြောင်း ခွဲစိတ်ပြုပြင်ထားသူ တစ်ဦးအဖြစ် သရုပ်ဆောင်ထားတာ ဖြစ်ပါတယ်။

"ဒီဇာတ်ကားရဲ့ ပရိသတ်ကြီးကို ပေးချင်တဲ့ အဓိကအကြောင်းက ဘဝပေးအခြေအနေကြောင့် အသွင်ပြောင်း မိန်းကလေး ဖြစ်ခဲ့ပေမယ့် သူ့မှာလည်း ချစ်တတ်တဲ့ နှလုံးသားရှိတယ်။ အဲလို နှလုံးသား ရှိတာကြောင့် အချစ်ဆိုတာ မွေးဖွားခဲ့ပြီး ကောင်လေးတစ်ယောက်ကို အရမ်းချစ်တယ်။ အခက်အခဲ အမျိုးမျိုးကို အချစ် စိတ်နဲ့ ဖြတ်ကျော်ရင်ဆိုင်နိုင်ခဲ့တယ်ဆိုတဲ့ ဇာတ်ကားလေးပါ" လို့ ဇေရဲထက်က ပြောပြပါတယ်။

ဒီဇာတ်ကားအတွက် အဝတ်အစားပိုင်း၊ မိတ်ကပ်ပိုင်းကစပြီး သတိထား အချိန်ယူ စုဆောင်းပြင်ဆင်ခဲ့ရတယ်လို့ဇေရဲထက်က ပြောပြပါတယ်။ ဒါတင်မကသေးပါဘူး၊ ရာသီဥတု ပူတာကြောင့် အဝတ်အစားတွေကို ချည်ထည် တွေနဲ့ ပြန်ချုပ်ခဲ့ရပြီး မိန်းကလေးအသွင်ကို အတိအကျ ပေါ်လွင်စေဖို့ မိတ်ကပ်နဲ့ ဆံပင်တွေကို အစစ်နဲ့ မခြားတူအောင် လုပ်ဆောင်ခဲ့တယ်လို့ သိရပါတယ်။

ဇေရဲထက်အတွက် မိန်းကလေး ကာရိုက်တာနဲ့ သရုပ်ဆောင်ရတာဖြစ်လို့ အခက်အခဲတွေ အများကြီးအပြင် ဇာတ်ကားနဲ့ပတ်သက်ပြီး တော့လည်း ဝေဖန်မှုတွေနဲ့ ကောလာဟလအချို့ကို ကြုံခဲ့ရပါတယ်။


"ကျွန်တော့်ကို အားပေးတဲ့ ပရိသတ်တွေ ဒီကားလေးကို ကြည့်ပြီးသွားရင် ခဏတာ စိတ်အပန်းဖြေမှုလေးရသွားမယ်။ ကားလေးကို ကြည့်ပြီး ရယ်မောသွားရမယ်ဆိုရင် ကျွန်တော်လည်း ကျေနပ်ရမှာပါ။ ကျွန်တော်တို့ အားလုံးကလည်း ဒီလိုစေတနာနဲ့ ဒီကားလေးကို ဖန်တီးထားပါတယ်။ ကျွန်တော်ကတော့ ဘယ်အလုပ်ပဲဖြစ်ဖြစ် သေချာလုပ်တာ အကျင့်ပါနေပါပြီ။ ကျွန်တော့်အတွက်တော့ ဒီကားလေးက အမှတ်တရပါပဲ။ ဇာတ်ရုပ်နဲ့လိုက်အောင် အစားလျှော့ခဲ့ရသေးတယ်။ ဆာတာတောင်မစားဘဲ ဝိတ်ကျဖို့ ကြိုးစားထားရတယ်။ ဒါကကျွန်တော့် ပရိသတ်ကြီးအတွက် သနားစရာဖြစ်အောင် ပြောပြတာ မဟုတ်ပါဘူး။ ရိုက်ကွင်းတစ်ခုရဲ့ နောက်ကွယ်က အခက်အခဲကို ပြောပြတာပါ" လို့ ဇေရဲထက်က ရှင်းပြပါတယ်။

ဇာတ်ကားနဲ့ပတ်သက်ပြီး ဝေဖန်တာတွေ၊ ဘာဖြစ်လို့ ရိုက်တာလဲလို့မေးတာတွေ ရှိပေမယ့် အနုပညာရှင် တစ်ယောက်အနေနဲ့ ကျရာဇာတ်ရုပ်ကို ပီပြင်အောင်သရုပ်ဆောင်ဖို့သာ အဓိကဖြစ်တယ်လို့ ဇေရဲထက်က ပြောပြပြီး ထပ်မံပြီးတော့လည်း မိန်းကလေးဇာတ်ရုပ်တွေကို ရိုက်ကူးသွားဖို့ ရှိနေသေးတယ်လို့ သတင်းပါးလိုက်ပါသေးတယ်။

# ဒရမ်မာကြိုက်ပရိသတ်များအတွက် 'ကျွန်' အထူးပွဲ ပြသ

**ရန်ကုန် မေ ၁၉**

ဒါရိုက်တာ အကယ်ဒမီ ညွန့်မြန်မာညီညီအောင် ရိုက်ကူးတင်ဆက်သည့် 'ကျွန်'ဇာတ်ကား အထူးပွဲပြသခြင်း အခမ်းအနားကို မေ ၁၇ ရက်က ရန်ကုန်မြို့ သမ္မတဟိုတယ်၌ ကျင်းပသည်။ ရှေးအခါက ရှိခဲ့သည့် ဘုရားကျွန်တို့ အကြောင်းကို ဆက်နွှယ်ကာ ရိုက်ကူးထားသည့် ဇာတ်ကားတစ်ခုဖြစ်ပြီး နေတိုး၊ မြင့်မြတ်၊ ဝတ်မှုန်ရွှေရည်၊ စိုးမြတ်သူဇာ၊ ထူးမွန်နှင့် သရုပ်ဆောင်ပေါင်းများစွာတို့က ပါဝင်အားဖြည့်ထားသည်။ "ဒီဇာတ်ကားကနေ ဗဟုသုတ၊ ပုဂံဒေသရဲ့အလှအပတွေ၊ စေတီပုထိုးတွေနဲ့ မေတ္တာတရားကို မြင်တွေ့ရမယ်လို့ မျှော်လင့်ပါတယ်။ ကျွန်တော်တို့ သွားရောက်ရိုက်ကူးတဲ့အချိန်က အလွန်ပူတဲ့အချိန်ဖြစ်တာမို့ သရုပ်ဆောင် တွေအားလုံးရော၊ စက်အဖွဲ့သားတွေရော ပင်ပန်းကြတယ်။ ဒါပေမယ့် အားလုံးက 'ကျွန်'ဇာတ်ကားကြီးအောင်အောင်




မြင်မြင်နဲ့ ပြီးဆုံးသွားတဲ့အထိ ပါဝင်အားဖြည့်ပေးခဲ့ကြတာ ကျေးဇူးတင်စရာကောင်းပါတယ်" ဟု ရိုက်ကူးသူ ညွန့်မြန်မာညီညီအောင်က အထူးပွဲပြသအပြီး ပြောကြားသည်။

သရုပ်ဆောင်များ၏ သဘာဝကျမှု၊ ပုဂံဒေသ၏ အလှတရားနှင့် ရှေးရိုးစွဲအယူအဆဟောင်းအချို့၏ အမှားများကို 'ကျွန်' ဇာတ်ကားတွင် မြင်တွေ့ရသည်။ လာမည့်သီတင်းပတ်အတွက် ပရိသတ်အကြိုက် ဇာတ်ကားတစ်ခုအဖြစ် မြင်တွေ့ရဦးမည်ဟု မျှော်လင့်ရသည်။ **ရှီလာ**


# တိုင်းပြည်စီးပွားရေး အခြေခံကောင်းလာတော့ လုပ်ငန်းတွေကလည်း ပရိုမိုးရှင်းလုပ်ကြတယ်ဆိုသူ ဂျွန်လွင်

**ရန်ကုန် မေ ၁၉**

နိုင်ငံတကာပွဲတွေကို ပြည်တွင်းမှာအဆင့်မြင့်မြင့် ဖန်တီးကျင်းပပြုလုပ်တတ်တဲ့ နှစ်ပေါင်းများစွာ အောင်မြင်လာခဲ့သူတစ်ဦးကို ပြပါဆိုရင် အားလုံးသိတဲ့ ဂျွန်လွင်ကို ပြရမှာပါ။ သူကတော့ Stars & Models ကို တည်ထောင်ထားပြီး အရည်အသွေးပြည့်တဲ့ မော်ဒယ်လ်တွေကို မွေးထုတ်ပေးခဲ့သူလည်း ဖြစ်ပါတယ်။

ပြောင်းလဲခေတ်မီလာတဲ့ အချိန်ကာလမှာ ကုန်ပစ္စည်းမိတ်ဆက်လိုတာဖြစ်ဖြစ်၊ ကျန်းမာခြင်းကို အလှအပရေးရာနဲ့ပူးတွဲပြီး အသိပေးလိုတာဖြစ်ဖြစ်၊ ဖျော်ဖြေရေးဖြစ်ဖြစ် ဘယ်လိုကဏ္ဍမှာမဆို အရောင်းမြှင့်တင်ရေးတွေ လုပ်ဆောင်နေကြပါတယ်။ ထိုအထဲမှာ လူငယ်တွေကို လက်တွဲခေါ်ပြီး အောင်မြင်မှု စင်မြင့်တွေပေါ် တင်ပေးနေတဲ့ ကိုဂျွန်လွင်ကတော့ သူ့အပေါ်ဝေဖန်မှုတွေအပေါ်မှာ ဘယ်လိုမှ မှတ်ချက်မပေးပါဘူး။ သူရှေ့ဆက်ရမယ့်နေ့အတွက်ကိုသာ တွေးခေါ်စဉ်းစားလေ့ရှိတယ်လို့ သိရပါတယ်။

"ကျွန်တော်က အခုနောက်ပိုင်းမှာ ကုမ္ပဏီတွေကနေ လာအပ်တဲ့ ပွဲတွေ၊ အခမ်းအနားတွေကို ဦးစီးဆောင်ရွက်ပေးနေပါတယ်။ တစ်လတစ်လကို ပွဲတွေက များတယ်ဗျ။ ရက်တွေတိုက်နေတာမို့ လက်မခံရတဲ့ ပွဲတွေလည်း များတယ်။အခုကတော့ ကျွန်တော်တို့ တိုင်းပြည် စီးပွားရေးအခြေခံ ကောင်းလာတော့ လုပ်ငန်းတွေကလည်း မိတ်ဆက်ကြတယ်၊ ပရိုမိုးရှင်းလုပ်ကြတယ်။ ကျွန်တော်တို့ Show Business မှာက ကိုယ့်အပေါ် ယုံကြည်ပြီး လာအပ်ကြမယ်ဆိုရင် အလွန်ကျေနပ်စရာကောင်းတယ်။ ဒီလိုဖြစ်ဖို့ကတော့ လွယ်လွယ်တော့ မရခဲ့ပါဘူး။ အများကြီးကြိုးစားခဲ့ရတယ်။ ကိုယ့်ရဲ့ လုပ်ဆောင်ချက်က ကိုယ့်ကိုအကျိုးပြုတာလေ။ အလုပ်နဲ့ပတ်သက်ရင် မခိုမကတ်ဘဲ ပြီးအောင်လုပ်တယ်။ ကိုယ်တိုင်လည်း ဝင်လုပ်ပြရတယ်။ အမှိုက်ကောက်ရာကနေ အစီအစဉ်အဆုံး ပွဲပြီးလို့ သိမ်းဆည်းတဲ့အထိ ကျွန်တော်ကိုယ်တိုင်လုပ်ပြတော့ ကျွန်တော့် အဖွဲ့သားတွေလည်း အားလုံးပါဝင်လာတာပေါ့။ ပွဲကြီးဖြစ်ဖြစ် ပွဲသေးဖြစ်ဖြစ် အားထုတ်မှုကတော့ အတူတူပါပဲ။ ကျွန်တော်တို့လို ပွဲစီစဉ်တဲ့အခါမှာတင်မဟုတ်ပါဘူး။ ဘယ်အလုပ်ဖြစ်ဖြစ် လေးလေးစားစားနဲ့ တန်ဖိုးထားပြီး ကြိုးစားရင် အောင်မြင်မယ်လို့ ကျွန်တော် ယုံကြည်တယ်"လို့ လက်ရှိအနေအထားကို ပြောပြပါတယ်။



"ရိုးသားကြိုးစားတဲ့ လူငယ်အမျိုးသမီး၊ အမျိုးသားတွေကို ကျွန်တော် အစွမ်းကုန်ကူညီပေးသွားမှာပါ။ ကျွန်တော်တို့က အသက်အရွယ်အရ လူငယ်တွေနဲ့ယှဉ်ပြီး အလုပ်လုပ်နိုင်အောင် မနည်းကြိုးစားနေရတာ။ ဒီနေရာမှာ ပြောချင်တာက လူငယ်တွေအားလုံးလည်း အလုပ်ကို လေးစားပါ။ အောင်မြင်မှုကိုရော၊ ကျရှုံးမှုကိုရော ခံနိုင်ရည်ရှိအောင် ကြိုးစားပါ။ ကျွန်တော်တို့လောကက ကြိုးစားရင် ကြိုးစားသလောက်၊ အလုပ်ကို တန်ဖိုးထားရင် ထားသလောက် မြန်မြန်နဲ့ အဝေးဆုံးထိ ပြေးနိုင်တဲ့ လောကတစ်ရပ်ဖြစ်တာမို့ မော်ဒယ်လ်တွေ ရော၊ လူငယ်တွေကိုရော ကြိုးစားစေချင်တယ်။ အလုပ်ကိုတန်ဖိုးထားရင် ဘဝကပါ သူ့အလိုလို ပြောင်းလဲမြင့်မားသွားမယ်" လို့ ကိုဂျွန်လွင်က သူ့အတွေ့အကြုံကို ပြန်လည်ပြောပြပါတယ်။

**ဝေလင်း**

# အာဆီယံလူငယ် ဖက်ရှင်ဒီဇိုင်နာအဖြစ် ယှဉ်ပြိုင်နိုင်ကြပြီ

**ရန်ကုန် မေ ၁၉**

မလေးရှားနိုင်ငံ ကွာလာလမ်ပူ ဖက်ရှင်ဒီဇိုင်နာများနှင့် မြန်မာနိုင်ငံ၌ရှိသည့် နိုင်ငံကျော်ဒီဇိုင်နာများပူးပေါင်းပြီး Air Asia ၏ အဓိကကူညီပံ့ပိုးမှုနှင့်အတူ Air Asia Runway Ready Designer Search 2017 ပွဲကို မေလ အတွင်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီပွဲကြီးကတော့ မြန်မာနိုင်ငံရဲ့ အထူးခြားဆုံးပွဲတစ်ပွဲလို့ ပြောလို့ရပါတယ်။ တစ်ခါမှလည်း ကျွန်တော်တို့ နိုင်ငံမှာမကျင်းပဖူးပါဘူး။ ဒီဇိုင်နာတွေအတွက်တော့ အခွင့်အရေးတစ်ရပ်ပဲ ဖြစ်ပါတယ်။ ဒီပွဲကြီးလုပ်ဖို့အတွက် ကျွန်တော့်ကို မလေးရှားနိုင်ငံမှာရှိတဲ့ ဒီဇိုင်နာတွေက ကမ်းလှမ်းလာခဲ့တာ ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုရင် ကျွန်တော့်အနေနဲ့က နှစ်တိုင်း Fashion Week ပွဲတွေ လုပ်နေတာကြောင့် သူတို့ဘက်က ကမ်းလှမ်းခဲ့တာပါ။ ကျွန်တော်အနေနဲ့ကတော့ ဒီဇိုင်နာတွေရဲ့ အကြောင်းတွေ သိပ်မသိဘူး။ တတ်သိနားလည်တဲ့ မမဥ္ဇူတို့နဲ့သူတို့ကို ချိတ်ဆက်ပေးလိုက်ပါတယ်။ မြန်မာနိုင်ငံက ဖက်ရှင်ဒီဇိုင်နာတွေအတွက်တော့ အတွေ့အကြုံသစ်တွေ ရလာမယ်လို့ထင်ပါတယ်" ဟု ဂျွန်လွင် (Stars & Models) က ပြောသည်။

အဆိုပါ ပြိုင်ပွဲတွင် အာဆီယံ ၁၀ နိုင်ငံ မှ တက်သစ်စ ကြိုးစားဆဲ လူငယ်ဒီဇိုင်နာ တစ်နိုင်ငံလျှင် အယောက် ၁၀၀ ယှဉ်ပြိုင်မှာဖြစ်ပြီး ထိုအထဲမှ အရည်အချင်းပြည့်ဝပြီး ဖြတ်ထိုးဉာဏ်ကောင်းမွန်သူ၊ တီထွင်ဆန်းသစ်မှုရှိသူတစ်ဦးကို ရွေးချယ်ပြီး Kualalumpur Fashion Week 2017 Show တွင် ဆုရရှိသူလက်ရာများကို ပြသသွားမည်ဖြစ်ကြောင်း သိရသည်။




Air Asia Fashion ပြိုင်ပွဲကို စိတ်ဝင်စားသော Designer များအနေဖြင့် ယခုလ ၂၇ ရက် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီ အထိ Rose Garden Hotel သို့ ကိုယ်ကြိုက်နှစ် သက်ရာ အကျီဒီဇိုင်းသုံးပုံဆွဲကာ လာရောက်ပြသလျှောက်ထားနိုင်ကြောင်း သိရသည်။ **ကိုလင်း**

## တစ်ဖက်သတ်စွပ်စွဲချက်တွေကြောင့် ပရိသတ်ကြီးအထင်မလွဲစေချင်သူ ကောင်းကောင်း



**ရန်ကုန် မေ ၁၉**

သူရွေးချယ်တဲ့ ဘဝကို သူကိုယ်တိုင် လက်ခံသလို ပရိသတ်ကြီးကိုလည်း လက်ခံစေချင်တဲ့ ကောင်းကောင်းက သူနဲ့ပတ်သက်ပြီး ထွက်ပေါ်နေတဲ့ သတင်းတွေအတွက် ပြန်လည်တုံ့ပြန်မှုကို လူမှုကွန်ရက်ဖေ့စ်ဘုတ်ကနေ ဖြေရှင်းတဲ့ ရုပ်သံဖိုင်တစ်ခု ထုတ်လွှင့်ခဲ့ပါတယ်။

ကောင်းကောင်းက "ခံစားချက်တွေကို ပရိသတ်ကြီးလည်း နားလည်စေချင်တယ်။ မှားတယ်ဆိုတဲ့ ဝေဖန်ချက်အပေါ် အာဃာတတွေမထားဘဲ စစ်မှန်တဲ့ အမှန်တရားကိုလည်း သိစေချင်တယ်"လို့ ဆိုပါတယ်။

သူ့အနေနဲ့ ပရိသတ်တွေ ဝေဖန်ပြောဆိုမှုအပေါ်ကို စိတ်မကောင်းဖြစ်ရပြီး တစ်ဖက်သတ်မကြည့်ဘဲ သူ့နေရာကနေလည်း ခံစားကြည့်ပေးကြဖို့ တိုက်တွန်းထားပါတယ်။ အနုပညာလုပ်ငန်းလုပ်ကိုင်တဲ့အခါ အကန့်အသတ်တွေ၊ မိဘဆီပြန်ခွင့်တွေ၊ ရှိုးပွဲသီဆိုခွင့်တွေ ပိတ်ပင်နေရတဲ့ ခံစားချက်ကိုလည်း သူက ရင်ဖွင့်ထားပါသေးတယ်။ သာမန်မိသားစုတစ်စုက ပေါက်ဖွားလာတဲ့ ကောင်းကောင်း တစ်ယောက် မွေးရပ်နယ်မြို့မှာ လက်ရှိရောက်နေတယ်လို့ ဆိုပါတယ်။

သူ့အတွက် ဘဝလက်တွဲဖော်ဟာ တန်ဖိုးရှိတဲ့ ချစ်ခြင်းမေတ္တာကို အခြေခံပြီး ရွေးချယ်ထားသူလို့ ပြောကြားတဲ့အတွက် သူ့ပရိသတ်ကြီးက ယခုထက်ပိုတဲ့ သူ့အတွင်းရေးကို စိတ်ဝင်စားနေကြတာ အမှန်ပဲ ဖြစ်ပါတယ်။

**ရှီလာ**

## Pee Mak မင်းသားနှင့် တွေ့ဆုံနိုင်



**ရန်ကုန် မေ ၁၉**

မေ ၂၁ရက် ညနေ ၂နာရီခွဲတွင် Junction City ၌ ပြုလုပ်မည့် Pond's အလှကုန်သစ် မိတ်ဆက်ပွဲ အခမ်းအနားသို့ ထိုင်းနိုင်ငံမှ နာမည်ကျော် ရုပ်ရှင်သရုပ်ဆောင် Pee Mak မင်းသားနှင့် မြန်မာရုပ်ရှင်သရုပ်ဆောင် နိုင်းနိုင်းတို့ တက်ရောက်ကြမည် ဖြစ်သည်။

အဆိုပါအခမ်းအနားသည် အမျိုးသားများအတွက် သီးသန့်ထုတ်လုပ်ထားသည့် မျက်နှာသစ်ဆပ်ပြာကို မိတ်ဆက်သည့် အခမ်းအနားဖြစ်ပြီး မည်သူမဆို လာရောက်နိုင်သည့်အပြင် ဖျော်ဖြေရေးအစီအစဉ်များလည်း ပါဝင်ကြောင်း သိရသည်။

**ရှီလာ**

## Jelly Bunny Myanmar ဖွင့်ပွဲသို့ အနုပညာရှင်များတက်ရောက်ဖွင့်လှစ်

**ရန်ကုန် မေ ၁၉**

ထိုင်းနိုင်ငံထုတ် လူသုံးကုန်ပစ္စည်းအမှတ်တံဆိပ်ဖြစ်သည့် Jelly Bunny ကို မေ ၁၅ ရက်၌ Junction City Shopping Mall အတွင်း ဖွင့်လှစ်ခဲ့ရာ အနုပညာရှင်များစွာ တက်ရောက်ခဲ့သည်။

အဆိုပါပွဲသို့ Jaspal Group- Junction City နှင့် Jelly Bunny Myanmar မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ အနုပညာရှင်များနှင့် သတင်းမီဒီယာများ တက်ရောက်ခဲ့ကြသည်။

**ရှီလာ**



## မှုခင်းများကို အကြွင်းအကျန်မထားဘဲ ထိထိရောက်ရောက်ဆောင်ရွက်ပေးကြပါ



**လေးဝတီထွန်းစောခိုင်**
**ဓာတ်ပုံ-ဖရုံကာသား**

ပြည်သူ့ဗဟိုပြု ရဲလုပ်ငန်းသင်တန်းမှ ရဲတပ်ဖွဲ့ဝင်များက စစ်တွေမြို့နယ်ရှိ ရပ်ကွက်များသို့ ကွင်းဆင်းကာ ပြည်သူ့အသံကို နားထောင်ခြင်း၊ ရဲတပ်ဖွဲ့၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များအား ပြည်သူသို့ ရှင်းလင်းခြင်းနှင့် ပြည်သူ့ဆန္ဒကို မှတ်တမ်းတင်ပြီး ပြည်သူနှင့်လက်တွဲဆောင်ရွက်ရန်အတွက် မေ ၁၇ ရက်မှစ၍ မကျည်းမြိုင်ရပ်ကွက်အတွင်း ဆောင်ရွက်လျက်ရှိသည်။ ပြည်သူနှင့် ရဲတွေ့ဆုံပွဲသို့ သွားရောက်ကာ ပြည်သူ့အသံ၊ ရဲအသံတို့ကို မှတ်တမ်းတင်ဖြစ်ခဲ့ပြီး ပြည်သူများသိရှိစေရန် တင်ပြအပ် ပါသည်။

"ကျွန်တော် ခုလိုရပ်ကွက်အထိ ဆင်းပြီးတော့ ပြည်သူ့အသံကို ရယူရတာကတော့ ရဲနှင့်ပြည်သူ အပြန်အလှန်သဘောထားတွေ များလိုတဲ့အတွက်ပါ။ ပြည်သူ့ဝန်ဆောင်မှုတွေဖြစ်တဲ့ ပြည်သူ့ဆန္ဒတုံ့ပြန်မှုတွေ၊ ပြဿနာဖြေရှင်းနည်းတွေစတဲ့ ခေါင်းစဉ်တွေနဲ့ ကျွန်တော်တို့ စာတွေ့တစ်ပတ်သင်ကြားပေးပြီးပါပြီ။ လက်တွေ့ပိုင်းအနေနဲ့ ပြည်သူနဲ့ရဲ အပြန်အလှန်ညှိနှိုင်းမှုတွေ၊ အခက်အခဲတွေ၊ ဖြစ်ချင်တာတွေ၊ ပြည်သူတွေရဲ့အမြင် သဘောထားတွေစတဲ့ ပြည်သူ့အပိုင်းကို ကွင်းဆင်းပြီး ဆောင်ရွက်နေတာပါ။ ယခင်ရက် တွေက တခြားရပ်ကွက်တွေကို သွားပြီးပါပြီ။ ဒီနေ့ မကျည်းမြိုင်ရပ်ကွက်ကိုလာပြီး ပြည်သူတွေနဲ့ တွေ့ဆုံရတာပါ။ ဒီက ပြည်သူတွေ တင်ပြတာတွေကို ကျွန်တော်တို့ရဲ့ လူကြီးတွေဆီပြန်ပြီး တင်ပြသွားမှာပါ။ အဲဒါကြောင့် ပြည်သူတွေအနေနဲ့ ဖြစ်စေချင်တာတွေကို တင်ပြပေးကြစေလိုပါတယ်" ဟု သင်တန်းနည်းပြဆရာ ဒုတိယရဲမှူး စိုးလင်း (အမ်းမြို့နယ် ဒုတိယရဲတပ်ဖွဲ့မှူး) က ပြောသည်။

ပြည်သူနှင့်ရဲတပ်ဖွဲ့ဝင်များ အပြန်အလှန်တင်ပြဆွေးနွေးကြရာ မကျည်းမြိုင်ရပ်ကွက်မှ ဦးရန်အောင်ထွန်းက "ကျွန်တော်တို့ကတော့ ရဲတပ်ဖွဲ့ကို ပြည်သူကိုအလေးထားပြီး ဆောင်ရွက်ပေးတဲ့ ရဲတပ်ဖွဲ့ဖြစ်စေချင်ပါတယ်။ မှုခင်းတွေဖြစ်လာရင်လည်း ရဲကအချိန်မီ လာရောက်ပေးပါ၊ မှုခင်းတွေကို တရားဥပဒေနဲ့အညီ မျှမျှတတ ဆောင်ရွက်ပေးပါ၊ အဓိက လူငယ်တွေပျက်စီးနေတာကို လမ်းမှန်ရောက်အောင် ကူညီဆောင်ရွက်ပေးပါ၊ မှုခင်းတွေကို အကြွင်းအကျန်မထားဘဲ ထိထိရောက်ရောက် ဆောင်ရွက်ပေးကြပါလို့ ပြောချင်ပါတယ်။ တစ်ခါတလေ မှုခင်းကဖြစ်နေပြီ ဖုန်းဆက်တော့ ရဲက အချိန်တော်တော်ကြာမှ ရောက်လာတယ်။ ဒါကြောင့် ဒီလိုစနစ်တွေကို ပြုပြင်ပေးပါ" ဟု ဆွေးနွေးသည်။

ယနေ့ခေတ်တွင် လူငယ်များ မူးယစ်ဆေးသုံးစွဲမှု များပြားလာကြောင်း၊ တချို့ဆို ညဘက်လူအိပ်ချိန်များတွင် ဆူပူမှုပြုလုပ်တတ်ကြောင်း၊ ၎င်းတို့ကိုလည်း အေးချမ်းတည်ငြိမ်အောင် လုပ်ပေးစေလိုကြောင်း၊ ညဘက်တွင် လှည့်ကင်းများထွက်ပြီး ဆောင်ရွက်စေလိုကြောင်း၊ ထိုသို့ ဆောင်ရွက်မှသာ ခိုးမှုများကျဆင်းလာမည်ဖြစ်ကြောင်း၊ ဒုစရိုက်မှုများကိုဥပဒေနှင့်အညီ ထိထိရောက်ရောက်ဖြစ်စေလိုကြောင်း၊ ရဲတပ်ဖွဲ့သို့ ဆက်သွယ်ရမည့် ဖုန်းနံပါတ်များကို ပြည်သူများသိရှိအောင် ပေးထားသင့်ပါကြောင်း မကျည်းမြိုင်ရပ်ကွက်မှ ဦးမဲမောင်သိန်းက ပြောသည်။

ရခိုင်ပြည်နယ် ရဲတပ်ဖွဲ့က ပြုလုပ်သော ပြည်သူ့ဗဟိုပြု ရဲလုပ်ငန်းသင်တန်းအမှတ်စဉ် (၁) ကို မေ ၈ ရက်မှ ၁၉ ရက်ထိ ရခိုင်ပြည်နယ် အကူ ရဲတပ်ဖွဲ့၏ ကစ္ဆပနဒီသင်တန်းခန်းမ၌ ဖွင့်လှစ်သင်ကြားပေးခဲ့ရာ ပြည်နယ် ၁၇ မြို့နယ်မှ အရာရှိနှင့် အခြားအဆင့် စုစုပေါင်း ၃၀ တက်ရောက်ကြောင်း သိရသည်။

ထိုသို့ ပြည်သူ့ဗဟိုပြု ရဲလုပ်ငန်းသင်တန်းများကို စဉ်ဆက်မပြတ် ပြုလုပ်ပြီး ပြည်သူတို့၏ ဆန္ဒ၊ အသံတို့ကို ရယူကာ ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်သူတို့ ယုံကြည်လေးစားအားထားသော ရဲတပ်ဖွဲ့ဖြစ်လာမည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

## ဘားအံမြို့ကမ်းနားလမ်းသာယာလှပရေး အဆင့်မြှင့်တင်ခြင်းလုပ်ငန်းအတွက် တင်ဒါဖွင့်ပွဲ ကျင်းပ

**ဘားအံ မေ ၁၉**

ကရင်ပြည်နယ် ဘားအံမြို့ကမ်းနားလမ်းသာယာလှပရေးနှင့် ဖွံ့ဖြိုးတိုးတက်စေရေးအဆင့်မြှင့်တင်ခြင်းလုပ်ငန်းအတွက် တင်ဒါဖွင့်ပွဲ အခမ်းအနားကို မေ ၁၆ ရက်က ဇွဲကပင်ခန်းမ၌ ကျင်းပခဲ့သည်။

**အတည်ပြုဆုံးဖြတ်**

တင်ဒါဖွင့်ပွဲတွင် တင်ဒါစိစစ်ရွေးချယ်ရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးသန်းနိုင်က အမှာစကားပြောကြားပြီး ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးတင်မောင်ဝင်းက လုပ်ငန်းဆိုင်ရာများရှင်းလင်းတင်ပြကာ တင်ဒါပြိုင်ကုမ္ပဏီများ၏ လုပ်ငန်းအဆိုပြုလွှာများကို ဖွင့်ဖောက်ရာ UHM ကုမ္ပဏီတစ်ခုတည်းသာ အဆိုပြုလုပ်ငန်းတင်ဒါတန်ဖိုးငွေကျပ်သိန်းပေါင်း ၉၀၀၀၀ဖြင့် အဆိုပြုတင်သွင်းသဖြင့် တင်ဒါစိစစ်ရွေးချယ်ရေး ကြီးကြပ်မှုကော်မတီ၊ တင်ဒါခေါ်ယူရေးနှင့် စိစစ်ရွေးချယ်ရေးလုပ်ငန်းကော်မတီ၊ လုပ်ငန်းစစ်ဆေးရေးနှင့် အရည်အသွေးစစ်ဆေးရေးကော်မတီတို့က ညှိနှိုင်းသုံးသပ်ပြီး ပြည်နယ်အစိုးရအဖွဲ့ထံ တင်ပြမည်ဖြစ်ကာ ပြည်နယ်အစိုးရအဖွဲ့၏ Cabinet အစည်းအဝေးတွင် တင်ဒါနှင့် ပတ်သက်၍ အတည်ပြု ဆုံးဖြတ်မည်ဖြစ်ကြောင်း သိရသည်။

**ရှင်းလင်းပြောကြား**

သံလွင်မြစ်ကမ်းဘေး ဘားမဲတောင်မှ ရွှေယဉ်မျှော်စေတီအထိ ပေ ၆၀၀၀ ကျော်ကို ကမ်းနားလမ်းသာယာလှပရေးအတွက် လမ်းအကျယ် ၂၄ ပေအား ၁၀ ပေ တိုးချဲ့ဆောင်ရွက်ခြင်းလုပ်ငန်း၊ ရွှေယဉ်မျှော်ဘုရားအရောက် ဆက်စပ်ကမ်းနားလမ်း၊ အများပြည်သူ အနားယူအပန်းဖြေနိုင်မည့်နေရာ၊ ရေပန်းဥယျာဉ်အလှ၊ ကမ်းနားလမ်းရေပေါ် ညဈေး၊ ရွှေယဉ်မျှော်ဘုရားနားပန်းခြံငယ်၊ လမ်းမီးများထွန်းညှိခြင်း လုပ်ငန်းစသည့် လုပ်ငန်းများကို ကုမ္ပဏီမှအဆင့်မြှင့်တင်ဆောင်ရွက်ပြီး စည်ပင်သာယာရေးကော်မတီသို့ လွှဲပြောင်းပေးအပ်သွားမည်ဖြစ်ကာ ကုမ္ပဏီမှရင်းနှီးမြှုပ်နှံမည့် လုပ်ငန်းများအဖြစ် ဈေးဆိုင်ခန်း၊ ဘက်စုံသုံးခန်းမနှင့် River View Hotel တို့ကို ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း၊ ကမ်းနားလမ်းသာယာလှပရေးအတွက် လမ်းတိုးချဲ့ခြင်း၊ အများပြည်သူအပန်းဖြေနိုင်မည့်နေရာ၊ ဘက်စုံသုံးခန်းမ၊ ဟိုတယ်၊ ကစားကွင်း (သဲကွင်း)၊ ရေပေါ်ညဈေး၊ ရွှေယဉ်မျှော်ဘုရားအနီး လမ်းတိုးချဲ့ခြင်း၊ ပန်းခြံငယ်များစသည့် လုပ်ငန်းများကို တည်ဆောက်ကာ ကရင်ပြည်နယ်အစိုးရအဖွဲ့ စီမံကိန်း၊ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးမည်ဖြစ်သည်။ စီမံကိန်းကုန်ကျစရိတ်အဖြစ် ပေါ်ထွက်လာမည့် အစိုးရစီမံခန့်ခွဲမြေ လေးကေကျော်ခန့်အား UHM ကုမ္ပဏီအမည်ဖြင့် ချထားလုပ်ကိုင်ခွင့်ပြုခြင်း (သို့) အခြားသင့်တော်သည့်နည်းလမ်းအား ချထားပေးရန် အဆိုပြုတင်သွင်းပြီး စီမံကိန်းကာလမှာ ၂၀၁၇ ဇူလိုင်လမှ ၂၀၂၁ ဇူလိုင်လအထိ လေးနှစ် ကြာမြင့်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။



**ပြန်လည်မေးမြန်း**

ထို့နောက် တက်ရောက်လာကြသော တင်ဒါစိစစ်ရွေးချယ်ရေး ကြီးကြပ်မှုကော်မတီဝင်များ၊ ဌာနဆိုင်ဆိုင်ရာတာဝန်ရှိသူများ၊ သတင်းမီဒီယာများက သိရှိလိုသည်များ ပြန်လည်မေးမြန်းကြရာ တာဝန်ရှိသူများက ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ၂၀၁၇ ဖီဖာ ယူ-၂၀ ကမ္ဘာ့ဖလားပွဲ စတင်ပြီ




၂၀၁၇ ခုနှစ် ဖီဖာ ယူ-၂၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို တောင်ကိုရီးယားနိုင်ငံက အိမ်ရှင်အဖြစ် မေ ၂၀ ရက်မှ ဇွန် ၁၁ ရက်အထိ လက်ခံကျင်းပတော့မှာ ဖြစ်ပါတယ်။ ၁၉၇၇ ခုနှစ်က စတင်ပြီး လူငယ်ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအမည်နဲ့ ကျင်းပလာတာဖြစ်သလို ၂၀၁၇ ခုနှစ်မှာတော့ ဖီဖာ ယူ-၂၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို (၂၁)ကြိမ်မြောက် ကျင်းပတာ ဖြစ်ပါတယ်။

၂၀၁၇ ခုနှစ် ဖီဖာ ယူ-၂၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကိုတော့ တောင်ကိုရီးယားနိုင်ငံရဲ့ မြို့ခြောက်မြို့ဖြစ်တဲ့ စူဝမ်၊ ဂွန်ဂျူ၊ အင်ချွန်း၊ ဂျီဂျူနဲ့ ဒေဂျွန်တို့မှာ နေရာခွဲပြီး ကျင်းပမှာဖြစ်ပါတယ်။ နှစ်နှစ်တစ်ကြိမ်ကျင်းပတဲ့ ဖီဖာ ယူ-၂၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို အိမ်ရှင်အဖြစ် ၂၀၀၅ ခုနှစ်က နယ်သာလန်၊ ၂၀၀၇ ခုနှစ်က ကနေဒါ၊ ၂၀၀၉ ခုနှစ်က အီဂျစ်၊ ၂၀၁၁ ခုနှစ် ကိုလံဘီယာ၊ ၂၀၁၃ ခုနှစ်က တူရကီ၊ ၂၀၁၅ ခုနှစ်က နယူးဇီလန်နိုင်ငံတို့က အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့တာဖြစ်ပါတယ်။

ဒီပြိုင်ပွဲကို အခုနှစ်မှာ ပြိုင်ပွဲဝင်အသင်းပေါင်း ၂၄ သင်း ပါဝင်ယှဉ်ပြိုင်တာဖြစ်ပြီး အာရှဇုန်မှာ ခြေစစ်ပွဲအောင်လာတဲ့ အီရန်၊ ဂျပန်၊ ဆော်ဒီအာရေဗျ၊ ဗီယက်နမ်အသင်းတွေအပြင် အိမ်ရှင် တောင်ကိုရီးယားနိုင်ငံအသင်းလည်း ပါဝင်ပါတယ်။ အာဖရိကဇုန်မှာ ဂိုင်နီယာ၊ ဆီနီဂေါ၊ တောင်အာဖရိက၊ ဇမ်ဘီယာအသင်းတွေ ပါဝင်သလို ကွန်ကာကပ်ဇုန်မှာတော့ ကော်စတာရီကာ၊ ဟွန်ဒူးရပ်စ်၊ မက္ကဆီကိုနဲ့ အမေရိကန်အသင်းတွေ ပါဝင်နေပါတယ်။

တောင်အမေရိကဇုန်မှာတော့ အာဂျင်တီးနား၊ အီကွေဒေါ၊ ဥရုဂွေးနဲ့ ဗင်နီဇွဲလားအသင်းတွေပါဝင်ပြီး သမုဒ္ဒရာပိုင်းဇုန်မှာတော့ နယူးဇီလန်နဲ့ ဗင်နွာတူအသင်းတွေ ပါဝင်ပါတယ်။ ဥရောပဇုန်မှာတော့ အင်္ဂလန်၊ ပြင်သစ်၊ ဂျာမနီ၊ အီတလီနဲ့ ပေါ်တူဂီအသင်းတွေ ပါဝင်နေပါတယ်။ နာမည်ကြီး ဘရာဇီးအသင်း မပါတာမို့ ထူးခြားမှုတစ်ရပ်လည်း ဖြစ်နေတာအမှန်ပါပဲ။

ဒီပြိုင်ပွဲမှာ ပါဝင်တဲ့ဘောလုံးအသင်း ၂၄ သင်းကို လေးသင်းအုပ်စုခွဲပြီး မဲခွဲသတ်မှတ်လိုက်တဲ့အခါ အုပ်စု(A)မှာ တောင်ကိုရီးယား၊ ဂိုင်နီယာ၊ အာဂျင်တီးနား၊ အင်္ဂလန်အသင်းတွေပါဝင်ပြီး အုပ်စု(B)မှာ ဗင်နီဇွဲလား၊ ဂျာမနီ၊ ဗင်နွာတူနဲ့ မက္ကဆီကိုအသင်းတွေပါဝင်နေပါတယ်။ အုပ်စု(C)မှာ ဇမ်ဘီယာ၊ ပေါ်တူဂီ၊ အီရန်နဲ့ ကော်စတာရီကာအသင်းတွေပါဝင်ပြီး အုပ်စု(D)မှာ တောင်အာဖရိက၊ ဂျပန်၊ အီတလီနဲ့ ဥရုဂွေးအသင်းတွေ ပါဝင်နေပါတယ်။


အုပ်စု(E)မှာ ပြင်သစ်၊ ဟွန်ဒူးရပ်စ်၊ ဗီယက်နမ်၊ နယူးဇီလန်တို့ပါဝင်ပြီး အုပ်စု(F)မှာ အီကွေဒေါ၊ အမေရိကန်၊ ဆော်ဒီအာရေဗျနဲ့ ဆီနီဂေါတို့ ပါဝင်နေပါတယ်။ အုပ်စုပွဲစဉ်တွေကို မေ ၂၀ ရက်မှာ စတင်ကစားပြီး ၁၆ သင်းအဆင့် ရှုံးထွက်ပွဲစဉ်တွေကိုတော့ မေ ၃၀ ရက်မှာ စတင်ကစားမှာဖြစ်ပါတယ်။ ကွာတားဖိုင်နယ်ပွဲစဉ်တွေကို ဇွန် ၄ ရက်မှာ စတင်ကစားပြီး ဇွန် ၈ ရက်မှာ အကြိုဗိုလ်လုပွဲတွေ ကစားကြမှာ ဖြစ်ပါတယ်။ နောက်ဆုံးဗိုလ်လုပွဲနဲ့ တတိယနေရာလုပွဲတွေကိုတော့ ဇွန် ၁၁ ရက်မှာဖြစ်လို့ ဥရောပပြည်တွင်းလိဂ်ပွဲစဉ်တွေအပြီးမှာ ပရိသတ်တွေအတွက်တော့ ပွဲကောင်းတွေ အားပေးနိုင်ဖို့ အသင့်ဖြစ်နေကြပြီဖြစ်ပါတယ်။

မေ ၂၀ ရက်မှာတော့ အုပ်စု(A)မှာ အာဂျင်တီးနားနဲ့ အင်္ဂလန်၊ တောင်ကိုရီးယားနဲ့ ဂိုင်နီယာအသင်းတွေကစားကြမှာဖြစ်ပါတယ်။ အုပ်စု(A)မှာ အာဂျင်တီးနားနဲ့ အင်္ဂလန်တို့ အုပ်စုအဆင့်ကနေ တက်ရောက်နိုင်သလို အိမ်ရှင်တောင်ကိုရီးယားတို့လည်း ၁၆ သင်းအဆင့် တက်ရောက်နိုင်တယ်လို့ ရေပန်းစားနေပါတယ်။ အုပ်စု(B)မှာတော့ မေ ၂၀ ရက်မှာ ဗင်နီဇွဲလားနဲ့ ဂျာမနီ၊ ဗင်နွာတူနဲ့ မက္ကဆီကိုအသင်းတွေကစားမှာဖြစ်လို့ ဒီအုပ်စုမှာတော့ ဂျာမနီနဲ့ မက္ကဆီကိုတို့ နောက်တစ်ဆင့်တက်မယ့် ခြေစွမ်းတွေရှိနေပါတယ်။

အုပ်စု(C)မှာတော့ မေ ၂၀ ရက်မှာ တောင်အာဖရိကနဲ့ ဂျပန်၊ အီတလီနဲ့ ဥရုဂွေးတို့ ကစားမှာဖြစ်ပြီး ဒီ အုပ်စုမှာတော့ အီတလီ၊ ဥရုဂွေးနဲ့ ဂျပန်တို့ နောက်တစ်ဆင့်တက်နိုင်ဖို့ အလားအလာရှိနေပါတယ်။ ။

**မိုးမြင့်လင်းလက်**

## အာဆင်နယ် ချန်ပီယံလိဂ်ဝင်ခွင့်မရလျှင် ဆန်းချက်ဇ် ထွက်ခွာနိုင်




အဲလက်ဇ်ဆန်းချက်ဇ်ဟာ လာမယ့်ရာသီမှာ ချန်ပီယံလိဂ်ကစားဖို့ စိတ်ဆန္ဒပြင်းပြနေသူတစ်ဦးဖြစ်ပါတယ်။ အာဆင်နယ်အသင်း ချန်ပီယံလိဂ်ဝင်ခွင့် ရရှိရေးဟာလည်း ဆန်းချက်ဇ်အပေါ်မှာ မူတည်နေပါတယ်။ သူဟာ ယခုအထိ အာဆင်နယ်နဲ့ စာချုပ်သစ်ချုပ်ဆိုနိုင်ခြင်းမရှိသေးပါဘူး။ မေ ၂၇ ရက် အက်ဖ်အေဖလား ဖိုင်နယ်ပြီးတဲ့နောက် ဆွေးနွေးဖွယ်ရှိပါတယ်။ ငွေကြေးကတော့ သူ့အတွက် အဓိကပြဿနာပါပဲ။ ချီလီနိုင်ငံသားဆန်းချက်ဇ်ဟာ တစ်ပတ်ပေါင် ၃၀၀၀၀၀ နဲ့ စာချုပ်သစ် ချုပ်ဆိုနေချင်တာပါ။ သို့သော်လည်း လာမယ့် ရာသီမှာ ချန်ပီယံလိဂ် ကစားရေးက သူ့အတွက် အရေးပိုကြီးပါတယ်။ လက်ရှိအခြေအနေမှာ အာဆင်နယ်အသင်းဟာ စတုတ္ထနေရာမှ လီဗာပူးနောက်မှာ ကပ်လျက်တည်ရှိနေပါတယ်။ အာဆင်နယ်အသင်းဟာ လာမယ့် မေ ၂၁ ရက်မှာ အဲဗာတန်နဲ့ ကစားရဖို့ ရှိပါတယ်။ ဒီပွဲဟာ အာဆင်နယ်အတွက် အဆုံးအဖြတ်ပွဲ ဖြစ်လာနိုင်ပါတယ်။ ဆန်းချက်ဇ်ကတော့ ဒီပွဲမှာ ချန်ပီယံလိဂ် ကစားခွင့်ရဖို့ ရေကုန်ရေခန်းကစားမယ့် အနေအထားရှိပါတယ်။

## ချန်ပီယံဖြစ်ဖို့ တစ်မှတ်သာလိုတော့တဲ့ ရီးရဲမက်ဒရစ်

ရီးရဲမက်ဒရစ်က ဆဲလ်တာဗီဂိုအသင်းကို လေးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိလိုက်ပြီးတဲ့နောက် ပြိုင်ဘက် ဘာစီလိုနာထက် သုံးမှတ်အသာရရှိနေပါတယ်။ ပေါ်တူဂီတိုက်စစ်မှူး စီရော်နယ်ဒိုဟာလည်း ဒီပွဲမှာ နှစ်ဂိုးသွင်းယူပေးခဲ့တာကြောင့် စပိန်လာလီဂါမှာ စံချိန်တင်ဂိုးသွင်းယူခဲ့တဲ့ ဂျင်မီဂရီယာဗက်ထက် နှစ်ဂိုးအသာသွင်းယူနိုင်ခဲ့ပြီဖြစ်ပါတယ်။ ဒီပွဲပြီးတဲ့နောက် စီရော်နယ်ဒိုဟာ စပိန်လာလီဂါသမိုင်းတစ်လျှောက် ဂိုးအများဆုံး သွင်းယူပေးခဲ့တဲ့ ကစားသမားဖြစ်လာခဲ့ပါတယ်။ သူဟာ စုစုပေါင်း စပိန်လာလီဂါဂိုး ၃၆၇ ဂိုးသွင်းယူပေးနိုင်သူဖြစ်လာခဲ့ပါတယ်။ စီရော်နယ်ဒိုဟာ ဖလားသစ်နဲ့အတူ ဥရောပဘောလုံးသမိုင်း စာမျက်နှာသစ်ကို စိုက်ထူမယ့် လူသားတစ်ဦးအဖြစ် ရောက်ရှိလာတော့မယ့် အနေအထားဖြစ်ပါတယ်။

ဒီနှစ်ရာသီမှာ ရီးရဲမက်ဒရစ်အနေနဲ့ စပိန်လာလီဂါဖလားအပြင် ချန်ပီယံလိဂ်ဖလားကိုပါ ဆွတ်ခူးဖို့ နီးစပ်နေပါတယ်။ စပိန်လာလီဂါ နောက်ဆုံးပွဲမှာ သရေပွဲနဲ့ အဆုံးသတ်ခဲ့ရင်တောင် ရီးရဲမက်ဒရစ်ဖလားရမှာဖြစ်ပါတယ်။

**ကောင်းမြတ်သူ - စုစည်းသည်။**

## အီတလီယာဖလားကို သုံးနှစ်ဆက်တိုက်ဆွတ်ခူးတဲ့ ဂျူဗင်တပ်စ်

ဂျူဗင်တပ်စ်က လာဇီယိုကို နှစ်ဂိုးပြတ်နဲ့ အနိုင်ရလိုက်ပြီးနောက် ကိုပါအီတာလီယာဖလားကို သုံးနှစ်ဆက်တိုက်ဆွတ်ခူးသွားခဲ့ပါတယ်။ အီတလီစီးရီးအေဖလား ဆွတ်ခူးနိုင်မယ့်အပြင် ကိုပါအီတာလီယာဖလားကိုပါ ဆက်လက်ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ပါတယ်။ ဒါ့အပြင် ဂျူဗင်တပ်စ်အသင်းဟာ ဒီနှစ် ရာသီမှာ ချန်ပီယံလိဂ် ဗိုလ်လုပွဲတက်ထားတဲ့အသင်းဖြစ်လို့ ချန်ပီယံလိဂ်ဖလားရနိုင်တဲ့ အခွင့်အရေးကလည်း လက်တစ်ကမ်းမှာပဲရှိနေပါတယ်။

လာမယ့် သီတင်းပတ်ကုန်ပိုင်းမှာတော့ ဂျူဗင်တပ်စ်ကစားသမားတွေဟာ စီးရီးအေဖလားနဲ့အတူ အောင်ပွဲခံမယ့် အနေအထားဖြစ်ပါတယ်။ ချန်ပီယံလိဂ်ကတော့ လာမယ့်လမှာ ကစားရမှာဖြစ်ပါတယ်။ ဂျူဗင်တပ်စ်အသင်းဟာ ကိုပါအီတာလီယာဖလားကို သုံးနှစ်ဆက်တိုက် ဆွတ်ခူးနိုင်တဲ့ ပထမဆုံးအသင်းလည်း ဖြစ်လာပါတယ်။



## ကျောင်းပြင်ပရောက်ကလေးများအား စာပေနှင့်သိမှတ်ဖွယ်ရာများ သင်ကြားပေးလျက်ရှိ

**မြင်းခြံ မေ ၁၉**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့မှ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းပြင်ပသို့ရောက်ရှိနေကြသော ကလေးများအား စာပေနှင့် သိမှတ်ဖွယ်ရာများကို myMe အဖွဲ့က မေ ၁၇ ရက်မှစ၍ မြင်းခြံ မြို့ပေါ်ရပ်ကွက်များနှင့် မြို့နယ်အတွင်း ကျေးရွာများ၌ သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

မြင်းခြံမြို့ပေါ် အမှတ်(၃)၊ အမှတ်(၁၄)၊ အမှတ်(၁၈) ရပ်ကွက်များနှင့် ဆခမ ကျေးရွာတို့တွင် စတင်သင်ကြားပေးခြင်းဖြစ်သည်။ မြန်မာ ရွှေ့လျား ပညာရေးစီမံကိန်း myMe အဖွဲ့အနေဖြင့် အကြောင်းအမျိုးမျိုးကြောင့် စာသင်ကျောင်းပြင်ပသို့ ရောက်ရှိနေသော ကလေးများအား စာပေနှင့် သိမှတ်ဖွယ်ရာများ သင်ကြားပေးလျက်ရှိရာ ယခု မြင်းခြံမြို့နယ်၌ သင်ကြားပေးရာတွင်လည်း ကလေးများ၏ အားလပ်ချိန်ဖြစ်သော ည ၇ နာရီမှ ၈ နာရီခွဲအထိအတွင်း အင်္ဂလိပ်စာဘာသာရပ်၊ ကျန်းမာရေး ဘာသာရပ်၊ ဘဝတွက်တာ ကျွမ်းကျင်စရာ ဘာသာရပ်များကို သင်ကြားပေးသွားမည်ဖြစ်ကြောင်း သင်တန်းဆရာတစ်ဦး၏ ပြောကြားချက်အရ သိရသည်။



အမှတ်(၁၄)ရပ်ကွက်တွင် သင်ကြားပေးမည့် ဆရာမဒေါ်သီတာလင်းက မိမိတို့လို သင်ကြားပေးကြသည့် ဆရာများမှာ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှ ဆရာများဖြစ်ကြောင်း၊ သင်ကြားပေးရမည့်သူများမှာ ကျောင်းတက်ရမည့်အချိန်တွင် အကြောင်းအမျိုးမျိုးဖြင့် ကျောင်းမတက်နိုင်သည့် ကလေးများဖြစ်ပြီး ရက်သတ္တတစ်ပတ်လျှင် သုံးရက်နှုန်းဖြင့် သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ ထိုသို့ သင်ကြားပေးခြင်းကြောင့် ကလေးငယ်များအတွက် လိမ္မာရေးခြားရှိခြင်း၊ ကျန်းမာရေးဗဟုသုတများ ရရှိခြင်းနှင့် မိမိတို့ဘဝကို အကျိုးရှိရှိ နေထိုင်သွားနိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိစေမည်ဖြစ်ကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

## မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ သင်တန်းများဖွင့်လှစ်ရန် ကြိုတင်ညှိနှိုင်းဆွေးနွေး

**ကလေး မေ ၁၉**

လူတို့၏ မျိုးပွားအင်္ဂါစုနှင့် ၎င်းတို့၏လုပ်ငန်းတာဝန်များနှင့်ပတ်သက်ပြီး ရောဂါကင်းရှင်းရန်နှင့် မသန်မစွမ်းဖြစ်မှုမှ ကင်းရှင်းရန်ရည်ရွယ်၍ မြန်မာနိုင်ငံဆရာဝန်အသင်းက ဦးဆောင်ပြီး မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာသင်တန်းများ ဖွင့်လှစ်ရန် ကြိုတင်ညှိနှိုင်းအစည်းအဝေးကို မေ ၁၇ ရက်က ကလေးမြို့နယ်စုပေါင်းရုံးရှိ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံးခန်း၌ ကျင်းပသည်။



အစည်းအဝေးတွင် ကလေးခရိုင် ပြည်သူ့ကျန်းမာရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါက်တာဂိုခန့်နွမ်က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံဆရာဝန်အသင်းမှ M&E Manager က မြန်မာနိုင်ငံဆရာဝန်အသင်း၏ စီမံချက်များအကြောင်းကိုလည်းကောင်း၊ မြန်မာနိုင်ငံဆရာဝန်အသင်း မျိုးဆက်ပွားကျန်းမာရေးစီမံချက် တာဝန်ရှိသူက သင်တန်းဖွင့်လှစ်မည့်ရည်ရွယ်ချက်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

အစည်းအဝေးတွင် ကျန်းမာရေးဌာနနှင့် ဌာနဆိုင်ရာမှ အထူးဖိတ်ကြားထားသူများ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့မှ တာဝန်ရှိသူများ၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ တာဝန်ရှိသူများနှင့် Maries Stops မှ တာဝန်ရှိသူများက သိလိုသည်များကို ဆွေးနွေးမေးမြန်းကြပြီး မြန်မာနိုင်ငံဆရာဝန်အသင်းမှ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားခဲ့သည်။ အဆိုပါ မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာသင်တန်းကို မေ ၂၂ ရက်မှ ၂၄ ရက်အထိ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**ဂျူနိုင်း**

## စားသုံးသူအကာအကွယ်ပေးရေး ပညာပေးဟောပြော

**မြစ်သား မေ ၁၉**

ကျောက်ဆည်ခရိုင် စားသုံးသူရေးရာဦးစီးဌာနက ကြီးမှူး၍ မြစ်သားမြို့နယ် ကျန်းမာရေးဦးစီးဌာနနှင့် ပူးပေါင်းကာ မြို့နယ်အတွင်းမှ စားသုံးသူပြည်သူများအား စားသုံးသူအကာကွယ်ပေးရေးအကြောင်း သိကောင်းစရာများကို မင်းကုန်းဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ မေ ၁၈ ရက်က ကွင်းဆင်း အသိပညာပေးဟောပြောခဲ့သည်။

ဟောပြောပွဲတွင် ကျောက်ဆည်ခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ဌာနခွဲတာဝန်ခံ ဦးဇော်မင်းလတ်က ကုန်စည်(သို့မဟုတ်) ဝန်ဆောင်မှုနှင့် စပ်လျဉ်းပြီး စားသုံးသူအား ဥပဒေဆိုင်ရာ အကာအကွယ်ပေးရေး၊ ကျန်းမာရေးနှင့် ဘေးဥပဒ်အန္တရာယ် ကင်းရှင်းရေးဆိုင်ရာ အာမခံချက်ပေးရေးတို့သည် စာသုံးသူအကာအကွယ်ပေးရေးဖြစ်ကြောင်း၊ စားသုံးသူများအနေဖြင့် မိမိအသုံးပြုသော ကုန်စည်(သို့မဟုတ်) ဝန်ဆောင်မှုကို ဘေးဥပဒ်အန္တရာယ်ကင်းရှင်းစွာသုံးစွဲနိုင်ခွင့်၊ ရွေးချယ်နိုင်ခွင့်၊ သတင်းအချက်အလက်ပြည့်စုံစွာ ရယူနိုင်ခွင့်၊ အငြင်းပွားမှုအပေါ် ကြားနာဖြေရှင်းပေးရန် အရေးဆိုတိုင်တန်းနိုင်ခွင့်၊ စားသုံးသူအကာအကွယ်ပေးမှုများရယူနိုင်ခွင့်နှင့် မှန်ကန်သောဖြေရှင်းမှု ရရှိနိုင်ခွင့် စသည့် အခွင့်အရေးများ ရရှိနိုင်ကြောင်း ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် စားသုံးသူရေးရာဦးစီးဌာနမှူး ဦးသက်လွင်ထူးက ဘေးဥပဒ်အန္တရာယ်ဖြစ်စေသော အစားအသောက်များ၊ ခွင့်မပြုသော ဆိုးဆေးများ၊ သတိပြုရမည့် အချက်များအကြောင်းနှင့် စားသုံးသူများ၏ ထိခိုက်နစ်နာမှုများအတွက် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့သို့ တိုင်ကြားနိုင်ပုံတို့ကို အသေးစိတ်ရှင်းလင်းဆွေးနွေးပြီး ကျန်းမာရေးဦးစီးဌာနမှ ဆရာမတစ်ဦးကလည်း ကျန်းမာရေးဗဟုသုတများကို ဒေသခံပြည်သူများအား ပညာပေးဆွေးနွေးခဲ့သည်။

**ရဲဝင်းထွန်း(မြစ်သား)**

## ဂျပန်စီမံကိန်း၏ ထောက်ပံ့မှုအရ ဆောင်ရွက်ခဲ့သော ကျေးရွာချင်းဆက်လမ်းဖွင့်

**အိမ်မဲ မေ ၁၉**

၂၀၁၅ ခုနှစ် ဂျပန်နိုင်ငံ GGP အသေးစားစီမံကိန်းများ ထောက်ပံ့ရေးအစီအစဉ်အရ ဂျပန်အစိုးရနှင့် ဂျပန်ပြည်သူတို့၏ ထောက်ပံ့လှူဒါန်းငွေများဖြင့် ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ်အတွင်း ဆောင်ရွက်ခဲ့သော သရက်ပင်ကွင်း-သပြေကွင်း-အင်းတမိ-ကြို့ကုန်း ကျေးရွာချင်းဆက်လမ်း ဖွင့်ပွဲကို မေ ၁၇ ရက်က ကျင်းပခဲ့သည်။

လမ်းဖွင့်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌဦးအောင်ကျော်ခိုင်၊ ဂျပန်နိုင်ငံသံရုံးမှဒုတိယအတွင်းဝန် Mr.Yosuke TANAKA ၊ ဧရာဝတီတိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဂျဲမိုးမြတ်မြတ်သူနှင့် Fukken ကုမ္ပဏီမှ တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက အမှာစကားပြောကြားသည်။

ကျေးရွာလေးရွာကို ဆက်သွယ်ထားသည့် အဆိုပါ ကျေးရွာချင်းဆက်လမ်းသည် စုစုပေါင်းအရှည်ခြောက်မိုင်ရှိပြီး ကျောက်ချောလမ်း အရှည် ၃မိုင်ခွဲကို ကျပ် သိန်း ၁၅၀၀ ကျော်၊ မြေသားလမ်းအရှည် နှစ်မိုင်ခွဲကို ကျပ်သိန်း ၃၀၀ ကျော် အကုန်ကျခံကာ ဒေသခံပြည်သူတို့၏ လုပ်အားလှူဒါန်းမှုများဖြင့် ဖောက်လုပ်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ ဆက်)**

## သတင်းတိုများ

### ကျိုက်ခေါက်စေတီတော်၌ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကျင်းပ

သန်လျင်မြို့ရှိ ရေးဟောင်းသမိုင်းဝင် ဆံတော်ရှင် ကျိုက်ခေါက်စေတီတော်မြတ်ကြီးတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရက ကြီးမှူးကျင်းပသော မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲကို မေ ၁၈ ရက်က စေတီတော်ရင်ပြင် ရှုခင်းသာတန်ဆောင်း၌ ကျင်းပသည်။ ဖွင့်ပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် ဝန်ကြီးများ၊ ဧည့်ပရိသတ်များက နိုင်ငံတော်သံဃာမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ကြီးထံမှ သီလခံယူဆောက်တည်ကြပြီး ဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။ ဆက်လက်၍ ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို ဆရာတော်ကြီးများက အစီအစဉ်များအတိုင်း ဆောင်ရွက်၍ ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။ **သန်းဝင်း(သန်လျင်)**

### ပုဗ္ဗသီရိမြို့နယ် ကျောင်းကုန်းကျေးရွာသို့ သောက်သုံးရေများဖြန့်ဝေ

နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ကျောင်းကုန်းကျေးရွာမှ ဒေသခံပြည်သူများ နွေရာသီကာလအတွင်း သောက်သုံးရေပြတ်လပ်မှုမရှိစေရေးအတွက် နေပြည်တော် ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဝင်းစန္ဒာကြည်နှင့် ဝန်ထမ်းများက သောက်သုံးရေများ မေ ၁၆ ရက်က သွားရောက်ဖြန့်ဝေပေးခဲ့သည်။ ရေဖြန့်ဝေပေးရာတွင် သောက်သုံးရေသန့် ဂါလန် ၉၀၀ ကို အဆိုပါကျေးရွာရှိ ပြည်သူများထံသို့ လက်ဝယ်အရောက် ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။
**အောင်ကို(ပြန်/ဆက်)**

### ရခိုင်စာပေနှင့်ယဉ်ကျေးမှုဆိုင်ရာ စာပေဟောပြောပွဲကျင်းပ

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ ကံချိုင်ကျေးရွာ သုခိတာရာမကျောင်းတိုက်ဓမ္မာရုံ၌ ရခိုင်စာပေနှင့် ယဉ်ကျေးမှုဆိုင်ရာ စာပေဟောပြောပွဲကို မေ ၁၇ ရက်က ကျင်းပခဲ့သည်။ ဟောပြောပွဲတွင်ကံချိုင်ကျေးရွာ သုခိတာရာမကျောင်းတိုက်ဆရာတော်က ဩဝါဒမိန့်ကြားပြီး ဆရာမောင်လှိုင်(လမု)က စည်းလုံးကြစို့သွေးချင်းတို့ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဆရာမောင်ချယ်ရီ(ကမ်းထောင်းကြီး)က ညီညွတ်ကြပါစေခေါင်းစဉ်ဖြင့်လည်းကောင်း၊ အသျှင်ပညာစာရ(ရခိုင်သမိုင်းသုတေသီ)က ရခိုင်သုတခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောခဲ့ကြသည်။ ဟောပြောပွဲကို မေ ၁၈ ရက်နှင့် ၁၉ ရက်တွင် ကညင်ချောင်းကျေးရွာအုပ်စု ကုန်တန်းကျေးရွာ၌လည်း ဆက်လက်ပြုလုပ်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

### ကျေးရွာတွင်း ရေမြောင်းလုပ်ငန်းများပြီးစီးတော့မည်

နွားထိုးကြီးမြို့နယ် ရွှေပြည့်ရင်ကျေးရွာ၌ ဆယ်မားအူးလ်အွန်ဒုန်စီမံကိန်းမှ ထောက်ပံ့ရန်ပုံငွေ ကျပ် ၆၂ သိန်းကျော်ဖြင့် ဆောင်ရွက်လျက်ရှိသော ရွာအဝင်လမ်းမကြီး တစ်လျှောက် ရေနုတ်မြောင်းတွင် အုတ်စီခြင်းလုပ်ငန်းများ မကြာမီပြီးစီးတော့မည်ဖြစ်ကြောင်း သိရသည်။ အဆိုပါလမ်းတစ်လျှောက် ရေနုတ်မြောင်းအရှည် ပေ ၁၉၀၀ တွင် ပေ ၃၀၀ ကျော်အထိ အုတ်စီပြီးစီးနေပြီဖြစ်ကြောင်း၊ အဆိုပါ ကျေးရွာလမ်းမကြီးမှာ မိုးရွာလျှင်ရေဝပ်ပြီး လမ်းပျက်စီးနေ၍ ရေနုတ်မြောင်း တူးဖော်ခြင်းနှင့် အုတ်စီခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ယခု မေလကုန်တွင် အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးဆောင်လုပ်ကိုင်နေသူ ဦးအောင်သန်းက ပြောကြားသည်။ **ခင်ဇာမွန်မြင့်(ဥပဒေ)**

## နယ်ခြားကော်မတီအစည်းအဝေးဆွေးနွေးချက် ထပ်ဆင့်ရှင်းလင်း

**တာချီလိတ် မေ ၁၉**

(၈၉)ကြိမ်မြောက် မြန်မာ-ထိုင်း မြို့နယ်အဆင့် နယ်ခြားကော်မတီအစည်းအဝေးတွင် နှစ်နိုင်ငံတာဝန်ရှိသူများ ဆွေးနွေးခဲ့သည့်အချက်များကို ပြည်သူလူထုထံသို့ ထပ်ဆင့်ရှင်းလင်းပွဲကို တာချီလိတ်မြို့မကာဟိုခမ်းရပ်ကွက်ရှိ အောင်မြတ်ခန်းမ၌ မေ ၁၇ ရက်က ကျင်းပခဲ့သည်။ ပြည်သူလူထုသို့ ထပ်ဆင့်ရှင်းလင်းပွဲတွင် တာချီလိတ်မြို့နယ်အဆင့်နယ်ခြား ကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်သွင်ဦးက အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းဝင်းအောင်နှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ က နှစ်နိုင်ငံ ချောင်းပြောင်းလဲမှုကိစ္စ၊ နယ်နိမိတ် ရည်ညွှန်းမှတ်တိုင်ကိစ္စ၊ နှစ်နိုင်ငံ ချောင်းရေခွဲဝေအသုံးချရေးနှင့် မြစ်ကြောင်းထိန်းသိမ်းရေးဆိုင်ရာ ဆပ်ကော်မတီဖွဲ့စည်းမှုကိစ္စ၊ နယ်နိမိတ်မြစ်ချောင်းအတွင်း သယံဇာတတူးဖော်ခြင်းကိစ္စ၊ နှစ်နိုင်ငံ နယ်စပ်ဖြတ်ကျော်မှုခင်းကိစ္စ၊ ထိုင်းနိုင်ငံမှ မယ်ဆိုင်ချောင်းအတွင်း ဂရမ်းရေဆိပ်၊ ဝါးဆိပ်နှင့် ငှက်ပျော်ဆိပ်တို့တွင် ရေတားများဆောက်လုပ်ထားရှိမှုနှင့် မိမိနိုင်ငံမှ ဖျက်သိမ်းမှုအခြေအနေများစသည့် (၈၉)ကြိမ်မြောက် မြန်မာ-ထိုင်း မြို့နယ်အဆင့် နယ်ခြားကော်မတီအစည်းအဝေးတွင် ဆွေးနွေးခဲ့သည်များကို ပြည်သူများအား ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ မယ်ဆိုင်ချောင်းတစ်လျှောက်တွင် ထိုင်းနိုင်ငံဘက်မှ ကျောက်စီရေတားများပြုလုပ်ခြင်း၊ ချောင်းအတွင်း ရေတားသဲအိတ်များချခြင်း၊ ဝါးတုတ်များရိုက်ခြင်း၊ မိုးစပါး/နွေစပါး ဖြည့်စွက်ရေနှင့် ရာသီသီးနှံများ စိုက်ပျိုးရန်အတွက် ရေသွယ်မြောင်းများဆောက်ရွက်ခြင်း၊ ရေခွဲဝေသုံးစွဲခြင်းနှင့်ပတ်သက်ပြီး နှစ်နိုင်ငံသဘောတူညီချက်များအပေါ် ထိုင်းနိုင်ငံဘက်က လေးစားလိုက်နာမှုအားနည်းနေခြင်းများနှင့်စပ်လျဉ်း၍ လာမည့်ဇွန်လတွင် ကျင်းပမည့် မြန်မာ-ထိုင်း တွေ့ဆုံဆွေးနွေးပွဲတွင် ဆွေးနွေးမည့် မြန်မာနိုင်ငံ မယ်ဆိုင်-မယ်ဟောက်ချောင်း ရေခွဲဝေအသုံးချရေးနှင့် မြစ်ကြောင်းထိန်းသိမ်းရေးဆိုင်ရာ ဆပ်ကော်မတီများ၏ သဘောထားများကို ရှင်းလင်းချပြခဲ့သည်။

ထပ်ဆင့်ရှင်းလင်းပွဲသို့ တာချီလိတ်မြို့နယ်အဆင့် နယ်ခြားကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်သွင်ဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းဝင်းအောင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဖိတ်ကြားထားသူများနှင့် စိတ်ဝင်စားသူ ဒေသခံများ တက်ရောက်ခဲ့ကြသည်။
**မြင့်မိုရ်(တာချီလိတ်)**

# နွားနောက်များ ခွာနာလျှာနာရောဂါဖြစ်ပွား၍ ကွင်းဆင်းစစ်ဆေးပြီး အသိပညာပေး

**ကျီခါး မေ ၁၉**
ချင်းပြည်နယ် တွန်းဇံမြို့နယ် ဟိုင်ကျင်းကျေးရွာတွင် ဒေသခံပြည်သူများ တစ်ပိုင်တစ်နိုင်မွေးမြူထားသော နွားနောက်များ ယခုရက်ပိုင်းအတွင်း ခွာနာလျှာနာ ရောဂါကျရောက်ပြီး သေဆုံးမှုများလည်းရှိသောကြောင့် ရောဂါကူးစက်ပြန့်ပွားမှုမှ ကာကွယ်ရန်နှင့် ရောဂါကို နှိမ်နင်းနိုင်ရန်အတွက် ဖလမ်းခရိုင် မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန တာဝန်ရှိသူများက အဆိုပါဟိုင်ကျင်း ကျေးရွာတွင် မေ ၁၄ ရက်က ကွင်းဆင်းစစ်ဆေးမှုများ ဆောင်ရွက်ခဲ့သည်။

ဖလမ်းခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒေါက်တာအောင်မိုးမြင့်နှင့် ဖလမ်းမြို့နယ်ဦးစီးမှူး ဒေါက်တာမြလင်း၊ တွန်းဇံမြို့နယ်ဦးစီးမှူး ဒေါက်တာ ထွန်းအိခိုင်နှင့် ကျီခါးမြို့အုပ်ချုပ်ရေးမှူးတို့ ပူးပေါင်း အဖွဲ့က ဟိုင်ကျင်းကျေးရွာသို့သွားရောက်ပြီး ကွင်းဆင်း စစ်ဆေးရာ မေ ၁၄ ရက်အထိ နွားနောက်ကောင်ရေ ၃၈ ကောင် သေဆုံးပြီးဖြစ်ကြောင်းတွေ့ရှိ၍ ရောဂါ ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးကာ ဒေသခံ ပြည်သူများကိုလည်း ရောဂါကာကွယ်ရေးအတွက် ဆောင်ရွက်သင့်သည်များကို ပညာပေးဟောပြောခဲ့ သည်။

ဟောပြောပွဲတွင် နွားနောက်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ဒေသခံပြည်သူများအား တိရစ္ဆာန်မွေးမြူ ရေးတွင် ကုသခြင်းထက် ကြိုတင်ကာကွယ်ဆေးထိုးနှံ ပေးခြင်းက ပို၍ကောင်းသည့်နည်းလမ်းဖြစ်ကြောင်း အပါအဝင် သိသင့်သိထိုက်သော အချက်အလက်များကို


ခွာနာလျှာနာရောဂါ ကြိုတင်ကာကွယ်ရေး ပညာပေးဟောပြောစဉ်

အသိပညာပေး ဟောပြောခဲ့ကြောင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယလက်ထောက်ကြီးကြပ်ရေး မှူး ဦးမုန်ဆွင်းခွဲလ်က ပြောသည်။

ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးမှူးနှင့်အဖွဲ့ သည် မေ ၁၆ ရက်တွင်လည်း ကျီခါးမြို့ အထွေထွေအုပ်ချုပ် ရေးဦးစီးဌာန အစည်းအဝေးခန်းမဆောင်၌ တိရစ္ဆာန် ရောဂါကျရောက်မှုနှင့်ပတ်သက်၍ တိရစ္ဆာန်ကူးစက် ရောဂါ ကာကွယ်ထိန်းချုပ်ရေး အသိပညာပေးဟော ပြောပွဲကို ပြုလုပ်ခဲ့ပြီး ဒေသခံပြည်သူများနှင့် တစ်ပိုင် တစ်နိုင် တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းပိုင်ရှင်များအား ရောဂါကြိုတင်ကာကွယ်ရေးဆိုင်ရာများ အသိပညာပေး ဟောပြောခဲ့သည်။

**နေစု(ချင်းရိုးမ)**

# ထုတ်ကုန်အရည်အသွေးမှန်ကန်ရေး ဆန်စက်များ စစ်ဆေး

**ကျုံပျော် မေ ၁၉**
ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်အတွင်း လည်ပတ်လျက်ရှိသောဆန်စက်များ၏ ဆန်ထုတ်ကုန်အရည်အသွေး မှန်ကန်ရေးနှင့် ပြည်သူများ အရည်အသွေးပြည့်ဝသည့် ဆန်များ စားသုံးနိုင်ရေးအတွက် မြို့နယ်စားသုံးသူရေးရာဦးစီးဌာနက ကြီးကြပ် စစ်ဆေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိရာ မေ ၁၇ ရက်တွင် ပျဉ်ချဆိပ်ကျေးရွာရှိ အောင်မြင့်မြတ်ဆန်စက်သို့သွားရောက်၍ ကြီးကြပ်စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ ကြောင်း သိရသည်။
**နေဝင်းမြင့်(ပြန်/ဆက်)**

# စီမံကိန်းဝင်ကျေးရွာ ၂၀ အား ချေးငွေထုတ်ချေးပြီးဖြစ်

**တောင်ကုတ် မေ ၁၉**
တောင်ကုတ်မြို့နယ်အတွင်းရှိ မြစိမ်းရောင်စီမံကိန်းဝင်ကျေးရွာများ၌ ချေးငွေများ ပြန်လည်ထုတ်ချေးပေးခြင်းနှင့် အလုပ်အကိုင်များ အဆင်ပြေချောမွေ့စေရေးအတွက် တောင်ကုတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများ သွားရောက်ကာ ကျေးရွာနေပြည်သူများနှင့်တွေ့ဆုံပြီး လုပ်ငန်း ဆောင်ရွက်မှုအခြေအနေများအား စစ်ဆေးခဲ့သည်။ အဆိုပါမြို့နယ်အတွင်းရှိ ကျေးရွာ ၂၀ အား ချေးငွေများ ထုတ်ချေးပေးပြီးဖြစ်ကြောင်း သိရသည်။
**(မြို့နယ် ပြန်/ဆက်)**

## မှုခင်းသတင်းတိုများ

### မူးယစ်ဆေးဝါးရောင်းသူထံမှ သေနတ်တစ်လက် ဖမ်းမိ

မွန်ပြည်နယ် ရေးမြို့နယ် ကလော့ကျေးရွာ၌ မူးယစ်ဆေးဝါးရောင်းချသူတစ်ဦးထံမှ စိတ်ကြွဆေးပြားများ၊ ဘိန်းစာရွက်များနှင့်အတူ ခြောက်လုံးပြူးသေနတ်တစ်လက်ကိုပါ မေ ၁၇ ရက်က ဖမ်းမိခဲ့ကြောင်း သိရသည်။ မူးယစ်ဆေးဝါးသတင်းအရ ရေးမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်သော်နှင့် တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ ကလော့ကျေးရွာ နေ ဒေါ်ဝေ၏ နေအိမ်သို့ ဝင်ရောက်ဖမ်းဆီးခဲ့ရာ ဒေါ်ဝေနှင့်အတူ မူးယစ်ဆေးဝါးသုံးစွဲရန် ရောက်ရှိနေသူ လင်းဇော်၊ လင်းထက်၊ ကျော်ဟန်ဌေးနှင့် တေဇာလွင်တို့အားတွေ့ရှိပြီး ၎င်းတို့ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀ ပြား၊ R စာလုံးပါ စိတ်ကြွရူးသွပ်ဆေးပြား တစ်ပြား၊ ဘိန်းစာရွက်ဟုယူဆရသော အစိမ်းရောင်အရွက်များနှင့် အရွက်ပြတ် ဖတ်များကို တွေ့ရှိရပြီး အဆိုပါမူးယစ်ဆေးဝါးများနှင့်အတူ ၃၈ ဗို့ ခြောက်လုံးပြူး သေနတ်တစ်လက်၊ ကျည်သုံးတောင့်နှင့် ငွေကျပ် ၁၃ သိန်းကျော်တို့ကို ဖမ်းဆီးရမိ ခဲ့ကြောင်း သိရသည်။
**နေမျိုးထွဋ်(ရေး)**



### ကျုံဒိုးမြို့တွင် WY ဆေးပြား ၇၀၀ ကျော် သယ်လာသူတစ်ဦးကိုဖမ်းမိ

ကရင်ပြည်နယ် ကျုံဒိုးမြို့နယ် ကော့ဒိန်ချိန်ကျေးရွာအနီး၌ WY ဆေးပြား ၇၀၀ ကျော် သယ်ဆောင်လာသူတစ်ဦးအား မေ ၁၇ ရက်က ဖမ်းမိခဲ့ကြောင်း သိရသည်။ မူးယစ်ဆေးဝါးသတင်းအရ ကျုံဒိုးနယ်မြေရဲစခန်းမှူး ရဲအုပ်အောင်မြင့်ဝင်းနှင့် နယ်မြေခံတပ်မှ ဗိုလ်ကြီးဖြိုးဝေ ဦးစီးအဖွဲ့နှင့် နယ်ခြားစောင့်တပ်မှ ဗိုလ်စောစိုးမြင့်ဝင်း ဦးစီးအဖွဲ့တို့နှင့်အတူ ကော့ဒိန်ချိန်ကျေးရွာ အထွက်လမ်း၌ စောင့်ဆိုင်းရှာဖွေစဉ် စောဝါဝင်း (၁၇ နှစ်)ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၇၀၈ ပြားကို ဖမ်းဆီးရမိခဲ့ခြင်း ဖြစ်သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ရဲအုပ်အောင်ကိုထွန်းက တရားလိုပြုလုပ်ကာ ကျုံဒိုး နယ်မြေရဲစခန်းတွင် အမှုဖွင့်ထားကြောင်း သိရသည်။
**မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**

### ရေဦးမြို့၌ သခွတ်ပွင့်ကောက်သူအမျိုးသမီး ဓာတ်လိုက်သေဆုံး

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့အောင်ချမ်းသာရပ်ကွက်တွင် ပြတ်ကျနေသော လျှပ်စစ်ဓာတ်ကြိုးဖြင့်ငြိမိ၍ အမျိုးသမီးတစ်ဦး ဓာတ်လိုက်သေဆုံးခဲ့ကြောင်း သိရ သည်။

ဖြစ်စဉ်မှာ မေ ၁၆ ရက် နံနက် ၃ နာရီကျော်ခန့်တွင် အောင်ချမ်းသာရပ်ကွက်နေ ဦးဝင်းနှင့် ဇနီးဖြစ်သူဒေါ်အုန်းမြိုင် (၅၆ နှစ်)တို့သည် မဟာဓမ္မာရုံကျောင်းတိုက်အနီး သခွတ်ပင်သို့ သခွတ်ပွင့်ကောက်ရန်လာစဉ် ဒေါ်အုန်းမြိုင်မှာ အမှောင်ထဲတွင် ပြတ်ကျ နေသော လျှပ်စစ်ဓာတ်ကြိုးဖြင့်ငြိကာ ဓာတ်လိုက်ပြီး နေရာတွင်ပင် သေဆုံးခဲ့ကြောင်း ခြင်းဖြစ်ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ရေဦးမြို့မရဲစခန်း၌ အမှုဖွင့်ကာ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။
**သန်းထိုက်(ရေဦး)**

# မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် အောင်မြေသာစံမြို့နယ်အတွင်း မှုခင်းအသိပညာပေး

**မန္တလေး မေ ၁၉**
မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့၏ မှုခင်း ပညာပေး ရွေ့လျားပြခန်းယာဉ်ဖြင့် မူးယစ် ဆေးဝါးတားဆီးနှိမ်နင်းရေး၊ ယာဉ်စည်း ကမ်း၊ လမ်းစည်းကမ်း လိုက်နာရေး၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး၊ မှုခင်း ကြိုတင်ကာကွယ်ရေး၊ မှုခင်းကျဆင်းရေး ပညာပေးခြင်းနှင့် ဝန်ဆောင်မှုကိုရှေးရှု သော ရဲလုပ်ငန်းများအကြောင်း ပြည်သူ များသိရှိစေရန် အသိပညာပေး ဟော ပြောခြင်းများကို မန္တလေးမြို့ အောင်မြေ သာစံမြို့နယ်အတွင်း မေ ၁၇ ရက်က နံနက်ပိုင်း၊ ညနေပိုင်း နှစ်ချိန်ခွဲ၍ ဆောင် ရွက်ခဲ့ကြသည်။



နံနက်ပိုင်းတွင် အောင်မြေသာစံ မြို့နယ် နန်းတော်ရှေ့ဈေး ၁၉ လမ်းနှင့် ၆၃ လမ်းထောင့်တွင်လည်းကောင်း၊ ညနေပိုင်းတွင် ပုလဲငွေရောင်ရပ်ကွက် ၁၉ လမ်းနှင့် ၈၂ လမ်းဆုံတို့တွင်လည်း ကောင်း ပြခန်းယာဉ်ဖြင့် သွားရောက်ပြီး ဒေသခံပြည်သူများအား အသိပညာ ပေးဟောပြောခြင်း၊ ပညာပေး ပိုစတာ များ ခင်းကျင်းပြသခြင်းတို့ကို ဆောင် ရွက်ခဲ့သည်။

ပြခန်းယာဉ်ဖြင့် မှုခင်းအသိပညာ ပေးမှုများ ဆောင်ရွက်ရာတွင် အောင် မြေသာစံမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသာ ဇော်၊ မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့ မှူးရုံးမှ တာဝန်ရှိသူများ၊ အမှတ်(၁) နယ်မြေစခန်းမှူး ရဲအုပ်သန်းနိုင်၊ အမှတ် (၅)မြို့မစခန်းမှူး ဒုရဲမှူးခင်မောင်သင်း နှင့် ရဲလုပ်ငန်းခွင်သင်တန်းသား သင်တန်း သူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ လာရောက်ကြည့်ရှုသည့် ပြည်သူများအား ရှင်းလင်းပြသပြီး ပညာပေးလက်ကမ်းစာစောင်များလည်း ဝေငှပေးခဲ့ကြောင်း သိရသည်။
**တင်မောင်(မန်းကိုယ်ပွား)**

# ကလေးမြို့၌ ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်း၏ စေတနာဆေးခန်းဖွင့်လှစ်

**ကလေး မေ ၁၉**
ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများ ပိုမိုအလေးထားဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်၍ ကလေးမြို့ ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်း (People Health Foundation-PHF)၏ စေတနာ ဆေးခန်းကို ကလေးမြို့ပင်လုံရပ်ကွက် ဗိုလ်ချုပ်လမ်းမ ဘေး၌ မေ ၁၆ ရက်က စတင်ဖွင့်လှစ်ထားပြီဖြစ်ကြောင်း သိရသည်။

အဆိုပါဆေးခန်းတွင် အငြိမ်းစားဆရာဝန်ကြီး များဖြစ်ကြသော ဆရာကြီး ဒေါက်တာညွှန့်ဝေ (အရိုး အကြော အထူးကုဆရာဝန်ကြီး)၊ ဆရာမကြီး ဒေါက်တာ ခင်မာတင်(ကလေးအထူးကု ဆရာဝန်ကြီး)၊ ဆရာကြီး ဒေါက်တာရဲမြင့်(ပြည်သူ့ဆေးရုံအုပ်ကြီး-အငြိမ်းစား) တို့က လာရောက်ပြသသည့်လူနာများအား လူမျိုး ဘာသာမရွေး အခမဲ့ ဆေးဝါးကုသမှုများ ဆောင်ရွက် ပေးသွားကြမည်ဖြစ်ကြောင်း၊ အဆိုပါ စေတနာဆေးခန်း ကို စနေနှင့် တနင်္ဂနွေနေ့များမှအပ နေ့စဉ် ညနေ ၄ နာရီခွဲမှ ၇ နာရီခွဲအထိ ပုံမှန် ဖွင့်လှစ်ပေးသွားမည်ဖြစ် ကြောင်း သိရသည်။
**ဂျူနိုင်း**




# ကျေးဇူးတင်ဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၇ ခုနှစ်၊ မေလ(၁၁)ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ အနော်ရထာ စက်မှုဇုန်တွင် ကျင်းပပြုလုပ်သော Myanmar Synergy Co., Ltd. ၏ ရုံးချုပ်နှင့် Showroom ဖွင့်ပွဲ အခမ်းအနားအား ကြွရောက်ချီးမြှင့်ပေးကြပါသော ရန်ကုန်တိုင်းဒေသကြီးလုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်အောင်ထွန်း ၊ ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးရဲထွဋ် ၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးတင်ထွန်းနိုင် ၊ မြန်မာနိုင်ငံဆိုင်ရာ အီတလီသံအမတ်ကြီး H.E. Mr. Pier Giorgio Aliberti ၊ CNH Industrial မှ Managing Director Mr. Mark Brinn ၊ IVECO မှ Business Director Mr. Koray Kursungly ၊ CASE Construction မှ Business Director Mr. Alvin Lim ၊ Singapore နိုင်ငံ အခြေစိုက် TA Corporation မှ CEO Mr. Neo နှင့် တကွ BOD အဖွဲ့ဝင်များ၊ OCBC Bank၊ Bangkok Bank ၊ May Bank ၊ YOMA Bank ၊ CB Bank နှင့် Ayeyarwady Bank မှ ကိုယ်စားလှယ်တော်ကြီးများ ၊ ကြွရောက် ချီးမြှင့်ပေးကြပါသော လုပ်ငန်းရှင် Customer ကြီးများ၊ ဖွင့်ပွဲအခမ်းအနားသို့ ဂုဏ်ပြုပန်းခြင်းများ ပေးပို့ပါသော Customer များနှင့် လုပ်ငန်းရှင်ကြီးများ၊ ဖွင့်ပွဲအခမ်းအနားအစီအစဉ်အောင်မြင်ဖြစ်မြောက် ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးသူများအားလုံးကို အထူးပင်ကျေးဇူးတင် ဝမ်းမြောက် ပါကြောင်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

ဥက္ကဋ္ဌ
ဒါရိုက်တာများနှင့် ဝန်ထမ်းများ
Myanmar Synergy Co., Ltd.

SYNERGY IVECO CASE CONSTRUCTION 中通客车 ZHONG TONG BUS


SAMSUNG
Galaxy S8 | S8+
Unbox your Phone
Best Signal
Premium Care Service
No worry crack
from 12 May 2017 to 12 May 2018
MPT
လစဉ် ၅,၀၀၀ ကျပ်ငွေဖြည့်ပြီး အခမဲ့
အင်တာနက် လစဉ် 1.5 GB (၆) လ ရယူပါ။
စည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်ရှိသည်။
samsungmobilemyanmar
samsungmyanmar
samsungmyanmar
အမြို့မြို့အနယ်နယ်ရှိ Samsung Brand Shops များနှင့် ကိုယ်စားလှယ် အရောင်းဆိုင် များတွင် ဝယ်ယူနိုင်ပါသည်။
Call Center
01 2399 888
(Mon-Sun)
7AM to 11PM

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ကြီးကြပ်မှုအောက်ရှိ အမှတ်(၄) ဓာတ်မြေသြဇာစက်ရုံ(မြောင်းတကာ)မှ (၂)လအတွင်းထွက်ရှိသော ယူရီးယားဓာတ်မြေသြဇာ (၁၅၀၀၀)တန် (တန် တစ်သောင်းငါးထောင်တိတိ)အား (၂)လအတွင်း ထုတ်ယူသည့်စနစ်ဖြင့် တင်ဒါခေါ်ယူရောင်းချမည်ဖြစ်ရာ အဆိုပြုလွှာတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| ၂။ | **တင်ဒါပုံစံရောင်းချမည့်ရက်** | - ၂၂-၅-၂၀၁၇ရက်မှ ၂၉-၅-၂၀၁၇ရက်ထိ (ရုံးချိန်အတွင်း) |
| ၃။ | **တင်ဒါပုံစံရောင်းချမည့်နေရာ** | - (က) ဘဏ္ဍာရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော် (ခ) ဘဏ္ဍာရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ အမှတ်-၇(က)၊ သံလျက်စွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ |
| ၄။ | **တင်ဒါတင်သွင်းရန် နောက်ဆုံးရက်၊ အချိန်နှင့်နေရာ** | - ၂၉-၅-၂၀၁၇ ရက် (တနင်္လာနေ့) ၁၂:၀၀ နာရီ ရုံးအမှတ်(၄၄)၊ နေပြည်တော် |
| ၅။ | **တင်ဒါဖွင့်ပွဲပြုလုပ်မည့် ရက်နှင့်အချိန်** | - ၂၉-၅-၂၀၁၇ ရက် ၁၄:၀၀ နာရီ |

၆။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန ဖုန်း-၀၆၇-၄၁၁၀၈၂၊ ၀၆၇-၄၁၁၀၉၃ သို့ ရုံးချိန်အတွင်း ဆက်သွယ်၍ မေးမြန်းနိုင်ပါသည်။

**လေလံတင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ နေပြည်တော်**

## မန္တလေးတိုင်းဒေသကြီး၊ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ဆည်မြောင်း) ဒီဇယ်နှင့် ဘိလပ်မြေအတွက်
# Quotation ခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီး၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် ဆည်မြောင်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများအတွက် ပထမအကြိမ်အနေဖြင့် လိုအပ်သော ဘိလပ်မြေတန် (၆၀၀၀)ခန့်နှင့် ဒီဇယ်ဆီဂါလန် (၁၀၀၀၀၀)ခန့်အား ၁-၆-၂၀၁၇ ရက်မှစ၍ ဝယ်ယူလိုပါသည်။

၂။ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဘိလပ်မြေစက်ရုံများမှ စိတ်ပါဝင်စားသူ ထုတ်လုပ်ရေးလုပ်ငန်းရှင်များအနေဖြင့် မိမိတို့ စက်ရုံလုပ်ငန်းများမှ ထုတ်လုပ်သော (425) ဘိလပ်မြေအမျိုးအစား (7 days Compressive Strength သည် အနည်းဆုံး 4500 Psi နှင့်အထက်)များကိုသာ ဈေးပြိုင်စနစ်ဖြင့် ဝယ်ယူလိုပါသဖြင့် ဘိလပ်မြေ၏ အရည်အသွေး (Specification) နှင့်တင်သွင်းနိုင်မည့် ကြမ်းခင်းဈေးနှုန်းများကို ဖော်ပြ၍လည်းကောင်း၊ ဒီဇယ်ဆီတင်သွင်းမည့် လုပ်ငန်းရှင်များသည်လည်း မိမိတို့တင်သွင်းမည့် ဒီဇယ်ဆီ၏ အရည်အသွေးသတ်မှတ်ချက်များနှင့်အတူ ၇၃ လမ်းနှင့် သဇင်လမ်းထောင့်၊ ညွှန်ကြားရေးမှူးရုံး၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့သို့ ၁၈-၅-၂၀၁၇ရက်မှ ၂၅-၅-၂၀၁၇ရက်ထိ ရုံးချိန်အတွင်း လာရောက် တင်သွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

၃။ အသေးစိတ်သိလိုပါက ဖုန်း-၀၂-၂၈၄၈၆၅၄၊ ၀၂-၂၈၄၈၆၅၅ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ဆည်မြောင်း)**
**မန္တလေးတိုင်းဒေသကြီး**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## လမ်းဦးစီးဌာန
## လမ်းအထူးအဖွဲ့(၁၇)၊ ရခိုင်ပြည်နယ်၊ စစ်တွေမြို့
## အိတ်ဖွင့်တင်ဒါအမှတ်(၁/၂၀၁၇)
# တင်ဒါခေါ်ယူခြင်းကြော်ငြာ

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ လမ်းတည်ဆောက်ရေးအဖွဲ့(၃)၊ လမ်းအထူးအဖွဲ့(၁၇) စစ်တွေမြို့မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ရခိုင်ပြည်နယ်အတွင်း ပြည်ထောင်စု/ပြည်နယ် ငွေလုံးငွေရင်းနှင့် ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် အောက်ဖော်ပြပါလုပ်ငန်းသုံးပစ္စည်းများအား ဌာနသတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ (မြန်မာကျပ်ငွေ)ဖြင့် ပေးချေဝယ်ယူလိုပါသည်။

၁။ ဘိလပ်မြေ (ဆင်တံဆိပ်၊ ယိုးဒယား)၊ (Alpha တံဆိပ်)
၂။ သံချောင်းရှယ်စုံ (နိုင်ငံခြားဖြစ်၊ Deformbar)
၃။ လမ်းခင်းကျောက်ရှယ်စုံ
၄။ သဲ (ကွန်ကရစ်/လမ်းခင်း)
၅။ မြစ်ကျောက်စရစ်
၆။ Milling Disc, Cutter Disc, Retarder, Curing Compound, Joint Sealant, 3/4" Ø PVC Plastic Pipe, Guard Rail စသည့် လမ်း/တံတား လုပ်ငန်းသုံးပစ္စည်းများ

၂။ တင်ဒါပေးသွင်းလိုသူများသည် အသေးစိတ်အချက်အလက်များနှင့် တင်ဒါလျှောက်လွှာပုံစံများကို ဒု-ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းအထူးအဖွဲ့(၁၇)၊ စစ်တွေမြို့တွင် ရုံးချိန်အတွင်း ဝယ်ယူစုံစမ်းနိုင်ပါသည်။

| | |
|---|---|
| **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** | - ၂၂-၅-၂၀၁၇ ရက် |
| **တင်ဒါလျှောက်လွှာပိတ်မည့်ရက်** | - ၁၅-၆-၂၀၁၇ ရက် (ကြာသပတေးနေ့) ၁၆:၀၀ နာရီ |
| **တင်ဒါဖွင့်မည့်ရက်** | - ၁၆-၆-၂၀၁၇ ရက် (သောကြာနေ့) နံနက် ၁၀:၀၀ နာရီ |
| **တင်ဒါဖွင့်မည့်နေရာ** | - ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန ရခိုင်ပြည်နယ်၊ စစ်တွေမြို့ |

အသေးစိတ်သိလိုပါက ဖုန်း-၀၉-၄၂၁၇၁၀၃၄၄၊ ၀၉-၂၅၃၁၇၃၂၈၉၊ ၀၉-၄၅၀၅၄၂၂၈

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**လမ်းအထူးအဖွဲ့(၁၇)၊ စစ်တွေမြို့**

## ကချင်ပြည်နယ်အစိုးရအဖွဲ့
## မြစ်ကြီးနားမြို့
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ကချင်ပြည်နယ်အစိုးရအဖွဲ့၏ အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် လုပ်ငန်းများအား (မြန်မာ)ကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ခေါ်ယူအပ်ပါသည်-

| စဉ် | လုပ်ငန်းတည်နေရာ | လုပ်ငန်းအမျိုးအစား |
|---|---|---|
| (က) | မြစ်ကြီးနားမြို့ | ဝန်ထမ်းနေအိမ် (၂)ခန်းတွဲ (၂)ထပ်၊ (၁)လုံး ဆောက်လုပ်ခြင်း |
| (ခ) | မြစ်ကြီးနားမြို့ | အစိုးရအဖွဲ့ဧည့်ဂေဟာ (၂)ထပ် RC (၁)လုံး ဆောက်လုပ်ခြင်း |
| (ဂ) | ဟိုပင်မြို့ | ဟိုပင်မြို့နယ်ခန်းမဆောက်လုပ်ခြင်း |
| (ဃ) | ဗန်းမော်မြို့ | ဗန်းမော်သံတဲရိပ်သာဆောက်လုပ်ခြင်း |
| (င) | ဗန်းမော်မြို့ | ဗန်းမော်မြို့နယ်စုပေါင်းရုံးဆောက်လုပ်ခြင်း |
| (စ) | မြစ်ကြီးနားမြို့ | VIP ယာဉ် (၇)စီး ဝယ်ယူခြင်း |

၂။ **အိတ်ဖွင့်တင်ဒါတင်သွင်းရန်** - ၁၇-၅-၂၀၁၇ ရက်မှ ၁၆-၆-၂၀၁၇ ရက် ၁၆:၀၀ နာရီအထိ

၃။ **တင်ဒါတင်သွင်းရမည့်နေရာ** - ဘဏ္ဍာဌာနစု၊ ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံး

၄။ သတ်မှတ်ချိန်ထက် ကျော်လွန်တင်သွင်းသည့်လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၅။ အသေးစိတ်သိရှိလိုပါက ပြည်နယ်အစိုးရအဖွဲ့ရုံး၊ ဖုန်း-၀၇၄-၂၉၅၄၄၊ ၀၇၄-၂၄၂၃၀ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ကချင်ပြည်နယ်အစိုးရအဖွဲ့၊ မြစ်ကြီးနားမြို့**

## တနင်္သာရီတိုင်းဒေသကြီး ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၊ ထားဝယ်မြို့
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ ရန်ပုံငွေဖြင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်မည့် မြေလမ်း(၅)လမ်း၊ ပြင်ထိန်းမြေလမ်း (၁)လမ်း၊ ကျောက်ခင်းလမ်း (၅)လမ်း၊ သံကူကွန်ကရစ်တံတား(၇)စင်း၊ သံကူကွန်ကရစ်ရေပြွန်(၄)ခုနှင့် အိမ်ရာဆောက်လုပ်ရေး (၂)လုံး၊ စာသင်ဆောင်(၁)ဆောင်၊ အုတ်ရေကန် (၂)ကန်၊ လက်တူးရေတွင်း(၈)တွင်း၊ စက်ရေတွင်း(၄)တွင်းနှင့် သောက်သုံးရေရရှိရေး ကျေးရွာ(၁၇)ရွာ လုပ်ငန်းများအားဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါကို အောက်ပါအတိုင်း ခေါ်ယူမည်ဖြစ်ပါသဖြင့် အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း တင်သွင်းနိုင်ပါသည်-

| | |
|---|---|
| **အိတ်ဖွင့်တင်ဒါ စတင်ရောင်းချမည့်ရက်** | - ၂၅-၅-၂၀၁၇ရက် (ကြာသပတေးနေ့)မှ စတင်၍ ရုံးချိန်အတွင်း |
| **အိတ်ဖွင့်တင်ဒါပိတ်မည့် ရက်နှင့်အချိန်** | - ၂၀-၆-၂၀၁၇ ရက် (အင်္ဂါနေ့) ၁၆:၀၀ နာရီ |
| **အိတ်ဖွင့်တင်ဒါ တင်သွင်းရမည့်နေရာ** | - တနင်္သာရီတိုင်းဒေသကြီး ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၊ ဆိပ်ကမ်းသာလမ်း၊ ထားဝယ်မြို့ ဖုန်း-၀၅၉-၂၂၁၂၆၊ ၀၅၉-၂၃၉၃၄၊ ၀၉-၂၅၄၃၀၃၀၁၈ |
| **အိတ်ဖွင့်တင်ဒါဖွင့်မည့် ရက်နှင့်အချိန်** | - ၆-၇-၂၀၁၇ ရက် (ကြာသပတေးနေ့) ၀၉:၀၀ နာရီ |
| **အိတ်ဖွင့်တင်ဒါဖွင့်မည့်နေရာ** | - မြို့တော်ခန်းမ၊ ထားဝယ်မြို့ |

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ**

## MAY YU COMPLEX (SITTWE)
## တည်ဆောက်ရေးစီမံကိန်း
# ဝန်ထမ်းများခေါ်ယူခြင်း

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ MAY YU COMPLEX (SITTWE) တည်ဆောက်ရေးစီမံကိန်းတွင် အနည်းဆုံး(၂)နှစ် တာဝန်ထမ်းဆောင်ရန် အောက်ဖော်ပြပါဝန်ထမ်းများအား အလိုရှိပါသည်။

စိတ်ပါဝင်စားသူများသည် ကိုယ်ရေးအချက်အလက် CV Form နှင့် လုပ်ငန်းအတွေ့အကြုံဖော်ပြချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ရဲစခန်းထောက်ခံချက်၊ ရပ်ကွက်ထောက်ခံချက်၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ ဘွဲ့လက်မှတ် အထောက်အထားတို့နှင့်အတူ မိမိမျှော်မှန်းလစာကိုဖော်ပြ၍ အောက်ပါလိပ်စာသို့ ၃၁-၅-၂၀၁၇ ရက် နောက်ဆုံးထားပြီး လျှောက်ထားနိုင်ပါသည်။

၁။ စီမံကိန်းမန်နေဂျာ (၁)ဦး
အင်ဂျင်နီယာဘွဲ့ရ(သို့)ဗိသုကာ/သိပ္ပံဘွဲ့ရ
လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၇)နှစ်
၂။ စတိုမှူး(ဘွဲ့ရ) (၁)ဦး

**လိပ်စာ။** ။ Western Shining Stars Public Co.,Ltd. အမှတ်(၄၁)၊ လမ်းမကြီး၊ ဦးဥတ္တမပန်းခြံရှေ့၊ စစ်တွေမြို့။
wsspublic123@gmail.com, ph-09-421763064, 09-36124459

## မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားအလုပ်သမားများအဖွဲ့ချုပ်
## သင်္ဘောသားများနေ့ (၂၀၁၇)
# အခမ်းအနားနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ

မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားအလုပ်သမားများအဖွဲ့ချုပ် အဖွဲ့ချုပ်ဝင်မိသားစုများ၏ သင်္ဘောသားများနေ့အခမ်းအနားနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ နှစ်ပတ်လည် ညစာစားပွဲကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

နှစ်ပတ်လည် ညစာစားပွဲတွင် (၂၀၁၅-၂၀၁၆)ပညာသင်နှစ် အခြေခံပညာ အထက်တန်းစာမေးပွဲ၌ ဂုဏ်ထူးသုံးဘာသာနှင့်အထက် ထူးချွန်စွာအောင်မြင်ခဲ့သော အဖွဲ့ချုပ်ဝင်များ၏ သား/သမီးရင်သွေးများအား ဆုချီးမြှင့်မည့်အစီအစဉ်ပါရှိပါသောကြောင့် အဖွဲ့ချုပ်ဝင်များ၏ သား/သမီးများသည် ဖခင်၏ အဖွဲ့ချုပ်ဝင်ကတ်(မိတ္တူ)၊ ဆုရကျောင်းသား၏ အောင်လက်မှတ်(မူရင်း/မိတ္တူ)၊ အမှတ်စာရင်း(မူရင်း/မိတ္တူ)၊ အပြာရောင်နောက်ခံပတ်စ်ပို့ဆိုဒ် ဓာတ်ပုံ(၂)ပုံနှင့်တကွ အဖွဲ့ချုပ်ရုံးသို့ ၁၆-၆-၂၀၁၇ရက် (သောကြာနေ့) ညနေ ၄:၀၀ နာရီ နောက်ဆုံးထား၍ လာရောက်လျှောက်ထားနိုင်ပါကြောင်းနှင့် ညစာစားပွဲအခမ်းအနားသို့ တက်ရောက်မည့်သူများအနေဖြင့် အဖွဲ့ချုပ်ရုံးတည်ရှိရာ အောက်ပါလိပ်စာအတိုင်း ဆက်သွယ်ပေးပါရန် အဖွဲ့ချုပ် အဖွဲ့ဝင်မိသားစုများအား လေးစားစွာဖြင့် အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **ကျင်းပမည့်ရက်** | - ၂၀၁၇ ဇွန် ၂၅ ရက် (တနင်္ဂနွေနေ့) |
| **ဆက်သွယ်ရန်လိပ်စာ** | - အမှတ်(၅၃)၊ (၃၇)လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ |
| **ဖုန်း** | - ၀၁-၃၇၅၈၂၀၊ ၀၁-၃၉၂၀၇၆၊ ၀၉-၇၃၀၅၀၆၀၁၊ ဖက်စ်နံပါတ်-၀၁-၃၈၁၅၉၂ |
| **အီးမေးလ်** | - msf.myanmar@gmail.com/Facebook-Msf myanmar |

**မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားအလုပ်သမားများအဖွဲ့ချုပ်**

## သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန
## အနုပညာဦးစီးဌာန
## အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(မန္တလေး)
# အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း

၁။ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)တွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း တည်ဆောက်ရေးလုပ်ငန်း(တည်ဆောက်ခြင်း)ကို အောက်ပါအတိုင်း ဆောင်ရွက်လိုပါသည်-
ကျောင်းသား(၁၀၀)ဆံ့ သံကူကွန်ကရစ်(၂)ထပ် အိပ်ဆောင်(၁)လုံး တည်ဆောက်ခြင်း လုပ်ငန်း (၁၁၈ပေ·၆ပေ×၃၆ပေ၊ ၉၆ပေ×၃၆ပေ၊ ၉၆ပေ×၃၆ပေ)

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ၂၅-၅-၂၀၁၇ ရက်မှ ၃၀-၅-၂၀၁၇ ရက်ထိ နေ့စဉ်ရုံးချိန်အတွင်း အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)၊ ရွှေစာရံဘုရားလမ်း၊ အုန်းချောကျေးရွာ၊ ပုသိမ်ကြီးမြို့နယ်တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ တည်ဆောက်ခြင်းလုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါများကို ၂၃-၆-၂၀၁၇ရက် ၁၀:၀၀နာရီမှ ၁၂:၀၀နာရီအတွင်း အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး) တင်ဒါစိစစ်ရေးအဖွဲ့၏ရှေ့မှောက်တွင် လာရောက်တင်သွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလအတွင်း တင်သွင်းခြင်းမရှိသော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

**အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(မန္တလေး)**
**ဖုန်း-၀၈၅-၄၀၂၆၉၊ ၀၉-၂၅၄၅၆၉၂၈၁၊ ၀၉-၄၀၂၆၁၇၅၆၁**

## မြန်မာ့သစ်လုပ်ငန်း
## ပြည်ပရောင်းဝယ်ရေးနှင့်သစ်စက်ဌာန
# အိတ်ဖွင့်တင်ဒါကြေညာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ ပြည်ပရောင်းဝယ်ရေးနှင့်သစ်စက်ဌာနမှ ကျွန်း-သစ်မာသစ်လုံးနှင့် ခွဲသားများကို အမေရိကန်ဒေါ်လာဖြင့် အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်-

| | | |
|---|---|---|
| (က) | **ရောင်းချမည့်ရက်နှင့်အချိန်** | - ၂၆-၅-၂၀၁၇ ရက် မွန်းတည့် ၁၂:၀၀ နာရီ<br>- ၂၉-၅-၂၀၁၇ ရက် မွန်းလွဲ ၁၃:၀၀ နာရီ |
| (ခ) | **ရောင်းချမည့်အမျိုးအစားနှင့် တန်ပမာဏ** | - ကျွန်းသစ်လုံး (၃၂၂၇)တန်<br>- ကျွန်းခွဲသား (၃၆၆)တန်<br>- (သစ်မာသစ်လုံး) ကညင်(၁၈၇၂)တန်<br>- (သစ်မာခွဲသား) ကညင်(၉၃)တန် |
| (ဂ) | **ရောင်းချမည့်နေရာ** | - တော်ဝင်ခန်းမ၊ မြန်မာ့သစ်လုပ်ငန်း(ရုံးချုပ်)၊ ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ |

၂။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို မြန်မာ့သစ်လုပ်ငန်း(ရုံးချုပ်)နှင့် web-site ဖြစ်သော www.myanmatimber.com .mm တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

၃။ ဆက်သွယ်ရန်- Ph-01-528764, E-mail; marketing1ppy@gmail.com

**အိတ်ဖွင့်တင်ဒါကျင်းပရေးကော်မတီ၊မြန်မာ့သစ်လုပ်ငန်း**

## CLAIMS DAY NOTICE
## M.V VIKING CHANCE VOY:NO(5)

Consignees of cargo carried by M.V VIKING CHANCE VOY:NO(5)are here by notified that the vessel will arrive on about 24-5-17 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

## မြန်မာနိုင်ငံမသန်စွမ်းသူများရှေ့ဆောင်အဖွဲ့၏ (၆)နှစ်ပြည့်အထိမ်းအမှတ် မသန်စွမ်းသူများအကျိုးဝင်ရွေးကောက်ပွဲဆိုင်ရာ (YUSDIANA) မီဒီယာဆု
# ဖိတ်ခေါ်ပြိုင်ပွဲ

သင်က မသန်စွမ်းသူများနဲ့ပတ်သက်ပြီး သတင်းတွေရေးနေလား၊ ဆောင်းပါးတွေ ရေးနေလား၊ ဒါမှမဟုတ် ကင်မရာတစ်လုံးနဲ့ ဓာတ်ပုံတွေရိုက်နေတာလား၊ အဲဒါဆိုရင် ကျွန်တော်တို့ ပြိုင်ပွဲလေးမှာ ပါဝင်ယှဉ်ပြိုင်ပြီး ဆုများရယူဖို့ ဂုဏ်ယူစွာ ဖိတ်ခေါ်ပါရစေ-

ပြိုင်ပွဲအမျိုးအစားတွေကတော့-

**ပြိုင်ပွဲ(၁) မသန်စွမ်းသူများအကျိုးဝင်ရွေးကောက်ပွဲ သတင်းဆု**
(ပထမဆု-၅သိန်း၊ ဒုတိယဆု-၃သိန်း၊ တတိယဆု-၂သိန်း)

**ပြိုင်ပွဲ(၂) မသန်စွမ်းသူများအကျိုးဝင်ရွေးကောက်ပွဲ ဆောင်းပါးဆု**
(ပထမဆု-၅သိန်း၊ ဒုတိယဆု-၃သိန်း၊ တတိယဆု-၂သိန်း)

**ပြိုင်ပွဲ(၃) မသန်စွမ်းသူများအကျိုးဝင်ရွေးကောက်ပွဲ ဓာတ်ပုံဆု**
(ပထမဆု-၅သိန်း၊ ဒုတိယဆု-၃သိန်း၊ တတိယဆု-၂သိန်း)

ဘယ်ကိုပေးပို့ရမလဲဆိုတော့-

အမှတ်(၁၇/၁၉)၊ သာယာအေးလမ်း၊ (၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ (မြန်မာနိုင်ငံမသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့ရုံး)သို့ ၂၀၁၇ ခုနှစ် မေ ၃၁ ရက် နောက်ဆုံးထားပြီး ပေးပို့ယှဉ်ပြိုင်နိုင်ပါပြီ။

အသေးစိတ်ထပ်မံသိရှိလိုရင်တော့ ဖုန်း-၀၉-၉၇၆၀၆၀၃၉၇၊

အီးမေးလ်လိပ်စာ-thantkyawoomyanmar@gmail.com သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း**

ယာဉ်အမှတ် ၂၃ယ/၃၄၃၉၆ Honda Dream,M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းငွေလင်း ၃/ကကရ(နိုင်)၁၀၁၀၅၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ကော့ကရိတ်)**

# Grand Guardian Insurance Public Co.,Ltd.

# ဂရင်းဂါးဒီးယန်းအာမခံအများပိုင်ကုမ္ပဏီလီမိတက်

Grand Guardian Insurance Public Co.,Ltd. ၏ ပဉ္စမအကြိမ်မြောက် အစုရှယ်ယာရှင်များ၏ နှစ်ပတ်လည်အထွေထွေအစည်းအဝေးကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့် အစည်းအဝေးသို့ တက်ရောက်ပေးနိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။ အစုရှယ်ယာရှင်များအား ဖိတ်စာနှင့်တကွ လိုအပ်သောစာရွက်စာတမ်းများကို သီးခြားပေးပို့မည်ဖြစ်ပါသည်။

**အစည်းအဝေးကျင်းပမည့်ရက်** - ၂၀၁၇ ခုနှစ် ဇွန် ၁၇ ရက်(စနေနေ့)

**အစည်းအဝေးကျင်းပမည့်အချိန်** - နံနက် ၉း၃၀နာရီ

**အစည်းအဝေးကျင်းပမည့်နေရာ** - PARKROYAL Yangon Hotel အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့

အစုရှယ်ယာရှင်များ လွှဲပြောင်းခြင်းကို မှတ်ပုံတင်ရန် ဇွန် ၄ ရက်မှ ဇွန် ၁၇ ရက်အထိ အစုရှယ်ယာရှင်မှတ်တမ်းအား ခေတ္တပိတ်ထားမည်ဖြစ်ပါသည်။

**ဒါရိုက်တာအဖွဲ့**

**Grand Guardian Insurance Public Co.,Ltd.**

## ကျောင်းသားဟောင်းများအသင်းပျော်ပွဲရွှင်ပွဲ

သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် ရန်ကုန်၊ ကျောင်းသားဟောင်းများအသင်းမှ ကြီးမှူး၍ ကျောင်းသား ကျောင်းသူဟောင်းများ ပြန်လည်ဆုံတွေ့ပွဲကို ၂၃-၅-၂၀၁၇ ရက် (အင်္ဂါနေ့)တွင် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်ရန်ကုန်၊ ရွှေရတုခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

**ဒေါက်တာအောင်သိန်းထွန်း** ဖုန်း-၀၉-၅၁၄၂၁၂၅
**ဒေါက်တာခင်မောင်လေး** ဖုန်း-၀၉-၅၁၁၅၆၃၆
**ဒေါက်တာအောင်ကျော်ဦး** ဖုန်း-၀၉-၂၀၂၄၃၃၀
**ဒေါက်တာသန့်စင်** ဖုန်း-၀၉-၅၁၈၃၇၉၀

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကျိုင်းတုံတက္ကသိုလ်၊ အဝေးသင်ဌာနခွဲ၊ စတုတ္ထနှစ်စီးပွားရေး (၄-စီး-၄၁) (၀၂၃)မှ မောင်အားဒိုသားနှင့် မောင်အားဒိုးသား ၁၃/ကတန(နိုင်)၁၄၄၁၄၅ မှာ တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် ဖခင်အမည်မှန်မှာ ဦးအားဒို(ခ)ဦးအားဒု ၁၃/ကတန(နိုင်)၀၃၄၁၇၈ ဖြစ်ပါကြောင်း။

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 7G/4854 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တွဲဖက်ပြည်နယ်ရုံး(ကျိုင်းတုံ)**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကျိုင်းတုံတက္ကသိုလ်၊ အဝေးသင်ဌာနခွဲ၊ နောက်ဆုံးနှစ်(သမိုင်း) ၄သ-၃၄ (၀၂၃)မှ မဘူးဆေး၏ဖခင် ဦးအားဂူ နှင့် ဦးဂူဇာ ၁၃/တခလ(နိုင်)၀၁၆၇၆၃ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးအားဂူ(ခ)ဦးဂူဇာ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မုဒုံမြို့နယ်၊ ကျိုက်ရွဲကျေးရွာနေ၊ ဦးစံတင်၏သမီး မိမြသီတာခိုင် ၁၀/မဒန(နိုင်)၁၈၈၈၀၉ နှင့် မမြသီတာခိုင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**မိမြသီတာခိုင်(ခ)မမြသီတာခိုင်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးအာကျား၏သား ကျိုင်းတုံတက္ကသိုလ်၊ အဝေးသင်ဌာနခွဲ၊ နောက်ဆုံးနှစ်(သမိုင်း) ၄သ-၂၃(၀၂၃)မှ မောင်ဖီးပိုနှင့် မောင်ဖိလစ်ပို ၁၃/ကတန(နိုင်)၁၄၂၈၃၀မှာတစ်ဦးတည်းဖြစ်ပါကြောင်း။

**မောင်ဖီးပို(ခ)မောင်ဖိလစ်ပို**

## ဖခင်အမည်မှန်

ဖျာပုံမြို့၊ အလက (၂) နဝမတန်းမှ မောင်လွင်ကျော်ခိုင်၏ ဖခင်အမည်မှန်မှာ ဦးညီညီ ဖြစ်ပါကြောင်း။

**ဦးညီညီ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ပျဉ်းမနားမြို့နယ်တရားရုံးတော်၌**
**၂၀၁၇ခုနှစ် တရားမကြီးမှုအမှတ်-၂၉**

ဦးသန်းထွန်းအောင် **နှင့်** ၁။ ဦးမောင်မောင်
၂။ ဒေါ်တင်စန်း(ခ)ဒေါ်တင်မေသီ

**တရားလို** **တရားပြိုင်များ**

ပျဉ်းမနားမြို့၊ မင်္ဂလာရပ်၊ မြေကွက်အမှတ် ၂၀၁တွင် နေထိုင်သူ ဦးမောင်မောင်နှင့် ပျဉ်းမနားမြို့၊ မင်္ဂလာရပ်၊ ၃လမ်း၊ မြေကွက်အမှတ် ၂၉၂တွင် နေထိုင်သူ ဒေါ်တင်စန်း(ခ) ဒေါ်တင်မေသီ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဦးသန်းထွန်းအောင်က မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှုဖြင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့၏ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်အလက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ ဖြစ်စေ ၂၀၁၇ ခုနှစ် ဇွန် ၅ ရက် (၁၃၇၉ခုနှစ် နယုန်လဆန်း ၁၁ ရက်) နံနက် ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူများ တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့၏ ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ခုနှစ် မေ ၁၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မျိုးမင်း)**
**မြို့နယ်တရားသူကြီး**
**ပျဉ်းမနားမြို့နယ်တရားရုံး**

## ပြင်ဦးလွင်ဂေါက်သီးရိုက်အသင်း ဖိတ်ကြားခြင်း

ပြင်ဦးလွင် ဂေါက်သီးရိုက်အသင်း၏ ၂၀၁၆-၂၀၁၇ခုနှစ် နှစ်ပတ်လည်သင်းလုံးကျွတ်မျက်နှာစုံညီအစည်းအဝေးနှင့် ဥက္ကဋ္ဌဖလား (Captain Cup)ဂေါက်သီးရိုက်ပြိုင်ပွဲအား အောက်ပါအစီအစဉ်များအတိုင်း ပြင်ဦးလွင် ဂေါက်သီးရိုက်အသင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဖြစ်သဖြင့် ပြင်ဦးလွင် ဂေါက်သီးရိုက်အသင်းသားများအားလုံး မပျက်မကွက် တက်ရောက်ပေးနိုင်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

(က) **ကျင်းပမည့်ရက်** — ၄-၆-၂၀၁၇ ရက်(တနင်္ဂနွေနေ့) နံနက် ၈း၀၀နာရီ

(ခ) **ဥက္ကဋ္ဌဖလား(Captain Cup)ဂေါက်သီးရိုက်ပြိုင်ပွဲ** — ၄-၆-၂၀၁၇ ရက်(တနင်္ဂနွေနေ့) နံနက် ၁၀း၃၀နာရီ

(ဂ) **ဆုပေးပွဲနှင့်ညစာစားပွဲ** — ၄-၆-၂၀၁၇ ရက်(တနင်္ဂနွေနေ့) ညနေ ၁၈း၀၀နာရီ

**အလုပ်အမှုဆောင်အဖွဲ့**
**ပြင်ဦးလွင်ဂေါက်သီးရိုက်အသင်း**

## ဖခင်အမည်မှန်

တောင်တွင်းကြီးမြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်းမှ မောင်ကောင်းမြတ်စံ၏ ဖခင်အမည်မှန်မှာ ဦးကြည်လင် ဖြစ်ပါကြောင်း။

**ဦးကြည်လင်**

## ဖခင်အမည်မှန်

ဖားကန့်မြို့နယ်၊ ရှရော်ခကျေးရွာ အလကမှ မောင်စည်သူ(သတ္တမတန်း)နှင့် မုံရွာမြို့ အထက (၂) မှ မဇာဇာကျော်(နဝမတန်း)၏ဖခင်အမည်မှန်မှာ ဦးကျော်ဝင်း ၈/ထလန(နိုင်)၀၃၂၉၉၉ ဖြစ်ပါကြောင်း။

**ဦးကျော်ဝင်း**

## မိဘအမည်မှန်

တောင်ငူ အထက(၂)စတုတ္ထတန်း (C) မှ ကျောင်းဝင်အမှတ် (၅၇၄/၁၂)မောင်သူရအောင်၏ မိဘအမည်မှန်မှာ ဖခင် ဦးဇင်မင်းအောင်နှင့် မိခင် ဒေါ်ဥမ္မာအောင်တို့ ဖြစ်ပါသည်။

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**လက်ပံတန်းမြို့နယ် တရားရုံးတော်၌**
**၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ်-၃၂**

ဦးဝင်းမိုလ် **နှင့်** မအေးချမ်းသူ

**တရားလို** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ကိုးအိမ်တန်းလမ်း၊ လေးလွှာ၊ အထက်ဗဟိုလမ်း၊ အိမ်ရာ (၁)၊ မုဒိတာလမ်း၊ သမိုင်းနေ မအေးချမ်းသူ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ဝါးထရံဖိုးငွေ ၂၄၃၃၁၉၀ိ/-ရလိုမှုစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၇ ခုနှစ် မေ ၃၀ရက် (၁၃၇၉ခုနှစ် နယုန်လဆန်း ၅ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို၏ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ ခုနှစ် မေ ၁၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဝင့်ဝါထွန်း)**
**ဒုတိယမြို့နယ်တရားသူကြီး**
**လက်ပံတန်းမြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့် -၅၊ နည်းဥပဒေ -၂၀)**
**ပျဉ်းမနားမြို့နယ်တရားရုံးတော်၌**
**၂၀၁၇ခုနှစ် တရားမကြီးမှုအမှတ်-၂၈**

၁။ ဦးမြင့်နိုင် **နှင့်** ၁။ ဦးသန်းမောင်
၂။ ဒေါ်နုနုယဉ် ၂။ ဒေါ်စိန်ထွေး(ခ)ဒေါ်ထွေး
၃။ ဒေါ်အေးအေးသန်း

**တရားလိုများ** **တရားပြိုင်များ**

ပျဉ်းမနားမြို့၊ ရွှေချီရပ်၊ ၄လမ်း၊ အိမ်အမှတ် ၈/၃၁တွင်နေထိုင်သူ ဦးသန်းမောင်(ဘ)ဦးချစ်မြိုင်၊ ဒေါ်စိန်ထွေး(ခ)ဒေါ်ထွေး(ဘ)ဦးတုတ်ဖြူနှင့် ဒေါ်အေးအေးသန်း(ဘ)ဦးသန်းမောင်(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဦးမြင့်နိုင်နှင့် ဒေါ်နုနုယဉ်တို့က မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှုလျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့၏ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၇ ခုနှစ် ဇွန် ၅ရက် (၁၃၇၉ခုနှစ် နယုန်လဆန်း ၁၁ ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူများ တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ခုနှစ် မေ ၁၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မျိုးမင်း)**
**မြို့နယ်တရားသူကြီး**
**ပျဉ်းမနားမြို့နယ်တရားရုံး**

## မိဘအမည်မှန်

ပေါင်မြို့နယ်၊ အထက (ခွဲ) ထန်းပင်ချောင်၊ နဝမတန်းမှ မောင်စိုးနေလင်း၊ မယမင်းချိုဦးနှင့် တတိယတန်းမှ မခိုင်သူဇာတို့၏ မိဘအမည်မှန်မှာ ဦးထွန်းနိုင်လင်း ၁၀/ပမန(နိုင်)၁၂၈၆၃၈နှင့် ဒေါ်ခိုင် ၁၀/ပမန(နိုင်)၁၆၁၈၅၈ ဖြစ်ပါကြောင်း။

**ဦးထွန်းနိုင်လင်း-ဒေါ်ခိုင်**

## မွေးသက္ကရာဇ်အမှန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ၁၈ (A) ရပ်ကွက် စိန်ပန်းမြိုင် (၃) လမ်း၊ အိမ်နံပါတ်(၅၉)နေ (ဘ)ဦးအေးထွန်း၏သမီး မယဉ်သူဇာထွန်း ၁၂/ဒဂတ(နိုင်)၀၇၇၂၅၃ ၏ မွေးသက္ကရာဇ်အမှန်မှာ ၁၆-၇-၁၉၉၈ ဖြစ်ပါကြောင်း။

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဘီးလင်းမြို့၊ ကန်သာယာရပ်ကွက် (၈)နေ ဦးမောင်ဝင်း၊ ဒေါ်ခင်ဖြူ၏သမီး မခင်စုစုလှိုင် ၁၀/ဘလန(နိုင်)၀၆၉၀၆၂ သည် မိခင်၏ဆိုဆုံးမမှုကို နားမထောင်သဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် ၎င်း၏ကိစ္စရပ်ကို (လုံး၀)တာဝန်မယူကြောင်း ကြေညာအပ်ပါသည်။ **ဒေါ်ခင်ဖြူ(မိခင်)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ အောင်သာယာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း-၂၊ မြေကွက်/ဦးပိုင်အမှတ် ၆၀၃၆၊ ဧရိယာ ၀ဒသမ၁၄၆ဧကရှိ ဦးခင်လတ် အမည်ပေါက် အငှားဂရန်မြေကွက်အား ဒေါ်ရွှေစင် ၉/မရတ(နိုင်)၀၄၂၈၃၄ (ဘ)ဦးတင်ရွှေမှ နှစ် ၃၀ ဂရန်မူရင်း ရောင်းဝယ်စာချုပ်မှတ်ပုံတင်အမှတ် ၁၃/၂၀၁၇ များတင်ပြ၍ အငှားဂရန် အမည်ပြောင်းလျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**





MICO
ကမ္ဘာတည်သရွေ့

"မိကို" အမည်အားထင်ယောင်ထင်မှားဖြစ်အောင် အလွဲသုံးစား ပြုကာ ဈေးကွက်ရှာသူများအား တည်ဆဲဥပဒေများ နှင့် အညီ ထိရောက်စွာ တရားစွဲဆိုသွားမည်။





အယူခံမှုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်သို့

## အကြောင်းကြားစာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၄၁၊ နည်းဥပဒေ-၁၄)
မန္တလေးခရိုင်တရားရုံးတော်
၂၀၁၇ ခုနှစ် တရားမအယူခံမှုအမှတ်-၄၄

ဦးမောင်မောင်သက် **နှင့်** ၁။ ဒေါ်ဝေဝေမျိုး
၂။ ဒေါ်ဝင်းဝင်းမော်

**အယူခံတရားလို** **အယူခံတရားပြိုင်များ**

၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်စွဲပါ မဟာအောင်မြေမြို့နယ် တရားရုံးတော်မှ တရားမကြီးမှုအမှတ် ၅၅/၂၀၁၅ ကို အယူခံမှု။

အယူခံတရားပြိုင် ဒေါ်ဝင်းဝင်းမော်(ဘ)ဦးနိုင်၊ အကွက်အမှတ် (၄၃၃)၊ သံလျှက်မော်အရှေ့ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

ယခုအမှုတွင် မဟာအောင်မြေမြို့နယ် တရားရုံးတော်က ချပေးသည့် ဒီကရီကို ဦးမောင်မောင်သက်က အယူခံရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုအယူခံမှုကို ၂၀၁၇ခုနှစ် ဇွန် ၂ ရက် (၁၃၇၉ခုနှစ် နယုန်လဆန်း ၈ရက်)တွင် ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင့်အတွက်ဆောင်ရွက်ရန် ဥပဒေအရခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ၊ မလာရောက်ခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ် စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်ကအယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကို အမိန့်-၄၁၊ နည်းဥပဒေ-၂၂ အရ ကန့်ကွက်လိုလျှင် အမိန့်-၄၁၊ နည်းဥပဒေ-၂၂အရ ချိန်းဆိုထားသည့် အချိန်တွင် သင်က ကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်းကြား အစီရင်ခံစာတင်သွင်းရမည်။

၂၀၁၇ ခုနှစ် မေ ၁၅ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ပေးလိုက်သည်။

**(ခင်လှကြည်)**
**ခရိုင်တရားသူကြီး**
**မန္တလေးခရိုင်တရားရုံး**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင် ပေါင်းတည်မြို့နယ် မင်းကွက်(၃) ရပ်ကွက်၊ ၁၇လမ်း၊ မင်းကွက် အထကခွဲ သတ္တမတန်းမှ မဇွန်ပိုးဝတီ၏ ဖခင်အမည်မှန်မှာ ဦးစိုးသိန်း ၇/ပတတ(နိုင်)၀၁၄၆၉၄ ဖြစ်ပါသည်။

## မိဘအမည်မှန်

ဗန်းမော်မြို့နယ်၊ သိန်လင်ကျေးရွာ အထက(ခွဲ) စတုတ္ထတန်းမှ မောင်ပြည့်စုံအောင်၏ မိဘအမည်မှန်မှာ ဦးဋ္ဌေးအောင် ၁/ဗမန(နိုင်)၀၁၃၇၄၂ နှင့် ဒေါ်ခင်စိန် ၁/ဗမန(နိုင်)၀၇၈၀၅၆ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မူဆယ်မြို့၊ အထက (၃)၊ ပဥ္စမတန်း(D) မှ မောင်စစ်နိုင်ဦး၏ ဖခင်အမည်မှန်မှာ ဦးဖန်းယို့ရှန် ဖြစ်ပါကြောင်း။

**ဦးဖန်းယို့ရှန်**

## အမည်ပြောင်း

ဦးဖြိုးမြင့်မောင်၏သမီး အထက (၂) ကမာရွတ် Grade (5)B မှ မခင်ခင်ခန့်အား မအိဖြူစင်ထက်ဟု ပြောင်းလဲခေါ်ပါရန်။

**မအိဖြူစင်ထက်**

## အမည်ပြောင်း

မြန်အောင်မြို့ အမက တာကြီးတန်း စတုတ္ထတန်းအောင် ဦးအောင်ဇော်ထက်၏သား မောင်ထက်ပိုင်ဖြိုးအား မောင်ထက်အောင်ခန့်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ထက်အောင်ခန့်**

## ဖခင်အမည်မှန်

ကော့ကရိတ်မြို့နယ်၊ နဘူးတောင်နားကျေးရွာနေ အထက နဘူးတက္ကသိုလ်ဝင်တန်းမှ နော်မလွဲလွဲ နှင့် အဋ္ဌမတန်းမှ စောသန်းထွန်းလင်းတို့၏ ဖခင်အမည်မှန်မှာ ဦးစောအောင်ငြိမ်း ၃/ကကရ(နိုင်)၀၅၃၂၁၇ ဖြစ်ပါကြောင်း။

## အမည်မှန်

ပညာနန်းတော် ကိုယ်ပိုင်အထက်တန်းကျောင်း အဋ္ဌမတန်း(ကံ့ကော်) မှ မောင်စဖြိုးဟန်ကျော်၏ အမည်မှန်မှာ စဖြိုးဟန်ကျော်ဖြစ်ပါကြောင်း။

## အမည်ပြောင်း

ဆိပ်မူ ဖားကန့်မြို့နယ်၊ ဦးစန်းအောင် ၁၄/မမန(နိုင်)၀၀၅၀၂၂၏ သား မောင်မြင့်မြတ်ထူးအား မောင်မိုးလွင်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်မိုးလွင်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

လယ်ဝေးမြို့နယ်၊ သဲကောကြီးကျေးရွာ၊ အခြေခံပညာအထက်တန်းကျောင်း၊ တက္ကသိုလ်ဝင်တန်းသို့တက်ရောက်သူ မောင်မင်းမင်းစံ၏ဖခင် ဦးစိုးမိုးကျော် ၉/ပမန(နိုင်)၂၅၀၂၇၀ နှင့် ဦးဖိုးခွားသည် တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးစိုးမိုးကျော်(ခ)ဦးဖိုးခွား**

## ဖခင်အမည်မှန်

တောင်သာမြို့နယ်၊ ရွာသစ် အထက တက္ကသိုလ်ဝင်တန်းမှ မလပြည့်ဝန်း၏ ဖခင်အမည်မှန်မှာ ဦးဘိုဦး ဖြစ်ပါကြောင်း။

**ဦးဘိုဦး**

## ဖခင်အမည်မှန်

တောင်သာမြို့နယ်၊ ရွာသစ် အထက တက္ကသိုလ်ဝင်တန်းမှ မနုနုယဉ်၏ ဖခင်အမည်မှန်မှာ ဦးအောင်အောင်ဖြစ်ပါကြောင်း။

**ဦးအောင်အောင်**

## ဖခင်အမည်မှန်

တောင်သာမြို့နယ်၊ ဝဲလောင် အထက နဝမတန်းမှ မငြိမ်းငြိမ်းအိ၏ ဖခင်အမည်မှန်မှာ ဦးဝင်းဗိုလ်ဖြစ်ပါကြောင်း။

**ဦးဝင်းဗိုလ်**

## ဖခင်အမည်မှန်

ဗန်းမော်မြို့၊ အထက(ခွဲ)အလက(၄) မှ အဋ္ဌမတန်းအောင်မြင်သူ မောင်အောင်ဇော်ဇော်ထွန်း၏ ဖခင်အမည်မှန်မှာ ဦးမြင့်ဇော် ၁၃/မဘန(နိုင်)၀၂၁၄၅၈ ဖြစ်ပါကြောင်း။

**ဦးမြင့်ဇော်**

## နိုင်ငံသားစိစစ်ရေးကတ်ပြားအမှန်

မန်စီမြို့နယ်၊ ရီခူးမန်ခံကျေးရွာနေ ဦးဒွဲအောင်၏ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်မှာ ၁/မစန(နိုင်)၀၂၂၁၉၂ ဖြစ်ပါကြောင်း။

**ဦးဒွဲအောင်**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရွှေဘိုမြို့၊ အမှတ် (၂) ရပ်ကွက်၊ ဦးတွတ်နီ ၅/ရဘန(နိုင်)၀၁၈၇၂၀-ဒေါ်ခင်ဝင်းကြည် ၅/ရဘန(နိုင်)၀၁၆၃၃၀တို့၏သားကြီး ကိုနေဝင်းအောင် ၅/ရဘန(နိုင်)၁၂၉၂၈၀ သည် မိဘတို့သည်းမခံနိုင်သော အမှားများကို ကျူးလွန်သွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စကိုမဆို လုံးဝတာဝန်မယူပါကြောင်း ကြေညာအပ်ပါသည်။

**ဦးတွတ်နီ-ဒေါ်ခင်ဝင်းကြည်**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်
၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၈၇၁

ဒေါ်ခင်ညိုလတ် **နှင့်** ၁။ မဇင်မာဝင်း
၂။ မတင်ရတနာဝင်း
၃။ မခင်ဝင်း
၄။ ဒေါ်အေးအေးသန်း

**တရားလို** **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံ(ဆိပ်ကမ်း)မြို့နယ်၊ မြတ်မင်္ဂလာလမ်း၊ စစ်တောင်းအိမ်ရာ၊ အမှတ် ၃၇/၃၀၂ ရပ်နေ မတင်ရတနာဝင်း(ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက လိမ်လည်ရယူသွားသော ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀၅၊ မြေကွက်အမှတ် ၁၀၂၄/က၊ ဧရိယာပေ(၂၀×၆၀) အကျယ်အဝန်းရှိ မြေချပါမစ်မူရင်းစာရွက်စာတမ်းများ လက်ရောက်ပေးအပ်စေပြီး ကျူးကျော်ခြံစည်းရိုးများအား ဖယ်ရှားကာ မြေကွက်အလွတ်လက်ရောက်ပေးအပ်စေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၇ ခုနှစ် ဇွန် ၆ ရက် (၁၃၇၉ ခုနှစ် နယုန်လဆန်း ၁၂ ရက်) နံနက် ၁၀နာရီတွင် အထက်ကအမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ခုနှစ် မေ ၁၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ပြုံးပြုံးကြည်)**
**ဒုတိယခရိုင်တရားသူကြီး(၁၁)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရခိုင်ပြည်နယ်၊ စစ်တွေခရိုင်၊ စစ်တွေမြို့၊ ပြည်တော်သာရပ်ကွက်၊ ဗိုလ်ကြီးဘိုးသာရွာနေ ဦးမောင်စန်ရွှေ-ဒေါ်ဦးစိန်လှတို့၏သား မောင်ဇော်ဝင်းရွှေ(ခ)ညီပု ၁၁/ဘသတ(နိုင်)၀၁၈၇၂၀ သည် မိဘတို့၏ဆိုဆုံးမမှုကို နာခံလိုက်နာမှုမရှိဘဲ မိဘများအပေါ် အရှက်ရ၊ စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲ ဖြစ်စေရန် အကြိမ်ကြိမ်ပြုမူဆောင်ရွက်ခြင်း၊ မိဘပိုင်ပစ္စည်းများအား အကြိမ်ကြိမ်ဖျက်ဆီးကာလိမ်လည်ပြီး မိဘပိုင် PRADO ကားအမှတ် 1I-6543 အား ယူဆောင်ပြီး မိဘများနေအိမ်မှ ၎င်းဆန္ဒအလျောက် ဆင်းသွားသည့်အပြင် မိဘများကို ကိုယ်စိတ်နှစ်ပါးဆင်းရဲအောင် ဆက်လက်ဆောင်ရွက်နေပါသည်။ သို့ပါ၍ ယနေ့ကြေညာပါသည့်ရက်မှစပြီး ဇော်ဝင်းရွှေ(ခ)ညီပုအား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်းနှင့် ဇော်ဝင်းရွှေ(ခ)ညီပုနှင့်ပတ်သက်သည့် ပြဿနာအရှုပ်အရှင်းကိစ္စအဝဝအား မိဘများမှ တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဖခင် - ဦးမောင်စန်ရွှေ ၁၁/ဘသတ(နိုင်)၀၀၉၃၃၈**
**မိခင် - ဒေါ်ဦးစိန်လှ ၁၁/ဘသတ(နိုင်)၀၀၁၈၂၁**

## ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဖိလစ်ပိုင်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့တက်ရောက်

၈၁ ➤ ၅

## MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၄)တွင် အသင်းကြီးအများစု ပွဲကျပ်ကစားရမည်

**သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-ဖိုးသော်ဇင်**

**ရန်ကုန် မေ ၁၉**

၂၀၁၇ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၄)ကို ယခုတစ်ပတ် ဆက်လက်ကျင်းပ မည်ဖြစ်ပြီး ထိပ်ဆုံးမှ ရန်ကုန်အသင်းမှာ အဝေးကွင်း၊ လက်ရှိချန်ပီယံ ရတနာပုံအသင်းမှာ အိမ်ကွင်းပွဲကျပ်များ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ပွဲစဉ်(၁၄) ကို သုံးရက်ကြာကျင်းပမည်ဖြစ်ပြီး မေ ၂၀ ရက်တွင် *စာမျက်နှာ ၈ ကော်လံ ၅* ✻



ရှမ်းယူနိုက်တက်အသင်းက အသစ်ခေါ်ယူထားသည့် တောင်ကိုရီးယား တိုက်စစ်မှူးဟန်ကူဂျင်



## ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆီသို့....

ရခိုင်ပြည်နယ်၏ စီးပွားရေးကဏ္ဍ

အချပ်ပို (က၊ခ၊ဂ၊ဃ)

# စပါးတို့ လက်စတာကို ဂိုးပြတ်သွင်းအနိုင်ယူ ဟယ်ရီကိန်းတစ်ဦးတည်း လေးဂိုးသွင်း



လက်စတာအသင်းနှင့်ကစားသည့်ပွဲမှ ဘောလုံးကို အမှတ်တရ သိမ်းယူသည့် စပါးတိုက်စစ်မှူး ဟယ်ရီကိန်း

**အင်္ဂလန်ပရီမီယာလိဂ် ပွဲကျန်ပွဲစဉ်တစ်ပွဲဖြစ်သော လက်စတာနှင့် စပါးပွဲစဉ်ကို မေ ၁၉ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ စပါးအသင်းက အဝေးကွင်း၌ ခြောက်ဂိုး-တစ်ဂိုးဖြင့် ဂိုးပြတ် အနိုင်ရရှိခဲ့သည်။**

စပါးအတွက်အနိုင်ဂိုးများကို ဟယ်ရီကိန်းနှင့် ဆွန်ဟောင်မင်တို့ နှစ်ဦးတည်း သွင်းယူခဲ့သည်။ ပွဲစဉ် ၂၅ မိနစ်၊ ၆၃ မိနစ် (**အောက်ပုံ**)၊ ၈၈ မိနစ်နှင့် မိနစ် ၉၀ တို့တွင် ဟယ်ရီကိန်းက တစ်ဦးတည်းသွင်းယူခဲ့ပြီး ၃၆ မိနစ်နှင့် ၇၁ မိနစ်တွင် ဆွန်ဟောင်မင်က သွင်းယူခဲ့ခြင်းဖြစ်သည်။ လက်စတာအသင်းအတွက် တစ်လုံးတည်းသော ချေပဂိုးကို ဒုတိယပိုင်း ၅၉ မိနစ်တွင် ဘန်ချီဝဲလ်က သွင်းယူခဲ့သည်။



ယင်းပွဲမကန်မီ ဟယ်ရီကိန်းသည် ပရီမီယာလိဂ်သွင်းဂိုး ၂၂ ဂိုးသာရှိပြီး ၎င်းအထက်တွင် ဆန်ချက်ဇ် ၂၃ ဂိုးနှင့် လူကာကူက ၂၄ ဂိုးဖြင့် ဦးဆောင်နေသည်။ ပရီမီယာလိဂ်ပွဲစဉ်တစ်ပွဲသာ ကျန်ရှိတော့သည့်အချိန်တွင် ဟယ်ရီကိန်းသည် သွင်းဂိုး ၂၆ ဂိုးဖြင့် ထိပ်ဆုံးမှ ပြန်လည်ဦးဆောင်နေပြီး ရာသီအကုန် ပရီမီယာလိဂ် သွင်းဂိုးအများဆုံးဆုရရှိရန် မျှော်လင့်ချက်ရှိလာခဲ့သည်။

၂၃ နှစ်သာရှိသေးသည့် ဟယ်ရီကိန်းသည် ၂၀၀၉ မှ ၂၀၁၇ အထိ စပါးအသင်းနှင့်အတူ ပရီမီယာလိဂ်သွင်းဂိုး ၇၅ ဂိုး သွင်းယူထားပြီး ဖလားပေါင်းစုံသွင်းဂိုးမှာ ၉၆ ဂိုးအထိ သွင်းယူထားသည်။

ဟယ်ရီကိန်းသည် ယမန်နှစ် ၂၀၁၅-၂၀၁၆ ရာသီတွင် မန်စီးတီးတိုက်စစ်မှူး အဂူရိုထက် တစ်ဂိုးအသာ ၂၅ ဂိုးဖြင့် ဂိုးသွင်း အများဆုံးဆုရရှိခဲ့ပြီး နှစ်နှစ်ဆက်တိုက် သွင်းဂိုးအများဆုံးဆုသည် သေချာသလောက်ရှိနေပြီး ပရီမီယာလိဂ် နောက်ဆုံး ပွဲစဉ်(၃၈)ကို မေ ၂၁ ရက်တွင် တစ်ချိန်တည်း ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

**သီဟ**

# ဧရာဝတီတိုင်းဒေသကြီးရှိ မအူပင်စက်မှုဇုန်အတွက် ဆိုလာစွမ်းအင်ဖြင့် ဓာတ်အားပေးမည်

**သတင်း - မြင့်မောင်စိုး**

**ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)**

**ရန်ကုန် မေ ၁၉**

မကြာမီက ဖွင့်လှစ်နိုင်ခဲ့သော မအူပင်စက်မှုဇုန်အတွက် လိုအပ်သော လျှပ်စစ်ဓာတ်အားကို ဆိုလာစွမ်းအင်ဖြင့် ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း ဧရာဝတီတိုင်းဒေသကြီး အစိုးရထံမှ သိရသည်။



**စီစဉ်ဆောင်ရွက်နေ**

"စက်မှုဇုန်တွေ ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် လျှပ်စစ်ဓာတ်အားက မရှိမဖြစ်လိုအပ်မှာဖြစ်ပါတယ်။ လက်ရှိအချိန်မှာ နိုင်ငံတော်အနေနဲ့ လျှပ်စစ်ဓာတ်အားကို လုံလောက်အောင်ပေးနိုင်မှု မရှိသေးပါဘူး။ ဒီလိုအချိန်မှာ မအူပင် စက်မှုဇုန်အတွက် လိုအပ်တဲ့ လျှပ်စစ်ဓာတ်အားကို ဆိုလာစွမ်းအင်ကနေ ထုတ်ယူပြီး သက်ဆိုင်ရာကုမ္ပဏီတွေက စီစဉ်ဆောင်ရွက်နေပါတယ်"ဟု ဧရာဝတီတိုင်းဒေသကြီး လျှပ်စစ်၊ စွမ်းအင်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးဝင်းမြင့်က ယနေ့နံနက်ပိုင်းတွင် ပုသိမ်မြို့ ပုသိမ်ဟိုတယ်၌ ကျင်းပသော ဝမ်းတိုးကုမ္ပဏီနှင့် မအူပင်စက်မှုဖွံ့ဖြိုးရေးကုမ္ပဏီတို့အကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနားတွင် ပြောသည်။

**ခန့်မှန်းထား**

"ကျွန်တော်တို့ မအူပင်စက်မှုဇုန်အတွက် လိုအပ်တဲ့ လျှပ်စစ်ဓာတ်အားရရှိဖို့ ၃၀ မဂ္ဂါဝပ်နဲ့ စတင်ထုတ်လုပ်သွားမှာဖြစ်ပါတယ်။ ဇူလိုင်လကုန်အတွင်းမှာ လုပ်ငန်းတွေစတင်ဖို့ ခန့်မှန်းထားပြီး တစ်နှစ်အတွင်းမှာ အပြီးဆောင်ရွက်နိုင်ဖို့ ခန့်မှန်းထားပါတယ်" ဟု ဝမ်းတိုး ကုမ္ပဏီဥက္ကဋ္ဌ ဦးကွန်းဇော်ထွန်းက ပြောသည်။ *စာမျက်နှာ ၈ ကော်လံ ၁* ●

SQA
Racer Engineering College
City & Guilds
တက္ကသိုလ်ဝင်တန်း ဖြေဆိုထားသူများနှင့် အင်ဂျင်နီယာပညာ လိုလားသူများအတွက် အခွင့်လမ်းကောင်းများ
Higher National Diploma ( SQA,UK )
City & Guilds Diploma ( UK )
SQA, Ambassador Award
ဆုရှင် ( ၃ ) ဦး မွေးထုတ်ပေးနိုင်ခဲ့သည်။
Architecture
Civil Engineering
Electronics Engineering
No.D-22,23,ရွှေဖြူပလာဇာ၊ ၃၂-၃၃ လမ်းကြား၊ ၇၇-၇၈ လမ်းကြား၊ မန္တလေးမြို့။ ၀၉-၂၀၁၄၄၅၀

# ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆီသို့....



## ရခိုင်ပြည်နယ်၏ စီးပွားရေးအခွင့်အလမ်းများ

မောင်မောင်မြင့်ဆွေ

ရခိုင်ပြည်နယ်သည် သဘာဝသယံဇာတပေါများသည်။ မြစ်ချောင်းအင်းအိုင်များ ရှိပြီး ပင်လယ်ပြင်နှင့်လည်း ထိစပ်နေသည်။ ဆိပ်ကမ်းကောင်းများရှိသကဲ့သို့ လမ်းပန်းဆက်သွယ်ရေးလည်း ကောင်းမွန်အောင် ဆောင်ရွက်လျက်ရှိရာ ပြည်တွင်း ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုများ တိုးတက်လာခဲ့ပြီဖြစ်သည်။

ရခိုင်ပြည်နယ်အတွင်းရှိ ပြည်သူများ၏ စိုက်ပျိုးထုတ်လုပ်သော ကုန်ပစ္စည်းများ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရန် ပြည်တွင်းကူးသန်းရောင်းဝယ်မှုသာမက ပြည်ပနိုင်ငံများနှင့် ဆက်သွယ်၍ ကုန်သွယ်မှုလုပ်ငန်းများ ပိုမိုဆက်သွယ်ဆောင်ရွက်နိုင်စေရန် ရခိုင်ပြည်နယ်အတွင်း ဒေသခံတိုင်းရင်းသားများ၏ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုတိုးတက်ရရှိလာစေရန် လက်ရှိအစိုးရအနေဖြင့် ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှုနှင့် စီးပွားရေးလုပ်ငန်းများ တိုးတက်လာစေရန် အလေးထားဆောင်ရွက်ပေးလျက်ရှိသည်။

### စစ်တွေဆိပ်ကမ်း

စစ်တွေမြို့၌ အိန္ဒိယနိုင်ငံက ရင်းနှီးမြှုပ်နှံမှုဖြင့် တာဝန်ယူ ဆောက်လုပ်နေသည့် စစ်တွေဆိပ်ကမ်းသည် ယခု ၂၀၁၇ ခုနှစ်၌ ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်သည်။ စစ်တွေဆိပ်ကမ်းလုပ်ငန်းများ စတင်လည်ပတ်ပါက စစ်တွေ-ပလက်ဝသို့ ကုန်တန် ချိန် ၃၅၀၀ မှ ၄၀၀၀ အထိ သယ်ယူပို့ဆောင်နိုင်ပြီး စစ်တွေမှ ကိုလ်ကတ္တားသို့ ကုန်တန်ချိန် ၂၀၀၀၀ထိ သယ်ယူပို့ဆောင်နိုင်မည်ဖြစ်သည်။

### ကုလားတန်ဘက်စုံစီမံကိန်း

ကုလားတန်မြစ်ကြောင်း တစ်လျှောက် စစ်တွေမှ ပလက်ဝအထိ သောင်များကိုလည်း တူးထားပြီးဖြစ်ရာ ကုလားတန်ဘက်စုံစီမံကိန်း၏ ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးမှာ ၂၀၁၇ ခုနှစ်၌ စတင်လုပ်ငန်းအကောင်အထည်ဖော်တော့မည် ဖြစ်သည်။

ကုလားတန်ဘက်စုံစီမံကိန်းသည် အိန္ဒိယနိုင်ငံ ပင်လယ်ဆိပ်ကမ်းမြို့ဖြစ်သည့် ကိုလ်ကတ္တားမြို့နှင့် မြန်မာနိုင်ငံရခိုင်ပြည်နယ် စစ်တွေမြို့တို့ကို ပင်လယ်ရေကြောင်းမှတစ်ဆင့် တိုက်ရိုက်ဆက်သွယ်မည်ဖြစ်သည်။

### စစ်တွေမှ မီဇိုရမ်ပြည်နယ်သို့

စစ်တွေမှတစ်ဆင့် အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်ကို ကုလားတန်မြစ်ကြောင်း လမ်းနှင့် မော်တော်ကားလမ်းတို့ကိုအသုံးပြု၍ သယ်ယူပို့ဆောင်ရေးလမ်းကြောင်း ဖွင့်လှစ်သွားမည်ဖြစ်သည်။

ကုလားတန်ဘက်စုံစီမံကိန်းကြောင့် ကိုလ်ကတ္တားမြို့နှင့် စစ်တွေမြို့အကြား ခရီးအကွာအဝေးသည် နဂိုမူလကုန်းကြောင်းလမ်းမှ တစ်ဆင့်ဆက်သွယ်မှုနှင့် နှိုင်းယှဉ်ပါက ၁၃၂၈ ကီလိုမီတာ လျော့နည်းသွားမည်ဖြစ်သည်။ ထို့ကြောင့် မြန်မာနှင့် အိန္ဒိယနှစ်နိုင်ငံအကြား အပြန်အလှန် ကုန်သွယ်မှုတိုးတက်စေမည် ဖြစ်သည်။

### မြန်မာ - အိန္ဒိယ - ထိုင်း သုံးနိုင်ငံဖြတ်ကျော်စီမံကိန်း

ပလက်ဝမှတစ်ဆင့် အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်အထိ မော်တော်ကားလမ်း ဖောက်လုပ်မည်ဖြစ်ရာ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် ကုန်သွယ်မှုတို့အတွက်လည်း များစွာအထောက်အပံ့ဖြစ်စေမည်ဖြစ်သည်။

ကုလားတန် ဘက်စုံစီမံကိန်းကြောင့် အိန္ဒိယနိုင်ငံ မိုရေးမြို့မှ မြန်မာနိုင်ငံ မန္တလေးမြို့နှင့် ရန်ကုန်မြို့တို့ကိုဖြတ်၍ ထိုင်းနိုင်ငံ မဲဆောက်မြို့ကို ဆက်စပ်မည့် သုံးနိုင်ငံဖြတ်ကျော် စီမံကိန်းနှင့် ပေါင်းစပ်ပါက ရခိုင်ပြည်နယ်သည် ပြည်ပရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုများ အရှိန်အဟုန်ဖြင့် တိုးတက်လာမည်ဖြစ်သည်။

### ပုဏ္ဏားကျွန်းစက်မှုဇုန်

စစ်တွေမြို့နှင့် အနီးကပ်ဆုံးမြို့မှာ ပုဏ္ဏားကျွန်းမြို့ဖြစ်သည်။ ကားလမ်းဖြင့် ရာသီမရွေးသွားလာနိုင်သည့်အပြင် မိနစ် ၄၀ ခန့်သာကြာသည်။ ပုဏ္ဏားကျွန်းမြို့တွင် ယခုအခါ စက်မှုဇုန်တည်ဆောက်ရန် လုပ်ငန်းများ စတင်နေပြီဖြစ်သည်။ ပုဏ္ဏားကျွန်း စက်မှုဇုန်သည် ရန်ကုန်-စစ်တွေ ကားလမ်းဘေးတွင် တည်ရှိပြီး မြေဧရိယာ ၁၈၃၃ ဒသမ ၁၅ ဧက ကျယ်ဝန်းသည်ဖြစ်ရာ အရွယ်အစားကြီးမားသည့် စက်မှုဇုန်ဖြစ်သည်။

အချပ်ပို (ခ) သို့

ရခိုင်ပြည်နယ်အတွင်းရှိ ပြည်သူများ၏ စိုက်ပျိုးထုတ်လုပ်သော ကုန်ပစ္စည်းများ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရန် ပြည်တွင်းကူးသန်းရောင်းဝယ်မှုသာမက ပြည်ပနိုင်ငံများနှင့် ဆက်သွယ်၍ ကုန်သွယ်မှုလုပ်ငန်းများ ပိုမိုဆက်သွယ်ဆောင်ရွက်နိုင်စေရန် ရခိုင်ပြည်နယ်အတွင်း ဒေသခံတိုင်းရင်းသားများ၏ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုတိုးတက်ရရှိလာစေရန် လက်ရှိအစိုးရအနေဖြင့် ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှုနှင့် စီးပွားရေးလုပ်ငန်းများ တိုးတက်လာစေရန် အလေးထားဆောင်ရွက်ပေးလျက်ရှိ



ရခိုင်ပြည်နယ်၏ အသက်သွေးကြောဖြစ်သည့် ကုလားတန်မြစ်နှင့် ကစ္ဆပနဒီတံတားကို တွေ့ရစဉ် ဓာတ်ပုံ - တင်မောင်လွင် (မြန်မာ့အလင်း)

အချပ်ပို(က)မှ



ရခိုင်ပြည်နယ်မှ မွေးမြူရေးထွက်ကုန်များကို ပြည်ပသို့တင်ပို့ရောင်းချသလို ပြည်တွင်းသို့လည်း ဖြန့်ဖြူးရောင်းချသည်

**စီးပွားရေးလုပ်ငန်းမျိုးစုံပါဝင်**

ပုဏ္ဏားကျွန်းစက်မှုဇုန်အတွင်း စီးပွားရေးလုပ်ငန်းမျိုးစုံပါဝင်ပြီး စက်ရုံ၊ အလုပ်ရုံများလည်း ပါဝင်မည်ဖြစ်သည်။

အထည်အလိပ်စက်ရုံ၊ အထည်ချုပ်စက်ရုံ၊ လျှပ်စစ်ပစ္စည်းစက်ရုံ၊ လူမှုဘဝအခြေခံအသုံးအဆောင်ထုတ်လုပ်သည့် စက်ရုံများအပြင် ပြည်တွင်း၊ ပြည်ပမှ စီးပွားရေးလုပ်ငန်းရှင်များက အပြည့်အဝ လာရောက်ရင်းနှီးမြှုပ်နှံကြရန် စိတ်ဝင်စားလျက်ရှိသည်။

ပုဏ္ဏားကျွန်းစက်မှုဇုန်သည် ကားလမ်း၊ ရထားလမ်းနှင့် နီးကပ်စွာတည်ရှိပြီး ကုလားတန်မြစ်နှင့်လည်း နီးသဖြင့် ရေလမ်းကုန်းလမ်းများမှ ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ရေး အဆင်ပြေသည်ဖြစ်ရာ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာမည့် စက်မှုဇုန်ဖြစ်သည်။

**အလုပ်အကိုင်အခွင့်အလမ်းသစ်များ**

ပုဏ္ဏားကျွန်း စက်မှုဇုန်ကို စက်ယန္တရားများဖြင့် အကောင်အထည်ဖော်နေသဖြင့် တည်ဆောက်ရေးလုပ်ငန်းများပြီးစီးပြီး စက်မှုဇုန်လည်ပတ်ချိန်တွင် ဒေသခံလူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းသစ်များရရှိနိုင်ပြီး အလုပ်လက်မဲ့လျော့ကျစေမည်ဖြစ်သည်။ စက်မှုဇုန်ကြောင့် ပုဏ္ဏားကျွန်းမြို့နှင့် ထိစပ်နေသော မြောက်ဦးမြို့နယ်နှင့် ကျောက်တော်မြို့နယ်တို့သည်လည်း တိုးတက်ဖွံ့ဖြိုးမှုများ ရရှိလာစေမည်ဖြစ်သည်။

**ပုစွန်၊ ကဏန်းမွေးမြူရေး**

ပုဏ္ဏားကျွန်းမြို့အနီး စစ်တွေ-ပုဏ္ဏားကျွန်းကားလမ်းဘေးတွင် ပြည်ပရင်းနှီးမြှုပ်နှံမှုများဖြင့် ပုစွန်မွေးမြူရေးလုပ်ငန်းနှင့် ကဏန်းမွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်လျက်ရှိသည်။

ငါးပုစွန်မွေးမြူရေးလုပ်ငန်းမှာ ရခိုင်ပြည်နယ်တွင် ဖြစ်ထွန်းအောင်မြင်လျက်ရှိရာ ပြည်တွင်းပြည်ပကုမ္ပဏီများ လာရောက်လုပ်ကိုင်လျက်ရှိသည်။ မွေးမြူရေးထွက်ကုန်များကို ပြည်ပသို့တင်ပို့ရောင်းချပြီး ပြည်တွင်းသို့လည်း ဖြန့်ဖြူးကြသည်။ ကျောက်ဖြူတွင် ကဏန်းမွေးမြူရေးလုပ်ငန်းကို ပြည်ပရင်းနှီးမြှုပ်နှံမှုဖြင့် လာရောက်လုပ်ကိုင်လျက်ရှိရာ ဒေသခံလူငယ်များ အလုပ်အကိုင်ရရှိလျက်ရှိသည်။

**ရေငန်ကျားပုစွန်**

ရခိုင်ပြည်နယ်တွင် လက်ရှိအချိန်၌ ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သည့် ဦးရေမှာ ၉၆၃၅ ဦးရှိပြီး မွေးမြူသည့်ဧရိယာအကျယ်အဝန်းမှာ ၁၅၆၅၃၈ ဒသမ ၆၄ ဧကရှိသည်။ ပုစွန်မွေးမြူကေ အများဆုံးဖြစ်ပြီး ရေငန်ကျားပုစွန်ကို အများဆုံးမွေးမြူကြသည်။

ထိုသို့မွေးမြူရာတွင် မြန်မာနိုင်ငံ၏ ရေနေသတ္တဝါမွေးမြူရေးကဏ္ဍ ရေရှည်ဖွံ့ဖြိုးရေးအစီအစဉ် (MYSAP) စီမံကိန်းကို EU-GIZ နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ၂၀၁၆ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ နည်းပညာပူးပေါင်းဆောင်ရွက်မှု ငွေကြေးထောက်ပံ့ရယူမှုတို့ဖြင့် ဆောင်ရွက်ရန် စီစဉ်လျက်ရှိသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးဇုန်များ**

ကျောက်တော်မြို့နယ်တွင်လည်း စိုက်ပျိုးရေးဇုန်၊ မွေးမြူရေးဇုန်များ အကောင်အထည်ဖော်ရန် အစီအစဉ်ရှိနေသည်။ ကျောက်တော်မြို့နယ်၏ ပထဝီအနေအထားမှာ မြေပြန့်လွင်ပြင်များရှိပြီး စိုက်ပျိုးမြေကောင်းမွန်ကာ ကစ္ဆပနဒီမြစ်ကလည်း စီးဆင်းနေသဖြင့် ရေ၊ မြေ၊ ရာသီဥတု ကောင်းမွန်သည်။

ပြည်တွင်း ပြည်ပ စီးပွားရေးလုပ်ငန်းရှင်များက မြေကေအရွယ်အစားကြီးမားသော စိုက်ပျိုးခင်းများ ပါဝင်သည့် စိုက်ပျိုးဇုန်နှင့် ပြည်တွင်း ပြည်ပဈေးကွက်များ အဓိကတင်ပို့နိုင်သော အသား၊ ငါး၊ နို့နှင့် ဥများထုတ်လုပ်နိုင်သည့် မွေးမြူရေးဇုန်ကြီး ထူထောင်ရန် ရင်းနှီးမြှုပ်နှံမှုပြုလုပ်နိုင်ရေး စိတ်ဝင်စားလျက်ရှိသည်။

ကျောက်တော်မြို့နယ်တွင် စိုက်ပျိုးရေးဇုန်နှင့် မွေးမြူရေးဇုန်များ အကောင်အထည်ဖော်နိုင်ပါက ဒေသခံလူငယ်များ အလုပ်အကိုင်အခွင့်အလမ်းများစွာ ပေါ်ထွက်လာပြီး ဒေသဖွံ့ဖြိုးတိုးတက်မှုကို ကြီးမားစွာအထောက်အကူပြုနိုင်မည်ဖြစ်သည်။

**စိုက်ပျိုးရေးသိပ္ပံ (ကျောက်တော်)**

စိုက်ပျိုးရေးသိပ္ပံ(ကျောက်တော်)မှ ကျောင်းပြီးသွားသည့် လူငယ်များအတွက် မိမိတို့တတ်ကျွမ်းသည့်ပညာဖြင့် ထိရောက်စွာအသုံးပြုကာ ဒေသအကျိုးနှင့် ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီဆောင်ရွက်ပေးနိုင်မည်ဖြစ်သည်။

ကျောက်တော်စိုက်ပျိုးရေးဇုန်နှင့် မွေးမြူရေးဇုန်များ ဖော်ဆောင်နိုင်ရေးအတွက် မြေပြင်ကွင်းဆင်းစစ်ဆေးမှုများ ဆောင်ရွက်ထားပြီးဖြစ်သည်။ လက်တွေ့အကောင်အထည်ဖော်နိုင်ရန် ကြိုးစားဆောင်ရွက်လျက်ရှိရာ အောင်မြင်လျှင် စီးပွားဖြစ်စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ထွန်းကားလာပြီး ရခိုင်ပြည်နယ်၏ စီးပွားရေးကို တစ်ဖက်တစ်လမ်းမှ မြှင့်တင်ပေးမည်ဖြစ်သည်။

**ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့် ရေနက်ဆိပ်ကမ်းစီမံကိန်း**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်အတွင်း ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့် ကျောက်ဖြူရေနက်ဆိပ်ကမ်းစီမံကိန်းများ ဆောင်ရွက်နေသည်။ ကျောက်ဖြူအထူးစီးပွားရေးဇုန်ကို ကျောက်ဖြူမြို့နယ် သိုင်းချောင်းလမ်းဆုံအနီးဝန်းကျင်တွင် အကောင်အထည်ဖော်မည်ဖြစ်သည်။

ယခုအခါ မြေပြင်လုပ်ငန်းများ စတင်ဆောင်ရွက်နေပြီဖြစ်ရာ အထူးစီးပွားရေးဇုန်ကြောင့် ရခိုင်ပြည်နယ်တွင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုများမြင့်တက်လာပြီး စီးပွားရေးလည်း အရှိန်အဟုန်ဖြင့် တိုးတက်လာမည်ဖြစ်သည်။

ကျောက်ဖြူအထူးစီးပွားရေးဇုန်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံကိန်းတင်ဒါအောင်မြင်ထားသော CITIC Group နှင့် ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီသို့ လုပ်ငန်းများအကောင်အထည်ဖော်ရန် ဆွေးနွေးလျက်ရှိရာ မကြာမီကာလအတွင်း စီမံကိန်းလုပ်ငန်းများ စတင်ဆောင်ရွက်သွားမည်ဖြစ်သည်။

**ဒေသခံပြည်သူ နှစ်သိန်းခန့်ကို အလုပ်အကိုင် ပေးနိုင်မည့် ကျောက်ဖြူအထူးစီးပွားရေးဇုန်**

ကျောက်ဖြူ အထူးစီးပွားရေးဇုန်လုပ်ငန်းများ အကောင်အထည်ဖော်ပါက ဒေသခံပြည်သူ ၂၀၀၀၀၀ ခန့်ကို အလုပ်အကိုင်များ ပေးစွမ်းနိုင်မည်ဖြစ်သည်။ ရခိုင်ပြည်နယ်၏ ကုန်သွယ်မှုနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများလည်း တိုးတက်လာမည်ဖြစ်ရာ အမြန်ဆုံးအကောင်အထည်ဖော်နိုင်ရေး ကြိုးစားဆောင်ရွက်လျက်ရှိသည်။

**ဒေသခံလူငယ် တစ်သိန်းခန့်ကို အလုပ်အကိုင်အခွင့်အလမ်း ရရှိစေမည့် ကျောက်ဖြူရေနက်ဆိပ်ကမ်း**

ကျောက်ဖြူမြို့နယ် မဒေးကျွန်းတွင်လည်း ပြည်ပရင်းနှီးမြှုပ်နှံမှုဖြင့် ရေနက်ဆိပ်ကမ်းတည်ဆောက်မှုများ ယခုနှစ်တွင် စတင်မည်ဖြစ်သည်။ စီမံကိန်းပြီးစီးပါက ရခိုင်ပြည်နယ်တစ်ခုလုံးအတွက် ကုန်သွယ်မှုနှင့် စီးပွားရေးတိုးတက်ရန် တွန်းအားတစ်ရပ်ပင်ဖြစ်သည်။ ကျောက်ဖြူရေနက်ဆိပ်ကမ်း စီမံကိန်းပြီးစီးပြီးလုပ်ငန်းများ လည်ပတ်ပါက ဒေသခံလူငယ် ၁၀၀၀၀၀ ခန့်ကို အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေမည်ဖြစ်သည်။

ကျောက်ဖြူ အထူးစီးပွားရေးဇုန်နှင့် ကျောက်ဖြူရေနက်ဆိပ်ကမ်းစီမံကိန်းများသည် ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသော လုပ်ငန်းများဖြစ်ရာ နိုင်ငံတော်အစိုးရအနေဖြင့် အမြန်ဆုံးအကောင်အထည်ဖော်နိုင်ရေး တွန်းအားပေးဆောင်ရွက်လျက်ရှိသည်။

လက်ရှိအစိုးရတစ်နှစ်တာကာလအတွင်း ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့် ရေနက်ဆိပ်ကမ်းစီမံကိန်းများကို လုပ်ငန်းများစတင်နိုင်ရန် တင်ဒါအောင်မြင်ထားသော ကုမ္ပဏီနှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်လျက်ရှိသည်။

**ပြည်တွင်းပြည်ပကုန်သွယ်ရေး**

ရခိုင်ပြည်နယ်သည် ပြည်တွင်းပြည်ပ ကုန်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်တွင်းကုန်သွယ်ရေးဖြင့် မြန်မာနိုင်ငံတစ်ဝန်း ကားလမ်းဖြင့် ချိတ်ဆက်ဆောင်ရွက်ကာ နေ့ညမရွေး ကုန်စည်စီးဆင်းမှု အရှိန်မပျက်အောင် ဆောင်ရွက်နိုင်လျက်ရှိသည်။

ပြည်ပကုန်သွယ်ရေးအနေဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ကုန်သွယ်လျက်ရှိသည်။ နှစ်နိုင်ငံကုန်သွယ်ရေး တိုးတက်ကောင်းမွန်စေရန် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

အချပ်ပို(ဂ)သို့



ရခိုင်ပြည်နယ်၌ အထူးစီးပွားရေးဇုန်နှင့် ရေနက်ဆိပ်ကမ်းများ တည်ဆောက်ပြီး စီးပွားရေးတိုးတက်အောင် ဖော်ဆောင်နေသည်

အချပ်ပို(ခ)မှ

ကုန်သွယ်မှုဟန်ချက်ညီစေရန် ရခိုင်ပြည်နယ်မှ ထွက်ကုန်များဖြစ်သည့် စိုက်ပျိုးရေးထွက်ကုန်နှင့် ငါးအစို၊ ငါးခြောက်များအပါအဝင် အခြားစားသုံးထွက်ကုန်များကိုလည်း ပိုမိုတင်ပို့နိုင်ရန်လည်း ကြိုးစားဆောင်ရွက်လျက်ရှိသည်။

**ကုန်သွယ်မှုပမာဏ**

နယ်နိမိတ်ဆက်စပ်နေသော ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် နှစ်နိုင်ငံ ကုန်သွယ်မှု ပမာဏကိုကြည့်လျှင် ၂၀၁၆-၂၀၁၇ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂ ဒသမ ၉၆၉ သန်း ဆောင်ရွက်နိုင်ခဲ့ပြီး ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလတွင် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၀ ဒသမ ၈၇၂ သန်း ဆောင်ရွက်နိုင်ခဲ့သည်။

**အမေရိကန်ဒေါ်လာ သုံးသန်းကျော် ရေထွက်ကုန်များတင်ပို့**

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် မောင်တောကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ အများဆုံးတင်ပို့သည့် ကုန်ပစ္စည်းများမှာ ငါးခြောက်မျိုးစုံ၊ ရေငန်ပုစွန်နှင့် ငါးအစိုတို့ဖြစ်ပြီး တန်ချိန် စုစုပေါင်း ၃၅၃၉ ဒသမ ၁၈၀ တန်၊ အမေရိကန်ဒေါ်လာ ၃ ဒသမ ၉၄၆ သန်း တင်ပို့နိုင်ခဲ့သည်။

**စစ်တွေကုန်သွယ်ရေးစခန်း**

စစ်တွေကုန်သွယ်ရေးစခန်းမှလည်း ငါးအစိုနှင့် ငါးခြောက် စုစုပေါင်း တန်ချိန် ၂၁၀၁ ဒသမ ၅၀ တန်၊ အမေရိကန်ဒေါ်လာ ၂ ဒသမ ၂၇၈ သန်း တင်ပို့နိုင်ခဲ့ရာ မောင်တောနှင့် စစ်တွေနယ်စပ် ကုန်သွယ်ရေးတို့မှ စုစုပေါင်း ငါးအစို၊ ငါးခြောက်တင်ပို့မှု တန်ချိန် ၅၆၄၀ ဒသမ ၆၈ တန် အမေရိကန်ဒေါ်လာ ၆ ဒသမ ၂၂၄ သန်းဖိုး တင်ပို့နိုင်ခဲ့သည်။

**မင်းဂံဆိပ်ကမ်း**

စစ်တွေကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ကုန်သွယ်မှုပြုလုပ်ရာတွင် မင်းဂံဆိပ်ကမ်းနှင့် ဆတ်ရိုးကျချောင်းမှ ကုန်ပစ္စည်းတင်ပို့တင်သွင်းမှုများ ပြုလုပ်ခြင်းဖြစ်သည်။ စစ်တွေကုန်သွယ်ရေးစခန်း မင်းဂံဆိပ်ကမ်းသည် ကုန်ပစ္စည်းများထားရှိရန်နှင့် ကုန်တင်ရေယာဉ်များဆိုက်ကပ်ရန် အဆင်ပြေရာ ကုန်သွယ်မှုဆောင်ရွက်ရာတွင် လွယ်ကူချောမွေ့သည်။

**မောင်တောကုန်သွယ်ရေးစခန်း**

နံ့စားပြောင်းကိုလည်း မောင်တောကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့နိုင်ခဲ့သည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ဘိလပ်မြေ၊ လက်နှိပ်တုံကင်၊ အဝတ်အထည်နှင့် ပလတ်စတစ်ပစ္စည်းများ တင်သွင်းခဲ့သည်။

ရခိုင်ပြည်နယ်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့ ကုန်သွယ်မှုဆောင်ရွက်ရာတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မတ် ၁၃ ရက်အထိ စစ်တွေကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၄ ဒသမ ၃၅၂ သန်းဖိုး ဆောင်ရွက်နိုင်ခဲ့ပြီး တစ်နှစ်တာကာလ လအလိုက် ကုန်သွယ်မှု လျာထားချက်အပေါ် စုစုပေါင်း ပျမ်းမျှ ၅၄ ဒသမ ၃၉၆ ရာခိုင်နှုန်း တင်ပို့ဆောင်ရွက်နိုင်ခဲ့သည်။



စစ်တွေမြို့ပတ်လမ်း ဖောက်လုပ်ပြီးစီးမှု အခြေအနေကို တွေ့ရစဉ်

မောင်တောကုန်သွယ်ရေးစခန်းမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မတ် ၁၃ ရက်အထိ လအလိုက် လျာထားချက်ကုန်သွယ်မှုအပေါ် ၆၆ ဒသမ ၅၄၂ ရာခိုင်နှုန်း တင်ပို့ဆောင်ရွက်နိုင်ခဲ့သည်။

မောင်တောကုန်သွယ်ရေးစခန်း၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ကုန်သွယ်မှု ပို့ကုန်သွင်းကုန်ထက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပို့ကုန်သွင်းကုန်က ၀ ဒသမ ၂၇၁ ရာခိုင်နှုန်း ပိုမိုခဲ့သည်။

**သဇင်မြေကုန်သွယ်မှု ဗဟိုဌာန**

ရခိုင်ပြည်နယ်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုရန်အတွက် နိုင်ငံတကာမှ စီးပွားရေးလုပ်ငန်းရှင်များနှင့် ပြည်တွင်းမှ လုပ်ငန်းရှင်များ ချိတ်ဆက်၍ သတင်းအချက်အလက်များ ဖြန့်ဝေပေးရန်နှင့် ကုန်သွယ်မှုမြှင့်တင်နိုင်ရန် ရည်ရွယ်ပြီး သဇင်မြေကုန်သွယ်မှု ဗဟိုဌာနကို စစ်တွေမြို့၌ ၈-၈-၂၀၁၆ ရက်နေ့တွင် ဖွင့်လှစ်ပေးခဲ့သည်။

**စီးပွားရေးနှင့် ကုန်သွယ်မှုဆိုင်ရာ**
**သတင်းအချက်အလက်များ မေးမြန်းစုံစမ်းနိုင်**

သဇင်မြေကုန်သွယ်မှုဗဟိုဌာနသည် စီးပွားရေးနှင့် ကုန်သွယ်မှုဆိုင်ရာ သတင်းအချက်အလက်များ မေးမြန်းစုံစမ်းမှုများကို ဖြေကြားပေးခြင်း၊ စီးပွားရေးနှင့်ကုန်သွယ်မှုဆိုင်ရာ ဆွေးနွေးတိုင်ပင်နိုင်ရန် စီစဉ်ပေးခြင်း၊ စီးပွားရေးပညာပေး ဆွေးနွေးပွဲများ စီစဉ်ပေးခြင်း၊ စီးပွားရေးတွေ့ဆုံညှိနှိုင်းပွဲများ စီစဉ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။

သဇင်မြေကုန်သွယ်မှုဗဟိုဌာန ထူထောင်ပေးခြင်းဖြင့် ပြည်တွင်းပြည်ပ စီးပွားရေးလုပ်ငန်းရှင်များနှင့် ရခိုင်ပြည်နယ်ရှိ စီးပွားရေးလုပ်ငန်းရှင်များ အလုပ်သဘောအရ တွေ့ဆုံဆွေးနွေးမှုများရှိလာခဲ့ပြီး ရခိုင်ပြည်နယ်တွင် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ လာရောက်ဆောင်ရွက်နိုင်ရန် တွန်းအားပေးနိုင်ခဲ့သည်။ တချို့ စီးပွားရေးလုပ်ငန်းရှင်များက ရခိုင်ပြည်နယ်တွင် စီးပွားရေးလုပ်ငန်းများဆောင်ရွက်ရန် စတင်နေကြပြီဖြစ်သည်။

**ဟိုတယ်၊ စွမ်းအင်နှင့်သတ္တုလုပ်ငန်းများတွင်**
**ရင်းနှီးရန်စိတ်ဝင်စားနေ**

ပြည်ပစီးပွားရေးလုပ်ငန်းရှင်များနှင့် ကုမ္ပဏီများအနေဖြင့်လည်း ရခိုင်ပြည်နယ်တွင် ဟိုတယ်လုပ်ငန်း၊ စွမ်းအင်လုပ်ငန်းနှင့် သတ္တုလုပ်ငန်းများ၌ ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရန် စိတ်ဝင်စားစွာ ဆွေးနွေးနေကြပြီဖြစ်သည်။

**ကညင်ချောင်းကုန်သွယ်ရေးဇုန်**

ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဖြစ်ထွန်းအောင်မြင်စေရန် စီးပွားရေးဇုန်နှင့် ကုန်သွယ်ရေးဇုန်များက အရေးပါလျက်ရှိရာ ကညင်ချောင်းကုန်သွယ်ရေးဇုန်ကို အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။ ယခုအစိုးရလက်ထက်တွင် မောင်တောခရိုင်အတွင်း တည်ရှိသည့် ကညင်ချောင်းကုန်သွယ်ရေးဇုန်ကို အရှိန်အဟုန်မပျက် တည်ဆောက်နိုင်ရန် တွန်းအားပေးလျက်ရှိသည်။

**အဆင့်မြင့်ဈေးတည်ဆောက်ရေးလုပ်ငန်း**

မောင်တောခရိုင် ကညင်ချောင်းဒေသတွင် ကညင်ချောင်းကုန်သွယ်ရေးဇုန်နှင့် အဆင့်မြင့်ဈေးတည်ဆောက်ရေးလုပ်ငန်းများကို ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးခဲ့ရာ မောင်တောကုန်သွယ်ရေးဇုန်တွင် အအေးခန်းစက်ရုံ၊ ကုန်သိုလှောင်ရုံ၊ စက်သုံးဆီဆိုင်၊ တည်းခိုခန်း၊ စားသောက်ဆိုင်စသည့် အဆောက်အအုံများကို တည်ဆောက်လျက်ရှိရာ အချို့အဆောက်အအုံများ ပြီးစီးနေပြီဖြစ်သည်။

**ကွန်ကရစ်ဆိပ်ခံတံတား နှစ်စင်း**

ကညင်ချောင်းကုန်သွယ်ရေးဇုန်တွင် လုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ကွန်ကရစ်ဆိပ်ခံတံတားနှစ်စင်းမှာ ရာနှုန်းပြည့်ပြီးစီးနေပြီး ကျပ် ၁၆ ဒသမ ၄၄ သန်း အကုန်အကျခံတည်ဆောက်ထားသည့် အရှည်ပေ ၄၂၀ ရှိသောမြေသားချင်းကပ်လမ်းမှာလည်း အချောသပ်လုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်သည်။

ကညင်ချောင်းစီးပွားရေးဇုန်တွင် ကုန်စည်သိုလှောင်ရုံနှင့် အရောင်းပြခန်းများမှာ တည်ဆောက်မှုများပြီးစီးနေပြီဖြစ်သည်။ ကညင်ချောင်းကုန်သွယ်ရေးဇုန်ပြီးစီးပါက လုပ်ငန်းများစတင်လည်ပတ်သည်နှင့် မောင်တောခရိုင်၏ စီးပွားရေး၊ ကုန်သွယ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် အောင်မြင်မှုရရှိလာမည်ဖြစ်သည်။

**နယ်စပ်ကုန်သွယ်ရေး**

ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် နယ်စပ်ကုန်သွယ်ရေး ဆောင်ရွက်ရာတွင် စစ်တွေကုန်သွယ်ရေးစခန်းနှင့် မောင်တောကုန်သွယ်ရေးစခန်းတို့မှ အဓိကကုန်သွယ်မှု ပြုလုပ်လျက်ရှိရာ ကုန်သွယ်မှုမြှင့်တင်နိုင်ရေးနှင့် လွယ်ကူချောမောစေရေးအတွက် မြန်မာ-ဘင်္ဂလားဒေ့ရှ် ကုန်သွယ်ရေးပူးတွဲကော်မရှင် အစည်းအဝေးကို မကြာခဏကျင်းပပြီး နှစ်နိုင်ငံကုန်သွယ်ရေးတိုးတက်စေရန် ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် မောင်တောခရိုင် ကညင်ချောင်းကုန်သွယ်ရေးဇုန်နှင့် အဆင့်မြင့်ဈေး တည်ဆောက်ရေးလုပ်ငန်းများကလည်း အပြန်အလှန်ကုန်သွယ်ရေးကို တိုးတက်လာစေရန် အထောက်အကူပေးမည်ဖြစ်သည်။

**ကုန်သွယ်မှုအချက်အလက်များ ဖလှယ်**

ရခိုင်ပြည်နယ်သည် သဘာဝဓာတ်ငွေ့၊ ရေနံ၊ သတ္တု၊ ငါးလုပ်ငန်းနှင့် စိုက်ပျိုးရေးထုတ်ကုန်များထွက်ရှိရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံကလည်း ဝယ်ယူတင်သွင်းရန် လိုလားလျက်ရှိသည်။ ဘင်္ဂလားဒေ့ရှ်ဆိပ်ကမ်းများတွင် ကုန်စည်များ ကုန်တင်ကုန်ချလွယ်ကူစေရန် အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန်လည်း ဆွေးနွေးလျက်ရှိသည်။ နှစ်နိုင်ငံကုန်သွယ်ရေး ကွာဟမှုမရှိစေရန် နှစ်နိုင်ငံကုန်သွယ်မှု အချက်အလက်များ ပုံမှန်ဖလှယ်ရန် ဆောင်ရွက်လျက်ရှိသည်။

**အချပ်ပို (ဃ)သို့**



မောင်တောနယ်စပ်ဂိတ်မှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့မည့် ငါးပုံးများအား အလုပ်သမားများ သယ်ယူနေသည်ကို တွေ့ရစဉ် ဓာတ်ပုံ-စိန်လွင်အောင်(မြန်မာ့အလင်း)

အချပ်ပို(ဂ)မှ

**ကမ်းလွန်သဘာဝဓာတ်ငွေ့သိုက်**

ရခိုင်ပြည်နယ်သည် ကမ်းရိုးတန်းဒေသတစ်ခုဖြစ်ရာ မြန်မာ့ရေပိုင်နက်အတွင်း ကမ်းလွန်သဘာဝဓာတ်ငွေ့သိုက်များ ခိုအောင်းလျက်ရှိသည်။ သဘာဝဓာတ်ငွေ့သိုက်များ ပေါများသည့်အပြင် ကမ်းလွန်ရေနံလုပ်ကွက်များလည်း တည်ရှိနေသဖြင့် သဘာဝဓာတ်ငွေ့နှင့်ရေနံသယံဇာတများသည် ရခိုင်ပြည်နယ်၏ သဘာဝလက်ဆောင်များဖြစ်သည်။

**ပြည်ပကုမ္ပဏီများ လာရောက်ရင်းနှီးမြှုပ်နှံ**

ထိုသဘာဝဓာတ်ငွေ့နှင့် ရေနံများကို ပြည်ပကုမ္ပဏီများက လာရောက် ရင်းနှီးမြှုပ်နှံထုတ်လုပ်လျက်ရှိပြီး လက်ရှိအစိုးရလက်ထက်တွင် ပြင်ပရင်းနှီးမြှုပ်နှံမှုများ ပိုမိုရရှိစေရန် ဖိတ်ခေါ်လျက်ရှိသည်။ လက်ရှိလုပ်ကိုင်နေသော ကုမ္ပဏီများကိုလည်း လုပ်ငန်းအခက်အခဲများ ကူညီဖြေရှင်းပေးလျက်ရှိသည်။

**မာဘယ်ကျောက်ထုတ်လုပ်ရေးလုပ်ငန်း**

ရခိုင်ပြည်နယ်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအရ ခွင့်ပြုမိန့်ဖြင့် ရင်းနှီးမြှုပ်နှံ လုပ်ကိုင်လျက်ရှိသောလုပ်ငန်းများမှာ သတ္တုတူးဖော်ရေးလုပ်ငန်းတွင် Myanmar Simco Song Da Joint Stock Co.,Ltd. က မာဘယ်ကျောက်ထုတ်လုပ်ရေးလုပ်ငန်းအတွက် ရခိုင်ပြည်နယ်နေပူတောင်တွင် အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၁၄၇ သန်းဖြင့် လုပ်ငန်းများ လုပ်ကိုင်လျက်ရှိသည်။

**ရှာဖွေတူးဖော်**

ရခိုင်ပြည်နယ် စွမ်းအင်ကဏ္ဍတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ ခွင့်ပြုထားသော ခွင့်ပြုမိန့်ဖြင့်လုပ်ကိုင်လျက်ရှိသည့် Statoil Myanmar Private Limited & Conoco-phillips Myanmar E&P Pte.Ltd.က ရခိုင်ကမ်းလွန်ဒေသရေနက်ပိုင်းလုပ်ကွက်အမှတ် AD-၁၀ တွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်ထုတ်လုပ်ရေးလုပ်ငန်း အတွက် အမေရိကန်ဒေါ်လာ ၃၂၃ ဒသမ ၆၅၀ သန်းဖြင့် ရင်းနှီးမြှုပ်နှံလုပ်ကိုင်နေသည်။

Woodside Energy (Myanmar) Pte.Ltd. & BG Exploration & Production Myanmar Pte.Ltd. က ရခိုင်ကမ်းလွန်တွင် ရေနံနှင့်သဘာဝဓာတ်ငွေ့တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းအတွက် အမေရိကန်ဒေါ်လာ ၂၉၀ ဒသမ ၁၀၀ သန်း ရင်းနှီးမြှုပ်နှံလုပ်ကိုင်လျက်ရှိသည်။

**အမေရိကန်ဒေါ်လာ သန်းပေါင်း တစ်သောင်းကျော် ရင်းနှီးမြှုပ်နှံ**

ရခိုင်ပြည်နယ်တွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် စွမ်းအင်ကဏ္ဍ၌ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၂၇ ခု၊ သတ္တုတူးဖော်ရေးလုပ်ငန်းတွင် တစ်ခုနှင့် အခြားဝန်ဆောင်မှုကဏ္ဍတွင် လုပ်ငန်းတစ်ခုအပါအဝင် ရင်းနှီးမြှုပ်နှံရန်ခွင့်ပြုခဲ့ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၂၉ ခုတွင် အမေရိကန်ဒေါ်လာ ၁၀၂၅၉ ဒသမ ၄၈၃ သန်းဖြင့် ရင်းနှီးမြှုပ်နှံလုပ်ကိုင်လျက်ရှိသည်။

**ဟိုတယ်ကဏ္ဍ**

၁-၄-၂၀၁၆ ရက်နေ့မှ ၂၀၁၇ ခုနှစ် မတ်လကုန်ထိ ဟိုတယ်နှင့် တည်းခိုရိပ်သာ ငါးလုံးနှင့် အိပ်ခန်းပေါင်း ၁၉၃ ခန်းကို ရင်းနှီးမြှုပ်နှံလုပ်ကိုင်ခွင့်ပေးခဲ့သဖြင့် ရခိုင်ပြည်နယ်တွင် ယခုအခါ ဟိုတယ်နှင့် တည်းခိုရိပ်သာ စုစုပေါင်း ၄၉ လုံးနှင့် အိပ်ခန်းပေါင်း ၁၅၄၀ အထိ တိုးမြှင့်လာခဲ့သည်။

အသစ်ထပ်မံခွင့်ပြုခဲ့သည့် ဟိုတယ်နှင့် တည်းခိုရိပ်သာများမှာ စစ်တွေမြို့တွင် တည်းခိုရိပ်သာ နှစ်လုံးနှင့် အိပ်ခန်း ၃၁ ခန်း၊ ကျောက်ဖြူမြို့တွင် ဟိုတယ်နှင့် တည်းခိုရိပ်သာ သုံးလုံးနှင့် အိပ်ခန်း ၉၃ ခန်း အသစ်ပေါ်ထွက်လာခဲ့သည်။

**ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်**

ရခိုင်ပြည်နယ်တွင် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာမှုကြောင့် မူလလုပ်ငန်းလိုင်စင်ရှိပြီးသား ဟိုတယ်နှင့် တည်းခိုရိပ်သာအချို့ကလည်း အိပ်ခန်းများ တိုးချဲ့လာကြပြီး စစ်တွေမြို့ အိပ်ခန်း ၁၆ ခန်းနှင့် ငပလီမြို့တွင် အိပ်ခန်း ၅၃ ခန်းကိုလည်း တိုးမြှင့်ခွင့်ပြုပေးနိုင်ခဲ့သည်။



ရွှေရေနံနှင့် သဘာဝဓာတ်ငွေ့တူးဖော်ရေးစင်ကို တွေ့ရစဉ်

**ငပလီကမ်းခြေ**

ငပလီကမ်းခြေတွင် ၁-၄-၂၀၁၆ ရက်နေ့မှ ၂၀၁၇ မတ်လကုန်အထိ ဟိုတယ်တစ်လုံးနှင့် အိပ်ခန်း ၁၂ ခန်းပါ အဆင့်မြင့်တည်းခိုရိပ်သာတစ်လုံးအတွက် တည်ဆောက်မှု ခွင့်ပြုပေးခဲ့သည်။

ငပလီကမ်းခြေသည် ကမ္ဘာ့ကျော်ကမ်းခြေတစ်ခုဖြစ်ရာ ပြည်တွင်း ပြည်ပ ကုမ္ပဏီများက ဟိုတယ်များတည်ဆောက်နိုင်ရေး ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် စိတ်ဝင်စားလျက်ရှိသည်။

**အလယ်သံကျော်ကမ်းခြေနှင့် ကျောက်ပန္နူကမ်းခြေ**

ဟိုတယ်လုပ်ငန်းရှင်များက ရခိုင်ပြည်နယ်ရှိ အလယ်သံကျော်ကမ်းခြေနှင့် ကျောက်ပန္နူကမ်းခြေတို့ကိုလည်း အပန်းဖြေကမ်းခြေများအဖြစ် ဖော်ဆောင်ပြီး ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် စိတ်ဝင်စားလျက်ရှိသည်။

ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသတစ်ခုဖြစ်သော မြောက်ဦးဒေသတွင် ခရီးသွားများတိုးတက်လာသည်နှင့်အမျှ ဟိုတယ်လုပ်ငန်းများဖွံ့ဖြိုးလာစေရန် ပြည်တွင်းပြည်ပအဖွဲ့အစည်းများဖြင့် အလုပ်ရုံဆွေးနွေးပွဲပြုလုပ်ခဲ့ရာ ဟိုတယ်တည်ဆောက်နိုင်ရေး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်နိုင်ခဲ့သည်။

ယခုအခါ မြောက်ဦးဒေသတွင် ဟိုတယ်သစ်များ တည်ဆောက်ရန် ပြည်ပကုမ္ပဏီများက စိတ်ဝင်စားလျက်ရှိသည်။

**ဗင်လန်နိုင်ငံနှင့် ဆွီဒင်နိုင်ငံမှ ကုမ္ပဏီများ**

ဗင်လန်နိုင်ငံမှ Ha Nam CMC Co.,Ltd.က ဟိုတယ်ဝန်ဆောင်လုပ်ငန်းများကိုဆောင်ရွက်ရန် အစီအစဉ်ရှိနေပြီး ဆွီဒင်နိုင်ငံမှ Ziba Hotels and Resorts Co.,Ltd. ကလည်း ဟိုတယ်တည်ဆောက်ရေးလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည်ဖြစ်သည်။ နောက်ထပ် ဆွီဒင်နိုင်ငံမှ D n A Hotels and Resorts Co.,Ltd. ကလည်း ဟိုတယ်လုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရန် စီစဉ်နေပြီဖြစ်သည်။

ခရီးသွားလုပ်ငန်း တိုးတက်စေရန် ခရီးစဉ်သစ်များ ထပ်မံဖော်ထုတ်နိုင်ရေး အတွက် ၁-၄-၂၀၁၆ ရက်မှ ၂၀၁၇ မတ်လကုန်အထိ တစ်နှစ်တာကာလအတွင်း ရခိုင်ပြည်နယ်မြောက်ခြမ်းရှိ ရသေ့တောင်မြို့နယ်နှင့် ပေါက်တောမြို့နယ် ရခိုင်ပြည်နယ်တောင်ဘက်ခြမ်းရှိ ဂွမြို့နယ်နှင့် မာန်အောင်မြို့နယ်တို့သို့ ကွင်းဆင်းသုတေသနပြုခဲ့သည်။ ခရီးသွားလုပ်ငန်းတွင် ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံရှင်များ လာရောက်လုပ်ကိုင်နိုင်သည့် အစီအမံများ ရေးဆွဲနိုင်ခဲ့သည်ဖြစ်ရာ ခရီးသွားလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံလုပ်ကိုင်မှုများ တိုးတက်များပြားလာမည်ဖြစ်သည်။

ယခုအခါ ပြည်တွင်းပြည်ပစီးပွားရေး ကုမ္ပဏီများက ဟိုတယ်လုပ်ငန်း ၁၀ ခု၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍတွင် လုပ်ငန်းငါးခု၊ ဆောက်လုပ်ရေးကဏ္ဍတွင် လုပ်ငန်းနှစ်ခု၊ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် လုပ်ငန်းတစ်ခု၊ အခြားကဏ္ဍတွင် လုပ်ငန်းတစ်ခုတို့အပါအဝင် စုစုပေါင်းလုပ်ငန်း ၁၉ ခု၌ ကျပ် ၁၁၁၃၁၁ ဒသမ ၆ သန်း ရင်းနှီးမြှုပ်နှံလုပ်ကိုင်လျက်ရှိသည်။

ရခိုင်ပြည်နယ်တွင် ယခုအစိုးရ၏ တစ်နှစ်တာကာလအတွင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်ရေးဖွံ့ဖြိုးတိုးတက်မှုအပါအဝင် စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုကို ကြည့်လျှင် ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ် ဖေဖော်ဝါရီလအထိ နိုင်ငံခြားကုမ္ပဏီသုံးခုနှင့် မြန်မာကုမ္ပဏီ ၁၃၆ ခုတို့ မှတ်ပုံတင်ပြီး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

**ပြည်တွင်း ကုမ္ပဏီများ**

ပြည်တွင်းကုမ္ပဏီများလည်း ရင်းနှီးမြှုပ်နှံမှုလုပ်ကိုင်ဆောင်ရွက်ရာတွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်က ပြည်တွင်းကုမ္ပဏီ ၁၂၆ ခု ရှိခဲ့သည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်၌ ကုမ္ပဏီပေါင်း ၁၃၆ ခု ရင်းနှီးမြှုပ်နှံလုပ်ကိုင်ခဲ့ရာ ယခင်နှစ်ကထက် ကုမ္ပဏီ ၁၀ ခု တိုးမြှင့်ပါဝင်ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်သည်။

ဘက်စုံစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာပါက ရခိုင်ပြည်နယ်ရှိ ပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်မြင့်မားလာမည်သာမက နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက်လည်း များစွာအထောက်အကူပြုမည်ဖြစ်ပါသည်။



မောင်တောကညင်ချောင်း ကုန်သွယ်ရေးဇုန် ကိုတွေ့ရစဉ် ဓာတ်ပုံ - မင်းထက်